# ကြေးမုံ

*The Mirror Daily*

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


၁၃၇၈ ခုနှစ် နယုန်လပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့၊ 30, Thursday June 2016 (၈၆၀၈)


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကို ဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများ ဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)

# ၂၀၁၇ ခုနှစ်တွင် မြန်မာ-ထိုင်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ဘီလီယံ ၂၀ ထိ တိုးမြှင့်လာစေရေး ဆွေးနွေး



**နေပြည်တော် ဇွန် ၂၉**

နှစ်နိုင်ငံပြည်သူများအနေဖြင့် ကူးလူးဆက်ဆံသွားရောက်၍ အလုပ်လုပ်ကိုင်ကြရာတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရန်လိုအပ်ကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ပြောကြားလိုက်သည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ပရာဝစ်(တ်) ဝုန်ဆူဝန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ် ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ရံဖန်ရံခါတွင် အကြောင်းကြောင်းကြောင့် ဖြစ်ပွားတတ်သည့် ကိစ္စရပ်များကိုမူ နားလည်ပေးရန် မေတ္တာရပ်ခံလိုကြောင်း နိုင်ငံတော်သမ္မတက ဆက်လက်ပြောကြားခဲ့ရာ ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်က ထိုင်းနိုင်ငံတွင် လက်ရှိအချိန်၌ မြန်မာအလုပ်သမား တစ်သန်းကျော်ရှိနေသော်လည်း မှုခင်းဖြစ်ပွားမှု တစ်ရာကျော်ခန့်သာရှိ၍ ပြဿနာဖြစ်ပွားမှု ပမာဏများပြားခြင်းမရှိပါကြောင်း ပြန်လည်ပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနများနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ် ပူးပေါင်း၍ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❒

စာမျက်နှာ ၃ ကော်လံ ၁ သို့

နိုင်ငံတော်သမ္မတအိမ်တော်၌ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ပရာဝစ်(တ်) ဝုန်ဆူဝန်အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# နှစ်နိုင်ငံနယ်နိမိတ်မှာ ပိုင်းခြားခြင်းမဟုတ်ဘဲ ဖွံ့ဖြိုးတိုးတက်မှုများ မျှဝေခံစားရန်ဖြစ်

## နေရပ်ပြန်လိုသည့် မြန်မာ ၁၉၆ ဦးအား ပြန်လည်ခေါ်ယူရန် ဆောလျင်စွာဆောင်ရွက်



နေပြည်တော် ဇွန် ၂၉

**မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုသည် ဒေသတွင်းသာမက နိုင်ငံတကာ မျက်နှာစာတွင်ပါ စံပြချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးမျိုးဖြစ်လာစေရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ပရာဝစ်(တ်) ဝုန်ဆူဝန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံစဉ် ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ထို့ပြင် နှစ်နိုင်ငံနယ်နိမိတ်ဆိုသည်မှာ ပိုင်းခြားထားခြင်းမဟုတ်ဘဲ ဖွံ့ဖြိုးတိုးတက်မှုများကို နှစ်ဦးနှစ်ဖက်အတူတူ မျှဝေခံစားနိုင်ရန် ဖန်တီးပေးထားခြင်းဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဆက်လက်ပြောကြားခဲ့သည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✻

စာမျက်နှာ ၃ ကော်လံ ၁ သို့

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ပရာဝစ်(တ်) ဝုန်ဆူဝန်တို့ တွေ့ဆုံစဉ်။

(သတင်းစဉ်)




## ကြေးမုံ

# မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်

အရာဝတ္ထု(ဒြပ်ရှိပစ္စည်း)အား ပိုင်ရှင်ခွင့်မပြုဘဲ ရယူခြင်းမှာ ခိုးယူခြင်းဖြစ်သည်။ ယင်းမှာ ဥပဒေရှိသဖြင့် ခိုးယူသူတွင် ပြစ်ဒဏ်သင့်၍ ယင်းအမှုကို လူတိုင်းမပြုလုပ်ဝံ့ချေ။ အသိဉာဏ်ပစ္စည်း(ဒြပ်မဲ့ပစ္စည်း)အား ပိုင်ရှင်ခွင့်မပြုဘဲ ရယူခြင်းမှာလည်း ခိုးယူခြင်းဖြစ်သည်။ ယင်းမှာလည်း ဥပဒေရှိသည်။ သို့သော် လူတို့ ပြုလုပ်ဝံ့သည်။

မြန်မာတို့၏ဓလေ့စရိုက်မှာ သည်းခံခွင့်လွှတ်တတ်သည်၊ အလျှော့ပေးတတ်သည်ဆိုခြင်းထက် မိမိ(ဒြပ်ရှိပစ္စည်းမဆုံးရှုံးလျှင်)အလုပ်ရှုပ်မည့်ကိစ္စ၊ ဝန်ထုပ်ဝန်ပိုးဖြစ်မည့်ကိစ္စတို့ကို ရှောင်ဖယ်တတ်ကြသည်။ ထို့ကြောင့် အသိဉာဏ်ပစ္စည်း(ဒြပ်မဲ့ပစ္စည်း)တို့အား ပိုင်ရှင်ခွင့်မပြုဘဲ အလွယ်တကူအသုံးပြုကြသည်။ အမှန်တကယ်တွင် အသိဉာဏ်ပစ္စည်းဆိုသည်မှာ ကိုယ်တိုင်ဉာဏစိုက်ထုတ်၍ အားထုတ်ထားသောအရာဖြစ်၍ ခွင့်မပြုဘဲ ရယူခြင်းကို မလိုလားသလို သူတစ်ပါး ဉာဏပစ္စည်းတို့ကို မယူ(မခိုး)သင့်ချေ။ ယူမိပါက ဥပဒေအရ ပြစ်ဒဏ်ကျရောက်နိုင်သည်။

ယခုအခါ လူတို့လွယ်လွယ်ကူကူခိုးယူနေသောပစ္စည်းများမှာ စာပေလက်ရာ၊ ဇာတ်သဘင်လက်ရာ၊ အနုပညာလက်ရာနှင့် တေးဂီတလက်ရာတို့ဖြစ်သည်။ ယင်းလက်ရာတို့ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ကူးယူဖြန့်ချိမှုပြုလုပ်လျှင် မူပိုင်ခွင့်ဥပဒေနှင့် ငြိစွန်းသည်ကို သတိပြုရမည်ဖြစ်သည်။ ယင်းတို့တွင် တေးဂီတလက်ရာများကို ပြောင်ပြောင်တင်းတင်း ခိုးယူဖြန့်ချိမှုများရှိနေရာ ရှာဖွေဖော်ထုတ်အရေးယူမှုများရှိနေသော်လည်း ဆက်လက်ဖြစ်ပေါ်နေသည်။

ထိုဒြပ်မဲ့ယဉ်ကျေးမှုပစ္စည်းများကို ပြည်ပမှလည်းခိုးယူကြသည်။ ပြည်တွင်းမှလည်း ခိုးယူကြသည်။ တစ်ဦးတည်းပိုင်ပစ္စည်းကို မူပိုင်ခွင့်ဥပဒေဖြင့် ကာယကံရှင်ကိုယ်တိုင် တရားစွဲဆိုနိုင်ပြီး အများပိုင်ပစ္စည်းများကို အစိုးရက တရားစွဲဆိုနိုင်သည်။ မူပိုင်ခွင့်ဥပဒေမှာ မြန်မာနိုင်ငံတွင် မူလကတည်းက ရှိပြီးဖြစ်သည်။ နိုင်ငံတကာဥပဒေတွင်လည်း ရှိပြီးဖြစ်သည်။ သူတစ်ပါးပစ္စည်းအား အလွယ်တကူမယူနိုင်အောင်၊ ကိုယ့်အနုပညာ၊ ကိုယ့်ယဉ်ကျေးမှုကို အလေးထားစောင့်ရှောက်နိုင်အောင် ဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မူပိုင်ခွင့်အက်ဥပဒေကို ၁၉၁၄ ခုနှစ်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး မြန်မာဥပဒေသည် အင်္ဂလိပ်ဥပဒေမှတစ်ဆင့် ဆင်းသက်လာခြင်းဖြစ်သည်။ နိုင်ငံတကာဥပဒေမှာ ဘာလင်အစည်းအဝေး ဘန်းကွန်ဗင်းရှင်းမှ ၁၉၁၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၀၈ ခုနှစ်တွင် ဘန်းကွန်ဗင်းရှင်းနှင့်ဆက်စပ်မှုရှိခဲ့သော်လည်း ၁၉၇၁ ခုနှစ်တွင် ဆက်စပ်မှုမရှိတော့ကြောင်း သိရသည်။ လက်ရှိအချိန်တွင် ခေတ်ကာလများစွာ ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ မူပိုင်ခွင့်ဥပဒေကို ပြောင်းလဲပြင်ဆင်ရေးဆွဲမည်ဟုသိရပြီး ဥပဒေသစ်တွင် ခေတ်အခြေအနေနှင့်လျော်ညီစွာ ပြောင်းလဲပြင်ဆင်သင့်သည်များကို ဝိုင်းဝန်းအကြံပြုသင့်သည်။

ဤနေရာတွင် လူတစ်ဦးချင်းအနေဖြင့် မိမိ၏အသိဉာဏ်ပစ္စည်းကို မသိမသာခိုးယူခြင်းဖြစ်ပါက အငြင်းပွားဖွယ်ဖြစ်တတ်သည်။ သို့ဖြစ်၍ အနုပညာဖန်တီးမှုများကို အမှတ်အသားတစ်မျိုးမျိုး ပြုလုပ်ထားဖို့လိုအပ်သည်။ ယခုကဲ့သို့ တိုးတက်နေသောနည်းပညာခေတ်တွင် ကွန်ပျူတာနည်းပညာဖြင့် ဖန်တီးထုတ်လုပ်ထားမှသာ မူပိုင်ခွင့်အကာအကွယ်ကို ရနိုင်ပေမည်။ သို့မဟုတ်ပါလျှင် ငါ့ဟာ၊ ငါ့မူဟူ၍ အငြင်းပွားဖွယ်ဖြစ်နိုင်ပြီး မူပိုင်ခွင့်က အကာအကွယ်ပေးနိုင်ရန်ခက်လိမ့်မည်ကို သတိပြုသင့်သည်။

မြန်မာနိုင်ငံမှာ အနုပညာယဉ်ကျေးမှုမြင့်မားသောနိုင်ငံဖြစ်၍ မြန်မာနိုင်ငံ၏အနုပညာပစ္စည်းများအား သူတစ်ပါးနိုင်ငံက တုပခြင်း၊ ခိုးယူခြင်းများပြုနိုင်ပေသည်။ မြန်မာ့အနုပညာပစ္စည်းများ ပြည်ပတွင်ကူးယူ၊ ခိုးယူခြင်းများဖြစ်ခဲ့ပါက အတုယူထုတ်လုပ်ရောင်းချသောကုမ္ပဏီကို စုံစမ်းရှာဖွေခြင်း၊ ခွင့်ပြုချက်မရဘဲ ထုတ်လုပ်ခြင်းအတွက် နစ်နာကြေး၊ လျော်ကြေးတောင်းခံခြင်း၊ တရားစွဲဆိုခြင်းတို့ကို သက်ဆိုင်ရာနိုင်ငံတွင် ဆောင်ရွက်ရာ၌ အစိုးရကဆောင်ရွက်နိုင်ရေးသည် အရေးပါသည့်အချက်ဖြစ်သည်။

သို့ဖြစ်ရာ မိမိတို့ခွန်အားစိုက်ထုတ်ထားသော၊ မိမိတို့ အမြတ်တနိုးထိန်းသိမ်းထားသော ယဉ်ကျေးမှုအနုပညာလက်ရာများ၊ အသိဉာဏ်ပစ္စည်းများအား တန်ဖိုးထားမြတ်နိုးသောအားဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း။ ။

# အမရပူရမြို့နယ် တောင်သမန်တွင် ဆောင်ရွက်နေသည့် စီမံကိန်းများမှမြေသယ်ယာဉ်များ အမြန်လမ်းပေါ်ဖြတ်သန်းနေမှုကို ကုမ္ပဏီများမှ တာဝန်ရှိသူများအား အသိပေး



**မန္တလေး ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမန်တွင် ဆောင်ရွက်နေသည့် စီမံကိန်းများမှ မြေသယ်ယာဉ်များ အမြန်လမ်းပေါ်ဖြတ်သန်းနေသည့် ကိစ္စနှင့်ပတ်သက်၍ ကုမ္ပဏီများမှ တာဝန်ရှိသူများအားဖိတ်ကြား၍ အသိပေးပြောကြားခြင်းကို ဇွန် ၂၈ ရက် မွန်းလွဲ ၁ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တောင်သမန် ဒေသတစ်ဝိုက်တွင် ဆောင်ရွက်နေသော တည်ဆောက်ရေးလုပ်ငန်းများအတွက် မြေသယ်ယာဉ်များအနေဖြင့် သတ်မှတ်စည်းကမ်းဥပဒေများကို ချိုးဖောက်နေသဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ရာ နောက်ဆက်တွဲအဖြစ်လုပ်ငန်းများကို တာဝန်ယူထားသည့် ကုမ္ပဏီများကိုပါ ထိခိုက်လိမ့်မည်ဖြစ်ကြောင်း၊ မြေသယ်ယာဉ်များကြောင့် လမ်းသွားလမ်းလာများ၊ ကျောင်းသား ကျောင်းသူများ ထိခိုက်မည့်အန္တရာယ်ကို ကြိုတင်ကာကွယ်ရန် လိုအပ်လာကြောင်း၊ စည်းကမ်းမဲ့၊ ဥပဒေမဲ့လုပ်ရပ်များဖြစ်ပါက လက်မခံနိုင်ကြောင်း မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။

"မြေသယ်ယာဉ်တွေနဲ့ မြေဖို့နေတာလည်း တောင်သမန်အင်းထဲမှာ တွေ့နေပါတယ်။ နောက်ဆက်တွဲ ဘာဖြစ်လာမလဲဆိုတာ မပြောနိုင်တာပါနဲ့။ အရင်က ဒီနေရာတွေဟာ ရေဝပ်တဲ့ ဧရိယာတွေဖြစ်နေတယ်။ ရေကြီးရင် ရေဝင်ပြီး ရွာတွေပြောင်းလာတာလည်း အများကြီးပဲ။ ဒီမြေဖို့လိုက်တဲ့အတွက် တောင်သမန်အင်းထဲကို ရေဝင်တာ နည်းသွားမှာလားဆိုတာကအစ သဘာဝပတ်ဝန်းကျင်က အဖွဲ့တွေ တိုင်ကြတာတွေရှိတယ်။ ဒါကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဌာန၊ တရားဝင်အဖွဲ့တွေရဲ့ စုံစမ်းချက်တွေကို လိုအပ်လာမယ်။ EIA, SIA , HIA ဆိုပြီး တချို့လုပ်နေတာတွေကိုလည်း မသိပါဘူး။ ဘာပဲလုပ်လုပ် အခြေခံကျတဲ့ပြည်သူလူထုဘက်က စဉ်းစားရမှာပါ။ ဥပဒေ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်စေချင်တယ်"ဟု ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

အသိပေးပြောကြားရာသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဥပဒေချုပ်နှင့် အစိုးရအဖွဲ့အတွင်းရေးမှူး၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးများ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူများ၊ လမ်းဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ကုမ္ပဏီများဘက်မှ တောင်သမန်သစ္စာ၊ ချမ်းဟိန်း၊ Same Sky၊ အေးအေးခိုင်၊ တက်လမ်း၊ မန်းအမရ၊ Alpha Leo နှင့် အခြားကုမ္ပဏီတို့မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး ကုမ္ပဏီများမှ တာဝန်ရှိသူများက မိမိတို့၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ တောင်သမန် ပတ်ဝန်းကျင်တွင်မြေဖို့ခြင်း၊ မြေသယ်ယာဉ်လုပ်ငန်းများ၊ တစ်ဆင့်ငှားရမ်းဆောင်ရွက်ခြင်း၊ မြေယာ အသုံးပြုမှုဆိုင်ရာများနှင့်ပတ်သက်၍ အသီးသီးရှင်းလင်းတင်ပြကြသည်။

ကုမ္ပဏီများမှ လုပ်ငန်းများဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ အစိုးရအဖွဲ့ အဖွဲ့အစည်းဝင်များနှင့် ဌာနဆိုင်ရာများကလည်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တည်ဆဲဥပဒေများကိုလေးစားလိုက်နာရေး၊ စာချုပ်ပါအချက်များ၊ ကတိကဝတ်ကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သတ်မှတ်ထားသော စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ ထိခိုက်နိုင်မှုရှိ၊ မရှိ သုံးသပ်ချက်များ၊ ထောက်ခံချက်များ တင်ပြစေရေး၊ မြေသယ်ယာဉ်လုပ်ငန်းရှင်များအနေဖြင့် အုပ်ချုပ်ရေးနည်းလမ်းအရ ဆောင်ရွက်ချက်များကို လိုက်နာရေးနှင့် အမြန်လမ်းများပေါ်တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းအချင်းချင်း အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(အောင်စေပိုင်စေ)**


# ဘီးလင်း၌ အခွန်ဆိုင်ရာသိကောင်းစရာများ ဆွေးနွေး

**ဘီးလင်း ဇွန် ၂၉**

ပြည်တွင်းအခွန်များဦးစီးဌာန၏ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏အခွန်ဆိုင်ရာများ ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၂၅ ရက်က ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးအရာရှိ ဒေါ်စန်းစန်းအေးက ပြင်ဆင်ပြောင်းလဲကောက်ခံသည့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေများဖြစ်သော အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေသိန်းဆုခွန်များ၏ ဥပဒေနှင့် အမျိုးအစားအလိုက် ကောက်ခံသည့်အခွန်နှုန်းထားများကိုလည်းကောင်း၊ အခွန်ထမ်းပြည်သူများက မိမိတို့ပေးဆောင်ရမည့်အခွန်ကို ထမ်းဆောင်ခြင်းဖြင့် နိုင်ငံ့တာဝန်ကျေပွန်ရေး၊ ရရှိလာသည့်အခွန်ဝင်ငွေဖြင့် နိုင်ငံတော်မှ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ခွဲဝေသုံးစွဲမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော အခွန်ထမ်းပြည်သူများ၏ မေးမြန်းချက်များကို မြို့နယ်အခွန်ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**



ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်တွင်းရေးရာ

### ❒ ၂၀၁၇ ခုနှစ်တွင်မှ

နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံရဲတပ်ဖွဲ့များ လေ့ကျင့်သင်ကြားရေး၊ အကြမ်းဖက်နှိမ်နင်းရေး၊ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ နှိမ်နင်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ဒုက္ခသည်စခန်းများမှ ဒုက္ခသည်များအား မူရင်းနေရပ်များသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နှစ်နိုင်ငံအစိုးရအချင်းချင်းပူးပေါင်း၍ မူရင်းနေရပ်များတွင် အခြေအနေကောင်းများ ဖန်တီးပေးနိုင်ရေး၊ မြဝတီနယ်စပ်ချစ်ကြည်ရေးတံတား အမြန်ပြီးစီးအောင် တည်ဆောက်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုပမာဏအား ၂၀၁၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံအထိ တိုးမြှင့်လာစေရေးတို့ကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယ ဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဦးကျော်တင့်ဆွေ၊ ဒေါက်တာ ဖေမြင့်၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဦးဆောင်သည့် အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ပီစနု ဆူဗာ နာဂျတာလည်း တက်ရောက်သည်။

(သတင်းစဉ်)

### ✻ နှစ်နိုင်ငံနယ်နိမိတ်မှ

ဆက်လက်၍ မြန်မာ-ထိုင်း နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများ၏ ချစ်ကြည်ရင်းနှီးကျွမ်းဝင်မှုသည် မောင်နှမရင်းချာ ဆက်ဆံရေးအဆင့်အထိ တိုးမြှင့်လာစေရေး၊ နှစ်နိုင်ငံနယ်နိမိတ်တိုင်းတာရေးကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် နှစ်နိုင်ငံပူးတွဲ နယ်နိမိတ်ကော်မတီအစည်းအဝေးများ မြန်မာနိုင်ငံတွင် အမြန်ဆုံးကျင်းပနိုင်ရေး၊ မြန်မာအလုပ်သမားများအား ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးရေးနှင့် အငြင်းပွားမှု၊ နစ်နာမှုများရှိပါက အမြန်ဆုံးဖြေရှင်းဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံအကျိုး ဖြစ်ထွန်းစေမည့် ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံရဲတပ်ဖွဲ့များအကြား လေ့ကျင့်ရေးဆိုင်ရာ အစီအစဉ်များ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး၊ ထိုင်းနိုင်ငံမှ နေရပ်သို့ ပြန်လိုသည့် လူဦးရေ ၁၉၆ ဦးအား မူရင်းနေရပ်သို့ ပြန်လည်ခေါ်ယူရန် မြန်မာနိုင်ငံ အစိုးရက ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်၍ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ ဆောလျင်စွာဆောင်ရွက်ပြီး ပြန်လည်နေရာချထားရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးသိန်းဆွေနှင့် ဒုတိယဝန်ကြီး ဦးကျော်တင်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဦးဆောင်သည့်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ပီစနု ဆူဗာနာဂျတာလည်း တက်ရောက်သည်။

(သတင်းစဉ်)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့် ဩစတြေးလျနိုင်ငံသို့ ရွေးကောက်ပွဲလေ့လာရန် ထွက်ခွာ

**ရန်ကုန် ဇွန် ၂၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့် ဦးဆောင်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးစိုးရယ်၊ ဦးထွန်းခင်တို့ ပါဝင်သောအဖွဲ့သည် Australian Electoral Commission (AEC)၏ ဖိတ်ကြားချက်အရ ဩစတြေးလျနိုင်ငံတွင် ကျင်းပမည့် ရွေးကောက်ပွဲအား လေ့လာရန်အတွက် ဇွန် ၂၈ ရက် ညနေ ၅ နာရီခွဲတွင် စင်ကာပူလေကြောင်းဖြင့်ထွက်ခွာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## သံအမတ်ကြီး ဦးမျိုးအေးအား ဟန်ဂေရီနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဇွန် ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆားဘီးယားသမ္မတ နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးအေးအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဟန်ဂေရီနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

## ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အီတလီသံအမတ်ကြီးနှင့် စင်ကာပူသံအမတ်ကြီးတို့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး H.E.Mr. Pier Giorgio ALIBERTI အား ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာ ရောဘတ်ချွာအား မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာနဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အီတလီသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် သတင်းနှင့်ပြန်ကြားရေးအခန်းကဏ္ဍ၏ အရေးပါမှုများ၊ UNESCO နှင့် ပူးပေါင်း၍ ယဉ်ကျေးမှုဒေသများနှင့် ရှေးဟောင်း အမွေအနှစ်အဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ဆောင်နေမှုများ၊ ခရီးသွားလုပ်ငန်း၏ အရေးပါမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

စင်ကာပူသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာ-စင်ကာပူ နှစ်နိုင်ငံဆက်ဆံရေး နှစ်(၅၀)ပြည့်အထိမ်းအမှတ်အဖြစ် တေးဂီတဖျော်ဖြေပွဲ ကျင်းပမည့်အစီအစဉ်များ၊ နှစ်နိုင်ငံဂီတဆိုင်ရာ ပူးပေါင်းလုပ်ဆောင်နိုင်မည့် အစီအမံများနှင့် မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သံအမတ်ကြီးနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဩစတြေးလျ သံအမတ်ကြီးH.E.Mr. Nicholas Coppelအား အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ ယနေ့နံနက်ပိုင်းက တွေ့ဆုံပြီး နှစ်နိုင်ငံအကြား သဘာဝဘေး ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ဩစတြေးလျနိုင်ငံမှ ပေးအပ်သည့် ပညာသင်ဆုကိစ္စများ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဩစတြေးလျနိုင်ငံဘက်မှ ကူညီမည့် ဖွံ့ဖြိုးတိုးတက်ရေးအကူအညီများ၊ ကလေးသူငယ် အခွင့်အရေးဆောင်ရွက်နေမှုအခြေအနေနှင့် ကလေးသူငယ်ဥပဒေ ပြင်ဆင်ရေးဆွဲရေး တိုးတက်မှုအခြေအနေများ၊ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် United State Agency for International Development မှ အကြံပေးပုဂ္ဂိုလ် Mr.Don Price အား တွေ့ဆုံပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ဝန်ကြီးဌာန၏ အရေးပေါ် အခြေအနေစီမံခန့်ခွဲမှု ဗဟိုဌာန Emergency Operation Center(EOC) အဆင့်မြှင့်တင်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည်United Nation High Commissioner for Refugees (UNHCR) မှ Representative Mr.Giuseppe Vincentiis ဦးဆောင်သော အဖွဲ့အား တွေ့ဆုံ၍ နေရပ်စွန့်ခွာပြည်သူများအတွက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့် နိုင်ငံခြားသားဝန်ထမ်းများအတွက် ဗီဇာလျှောက်ထားမှုကိစ္စရပ်များ လွယ်ကူ ချောမွေ့စေရေးဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

## မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားသမားမောင်မယ်များအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၉**

(၂၈) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သော အောင်ပွဲရ မြန်မာ့လက်ရွေးစင်ဂျူဒိုအားကစားမောင်မယ်များအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဇွန် ၂၈ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော်ဥတ္တရသီရိမြို့နယ် ဇေယျာဌာနီလမ်းနှင့် သီရိရတနာလမ်းထောင့်ရှိ Western Park Royal Restaurant ၌ ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်အနေဖြင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများမှာ ဆုတံဆိပ်များ မလွတ်တမ်းဆွတ်ခူးနိုင်ခဲ့ကာ အစဉ်အလာကောင်းသော အားကစားအဖွဲ့ချုပ်တစ်ခုဖြစ်ကြောင်း၊ ယခုကျင်းပ ပြီးစီးခဲ့သော (၂၈) ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌လည်း ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် နှစ်ခုဆွတ်ခူးပေးခဲ့ပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ပေးနိုင်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုလိုဆုတံဆိပ်များဆွတ်ခူးရရှိအောင် အဓိကဆောင်ရွက်ပေးခဲ့ကြသော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့်အားကစားမောင်မယ်အားလုံးကိုလည်း ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း၊ ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံ့ဂုဏ်ဆောင်ဂျူဒိုအားကစားမောင်မယ်များကို အထူးမှာကြားလိုသည်မှာ နိုင်ငံအလယ်မှာ အမိမြန်မာနိုင်ငံတော်အလံကို တလူလူလွှင့်ထူနိုင်အောင်အဓိကစွမ်းဆောင်ပေးမည့်သူများမှာ မောင်တို့မယ်တို့ဖြစ်သည့်အတွက် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် အားကစားကိုချစ်မြတ်နိုးသည့်စိတ်ကို အခြေခံပြီး အမိမြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာကို အားကစားဖြင့်မြှင့်တင်နိုင်အောင်အစဉ်သတိပြုဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းအား ဂုဏ်ပြုမှတ်တမ်းလက်မှတ်ကို ပေးအပ်ချီးမြှင့်သည်။**(အပေါ်ယာပုံ)**

ယင်းနောက် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးထွန်းထွန်းက အမှာစကားပြောကြားရာတွင် မိမိတို့အဖွဲ့ချုပ်အနေဖြင့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်များ ဆွတ်ခူးခဲ့ပြီး နိုင်ငံဂုဏ်သိက္ခာကို မြှင့်တင်ပေးခဲ့သော နိုင်ငံဂုဏ်ဆောင်အားကစားမောင်မယ်များ မင်္ဂလာတော်နှင့်အညီ အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း ၊ဂုဏ်ပြုပွဲပြုလုပ်ရန် ဆန္ဒရှိနေသော်လည်း အခြေအနေ အကြောင်းကြောင်းကြောင့် ယနေ့မှဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့မှုများကို အသိအမှတ်ပြုပြီး ဂုဏ်ပြု မှတ်တမ်းချီးမြှင့်ပေးပါသော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ဂျူဒိုအားကစားမြင့်မားစေရေးနှင့် နိုင်ငံတကာပြိုင်ပွဲများ၌ အောင်မြင်မှုရရှိစေရေးတို့အတွက် ဥက္ကဋ္ဌတာဝန်ယူခဲ့သည့် (၁၀)နှစ်ကျော်ကာလအတွင်း အဖွဲ့ချုပ်အနေဖြင့် ငွေကျပ်သိန်းပေါင်း ၅၀၀၀နှင့် အမေရိကန်ဒေါ်လာ ၁၂၀၀၀၀ ကို စိုက်ထုတ်သုံးစွဲခဲ့ကြောင်း၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများမှာ အောင်မြင်မှုရရန်အတွက် ဂျပန်နိုင်ငံရှိ Kodokan ဂျူဒိုသင်တန်းကျောင်းမှ နည်းပြဆရာများ ငှားရမ်းလေ့ကျင့်ခြင်း၊ မြန်မာ့လက်ရွေးစင်ဂျူဒိုကစားသမားများအား ဂျပန်နိုင်ငံသို့ ပူးတွဲလေ့ကျင့်မှု Joint Training များစေလွှတ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် မြန်မာဂျူဒိုကစားသမား၏ အရည်အသွေးတိုးတက်ခဲ့ပြီး အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များ မလွတ်တမ်းဆွတ်ခူးနိုင်ခဲ့သည်ကို အားလုံးတွေ့မြင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်အနေဖြင့် အရှေ့ တောင်အာရှအားကစားပြိုင်ပွဲများသို့ ၁၉၆၅ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သော (၃) ကြိမ်မြောက် ကျွန်းဆွယ်အားကစားပြိုင်ပွဲမှ စတင်ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး ယနေ့အထိ ရွှေတံဆိပ် ၂၅ ခု၊ ငွေတံဆိပ် ၆၅ ခုနှင့် ကြေးတံဆိပ် ၇၃ ခုတို့ ဆွတ်ခူးရရှိခဲ့ပြီး စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သော(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံက ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့ပြီး အောင်မြင်မှုအစဉ်အလာကို ဆက်လက်ထိန်းသိမ်းကာ အမိနိုင်ငံ၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်ခဲ့ပြီး ယခုလိုအောင်မြင်မှုရရှိခဲ့သည်မှာလည်း နိုင်ငံတော်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အဖွဲ့ချုပ်နှင့် အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားတို့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မှုတို့ကြောင့် ဖြစ်သည့်အတွက် အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း စသည်ဖြင့်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရွှေတံဆိပ်ဆုရရှိခဲ့သော မောင်ရန်နိုင်စိုးနှင့် မခင်မျိုးသူတို့အားလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ငွေတံဆိပ်ဆုရရှိသော မောင်ဇင်လင်းအောင်၊ မအေးအေးအောင်နှင့်မဖြိုးရွှေစင်ကျော်တို့အား လည်းကောင်း၊ အဖွဲ့ချုပ် ဥက္ကဋ္ဌဦးထွန်းထွန်းက ကြေးတံဆိပ်ဆုရရှိသူ မောင်ဇော်မျိုးဦး၊ မခင်ခင်စုတို့အားလည်းကောင်း ဆုငွေများ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

# စက်မှုဝန်ကြီးဌာန တစ်နေ့တန်(၅၀၀၀)ကျ ဘိလပ်မြေစက်ရုံဖွင့်

**နေပြည်တော် ဇွန် ၂၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဇွန် ၂၈ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်စက်မှုနယ်မြေရှိ အမှတ်(၃၃) အကြီးစားစက်ရုံ(ကျောက်ဆည်)၌ ကျင်းပသည့် အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းနှင့် Myanmar Conch Cement Co.,Ltd. တို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် တစ်နေ့တန် (၅၀၀၀)ကျ ဘိလပ်မြေစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားရာတွင် စက်မှုဝန်ကြီး ဌာန၏ စက်မှုကဏ္ဍတွင် နိုင်ငံပိုင်ကဏ္ဍလျှော့ချပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်း များဖွံ့ဖြိုးတိုးတက်ရေးသည် တစ်ခုအပါအဝင်ဖြစ်၍ စက်ရုံ၊ အလုပ်ရုံများကို ငှားရမ်းခြင်း(Lease)၊ ဖက်စပ်ဆောင်ရွက်ခြင်း(JV) တို့ကို ဆောင်ရွက်လျက်ရှိ ပါကြောင်း၊ စက်မှုဝန်ကြီးဌာနမှချမှတ်ထားသည့် စက်မှုကဏ္ဍဆိုင်ရာမူဝါဒတွင် "စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရ နှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုကဏ္ဍပိုမိုမြင့်တင်ရေး" ဆိုသည့် မူဝါဒ တစ်ရပ်လည်း ပါဝင်ကြောင်း၊ ထို့ကြောင့် အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ဘိလပ်မြေစက်ရုံများအား ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များကို ဖိတ်ခေါ်ခဲ့ပြီး နိုင်ငံတော်အတွက် ရေရှည်အကျိုးပြုနိုင်မည့် အခြေအနေ၊ နည်းပညာသုံးစွဲမှုနှင့် နည်းပညာလက်ခံရရှိနိုင်မှုအခြေအနေ၊ ဝန်ကြီးဌာနအတွက် အကျိုးအမြတ် ရရှိနိုင်မှုအခြေအနေ၊ ဒေသဖွံ့ဖြိုးမှုဆောင်ရွက်မှုအခြေအနေ၊ သဘာဝပတ်ဝန်းကျင် မထိခိုက်စေရန် ဆောင်ရွက်မှုအခြေအနေ၊ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်မှုအခြေအနေ၊ Partner ၏ ရေရှည်ပူးပေါင်း ဆောင်ရွက်နိုင်မှုအခြေအနေ စသည့်မဟာဗျူဟာ(၇) ရပ်ချမှတ်ဆောင်ရွက်ခဲ့ ပါကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေသုံးစွဲမှုလျော့နည်းလာစေရေးနှင့် တစ်ဖက် ကလည်း စက်မှုအခန်းကဏ္ဍတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပိုမိုတိုးတက်ပါဝင် လာနိုင်စေရေးအတွက် နိုင်ငံတော်၏တည်ဆောက်ရေးစီမံကိန်းကြီးများနှင့် ပြည်တွင်းပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းကြီးများအတွက် လိုအပ်နေသည့် ဘိလပ်မြေအား ပိုမိုဖြည့်ဆည်းပေးနိုင်ရန်အတွက် တစ်နေ့တန်(၅၀၀၀)ကျ ဘိလပ်မြေစက်ရုံကို အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းနှင့် Myanmar Conch Cement Co.,Ltd. တို့ B.O.T စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက် ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုဖွင့်လှစ်သည့် တန်(၅၀၀၀) ကို ဘိလပ်မြေစက်ရုံသည် အမှန်တကယ်စက်စွမ်းအားအရ တစ်ရက်လျှင် ဘိလပ်မြေတန် (၅၅၀၀) ဝန်းကျင်အထိထုတ်လုပ်နိုင်သည့် စက်ရုံဖြစ်ပါကြောင်း၊ တစ်နေ့တန်(၅၀၀၀)ကျ ဘိလပ်မြေစက်ရုံကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုချက်နှင့်အညီ တည်ဆောက်ခဲ့ပြီး ယခုနှစ် ဧပြီ ၁ ရက်မှစပြီး စီးပွားဖြစ်စတင်ထုတ်လုပ်ခဲ့ပါ ကြောင်း၊ ဘိလပ်မြေတံဆိပ်အနေဖြင့် မူလမြင်းခေါင်းတံဆိပ်နှင့် ALPHA တံဆိပ်အသစ်တို့ကို ထုတ်လုပ်ဖြန့်ချိသွားမှာဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန် Ms. Yang Sheng၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်၊ Myint Investment Group Co., Ltd. မှဦးကျော်မိုးနိုင်နှင့် China Chonch Group Co., Ltd.မှ ဒုတိယဥက္ကဋ္ဌ Mr. Wang Gian Chao တို့က စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြ သည်။

ယင်းနောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကောင်စစ်ဝန် Mr. Wang Yu၊ Myint Investment Group Co., Ltd. ဥက္ကဋ္ဌ ဦးအောင်မြင့်၊ China Conch Group Co., Ltd. မှ Mr. Gao Deng Bang တို့က ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းကြပြီး စက်ရုံအတွင်း ဘိလပ်မြေထုတ်လုပ်မှု အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

တစ်နေ့တန် (၅၀၀၀) ကျဘိလပ်မြေစက်ရုံကို Myanmar Conch Cement Co., Ltd. နှင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် စာချုပ်ချုပ်ဆို၍ ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် စီမံကိန်းလုပ်ငန်းများ စတင်အကောင်အထည်ဖော်ခဲ့သည်။ စက်ရုံမှ အရည်အသွေးကောင်းမွန်သည့် ဘိလပ်မြေ တစ်ရက်တန် (၅၀၀၀) နှင့် စွန့်ပစ်အပူမှ လျှပ်စစ်ဓာတ်အား 48 MW ထုတ်လုပ်နိုင်မည်ဖြစ်ပြီး စက်ရုံမှ 33 MW ပြန်လည်သုံးစွဲမည်ဖြစ်၍ မဟာဓာတ်အားလိုင်းသို့ 15MW ပို့လွှတ်နိုင်မည်ဖြစ်သည်။

ထို့ပြင် ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများတွင်လိုအပ်သော အရည် အသွေးကောင်းမွန်သည့် ဘိလပ်မြေများထုတ်လုပ်နိုင်မည်ဖြစ်၍ ပြည်ပ သွင်းကုန်အစားထိုး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**



# ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုး

**လှည်းကူး ဇွန် ၂၉**

ရန်ကုန်မြောက်ပိုင်းခရိုင် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၃၅)စက်မှု လယ်ယာစခန်း ထောက်ကြန့်မြို့မှ ပြည်သူ့အတွက် ပထမ ရက်ပေါင်း ၁၀၀ အကောင်အထည်ဖော်မှုအဖြစ် လှည်းကူးမြို့နယ် ဒါးပိန်(မြောက်)ကျေးရွာ တောင်သူဦးရဲမြင့်၏ လယ်မြေ ဧက ၃၀ တွင် ကောက်စိုက်စက်ဖြင့် စိုက်ပျိုး ခြင်း သရုပ်ပြပွဲကို ဇွန် ၂၈ ရက် နံနက် ၉ နာရီခွဲက ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ စက်မှုလယ်ယာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးဌာန မှူး ဦးသောင်းထိုက်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဝင်းထိုက်က ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းပြောကြားကာ ဧက ၃၀ စိုက်ပျိုးမည့် ဒါးပိန်(မြောက်)ကျေးရွာမှ တောင်သူဦးရဲမြင့်နှင့် ဧက ၂၀ စိုက်ပျိုးမည့် ဒါးပိန်(တောင်)ကျေးရွာမှ တောင်သူဦးအေးထွန်းတို့က ကောက်စိုက်စက်ဖြင့် စိုက်ပျိုးသည့် အတွေ့ အကြုံများမှရရှိသော အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြခဲ့ပြီး လှည်းကူး မြို့နယ်အတွင်း ယခုနှစ်မိုးရာသီတွင် ကောက်စိုက်စက်ဖြင့် ၈၈ ဧက စိုက်ပျိုး သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကျင်းပရာသို့ စက်မှုလယ်ယာဦးစီးဌာနမှ စက်ရုံ၊ အလုပ်ရုံမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး၊ မြောက်ပိုင်းခရိုင် ဦးစီးမှူး၊ လှည်းကူးမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ သင်တန်း သားများနှင့် တောင်သူများ စုစုပေါင်းအင်အား ၁၂၀ ခန့် တက်ရောက်ခဲ့သည်။

**(ဌေးကြိုင်)**

# ဘဏ်လုပ်ငန်းပြောင်းလဲမှုနှင့် တိုးတက်မှုအပေါ် ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၉**

လက်ရှိ မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်း ကဏ္ဍတွင် ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် တိုးတက်မှုများ၊ အသွင်ကူးပြောင်းရေး ဆောင်ရွက်ချက်များအကြောင်း ဘဏ် လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာကဏ္ဍရှိ ကျွမ်းကျင်သူများပါဝင်သော မြန်မာ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ ဆွေးနွေးဖလှယ်ပွဲကို ဇွန် ၂၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဆူးလေ ရှန်ဂရီလာဟိုတယ်၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၀ နိုင်ငံကျော်မှ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာကဏ္ဍများရှိ ကျွမ်းကျင် သူပေါင်း ၂၅၀ ကျော် တက်ရောက်ခဲ့ ပြီး မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်း နှင့် အလားအလာများအကြောင်း၊ ဝန်ဆောင်မှုများ တိုးတက်လာခြင်းနှင့် နည်းပညာများ ပြောင်းလဲတိုးတက်မှု များအပါအဝင် ငွေကြေးနှင့် ဘဏ် လုပ်ငန်းဆိုင်ရာများကို ဇွန် ၂၈ ရက် နှင့် ၂၉ ရက် နှစ်ရက်တာ ဆွေးနွေး ဖလှယ်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲကို Singapore Press Holdings လီမိတက်၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် ဆွေးနွေး ဖလှယ်ပွဲများ စီစဉ်သည့် Sphere Conferences က (၄)ကြိမ်မြောက် မြန်မာဘဏ်လုပ်ငန်းနှင့် ငွေကြေး ဆိုင်ရာဆွေးနွေးဖလှယ်ပွဲ MBFC ၂၀၁၆ ကို ကျင်းပခြင်းဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ၏ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ အကြောင်းအရာများကိုသာ အဓိက ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ဘဏ်လုပ်ငန်း ဆိုင်ရာစည်းမျဉ်းများ ထိန်းချုပ်လုပ် ကိုင်သည့်နယ်ပယ်မှ ဦးဆောင်နေ သူများ၊ ဘဏ်များ၊ ငွေကြေးဆိုင်ရာ လုပ်ငန်းများလုပ်ကိုင်သည့် အဖွဲ့ အစည်းများနှင့် နည်းပညာပိုင်းဆိုင်ရာ ထောက်ပံ့ပေးသည့် အဖွဲ့အစည်းများ မှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးကြ သည်။ ယင်းတွင် ပြည်တွင်းပုဂ္ဂလိက ဘဏ်ပေါင်း ၂၅ ခုကျော်ရှိသည့် အနက် အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေး ဘဏ် (AGD)၊ ဧရာဝတီဘဏ် (AYA)၊ သမဝါယမဘဏ်(CB)၊ ကမ္ဘောဇဘဏ်(KBZ)နှင့် ရိုးမဘဏ် (YOMA)တို့အပြင် နိုင်ငံခြားဘဏ် များဖြစ်သည့် ANZ ဘဏ်၊ Tokyo Mitsubishi ဘဏ်၊ Cathay United ဘဏ်၊ Citi ဘဏ်၊ May ဘဏ်နှင့် Security Bank Corporation ဘဏ်တို့မှ တာဝန်ရှိသူများ တက်ရောက် ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲခြင်းနှင့် ဥပဒေစည်းမျဉ်း သတ်မှတ်ချက်များကို အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် INTERPOLနှင့် အကြီးတန်း ကျွမ်းကျင်ပညာရှင်များက ဆိုက်ဘာ လုံခြုံရေးအခြေအနေနှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရာတွင် မူဘောင်သတ်မှတ် ချက်များနှင့်စပ်လျဉ်းပြီး ၎င်းတို့၏ အတွေ့အကြုံများကို ရှင်းလင်းပြော ကြားခဲ့ပြီး အာရှဖွံ့ဖြိုးရေးဘဏ်အနေ ဖြင့်လည်း ကုန်သွယ်မှုလုပ်ငန်းများ အတွက် အထောက်အပံ့ဖြစ်စေမည့် ငွေကြေးပံ့ပိုးပေးသည့်အစီအစဉ်များ ကို လုပ်ကိုင်သွားရန် ရည်ရွယ်ထား သည်ဟုလည်း သိရသည်။

မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းနှင့် ငွေကြေးကဏ္ဍတွင် တိုးတက်ပြောင်းလဲ မှုများရှိလာပြီး ပြည်တွင်း ပုဂ္ဂလိက ဘဏ်များအနေဖြင့် ဝန်ဆောင်မှုများ မြှင့်တင်ခြင်း၊ နည်းပညာများ အဆင့် မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်လာ ကြပြီး အသေးစားငွေကြေးဝန်ဆောင် မှုလုပ်ငန်းများ ပိုမိုပေါ်ပေါက်လာခြင်း၊ စတော့ရှယ်ယာဈေးကွက် ပေါ်ပေါက် လာခြင်း၊ အစိုးရဘဏ်နှစ်ခုအား အမေရိကမှ ပိတ်ဆို့အရေးယူမှု ဖယ်ရှားလိုက်ခြင်းတို့နှင့်အတူ အလား အလာကောင်းများရှိနေပြီး ယခု ဆွေးနွေးပွဲမှ မြန်မာနိုင်ငံ၏ ဘဏ် လုပ်ငန်းနှင့် ငွေကြေးကဏ္ဍတို့တွင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို လေ့လာဆန်းစစ် သွားမည်ဟု Sphere Conference ဥက္ကဋ္ဌ Mr.Chua Wee Phong က သုံးသပ်သည်။

**(ဝဝ၁)**

# ကျိုက်ထိုမြို့နယ်တွင် အခွန်ဆိုင်ရာများရှင်းလင်း

**ကျိုက်ထို ဇွန် ၂၉**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနမှ ကျိုက်ထို မြို့နယ်ရှိ ပြည်သူများနှင့်လုပ်ငန်းရှင်များ သိရှိနိုင်စေရန်နှင့် ၂၀၁၆ ခုနှစ် အခွန်ကောက်ခံရာတွင် ပြည်ထောင်စုအခွန်အကောက်ဥပဒေကို သိရှိနိုင်စေ ရန်တို့အတွက် အခွန်ဆိုင်ရာရှင်းလင်းပွဲကို ဇွန်လ တတိယပတ်က မြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဆွေက အခွန် ဆိုင်ရာအစည်းအဝေးနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်အခွန် ဦးစီးမှူး ဦးသန်းလှက အခွန်ဆိုင်ရာသိကောင်းစရာများနှင့် တံဆိပ်ခေါင်းခွန် ဥပဒေ၊ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်ကောက်ဥပဒေနှင့် အထူးကုန်စည် ခွန်ဥပဒေဆိုင်ရာများ ရှင်းလင်းပြောကြားသည်။ ထို့နောက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးကုန်သွယ်ခွန်အများဆုံးထမ်းဆောင်ခဲ့သူ ၁၀၀၀ စာရင်းတွင်ပါဝင်ခဲ့သည့် လုပ်ငန်းရှင်များအား မြို့နယ်အခွန်ဦးစီးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(သန်းသန်းမော်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်(ရွှေဈေး) ၈၂၁၀၀၀ - ၈၂၂၀၀၀ မန္တလေး(ရွှေဈေး) ၈၂၁၀၀၀ - ၈၂၂၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၃၀/၅၅၅ ကျပ်၊ | ၅၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၅၀ ကျပ်၊ | ၇၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၆၀/၅၇၀ ကျပ်၊ | ၆၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၇၀/၅၈၀ ကျပ်၊ | ၆၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၅၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၁၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | |
|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၁၈၂. ၀ | | (စ) အိန္ဒိယ | တစ်ရူပီး | = ၁၇. ၄၃၆ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၃၀၈. ၉ | | (ဆ) ဂျပန် | တစ်ရာယန်း | = ၁၁၅၄. ၆ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၇၇. ၈၀ | | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၁. ၁၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၃. ၅၂၂ | | (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၇၃. ၄၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၂၉၀. ၇၄ | | (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၈၇၃. ၀၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း



# ထိုင်းနိုင်ငံရောက်မြန်မာအလုပ်သမားများ၏ အရေးကိစ္စများအား ထိုင်းနိုင်ငံ၏ ဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး ဆွေးနွေး



**နေပြည်တော် ဇွန် ၂၉**
အိမ်နီးချင်းနိုင်ငံဖြစ်သည့် အပြင် ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ၊ မျိုးနွယ်ချင်း တူညီကြသဖြင့် မြန်မာ-ထိုင်း နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်ပြီး နှစ်နိုင်ငံဆက်ဆံရေးတွင် အကောင်းဆုံးအခြေအနေမှာ တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုပင်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားလိုက်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ပရာဝစ်(တ်)ဝုန်ဆူဝန် ဦးဆောင်သောအဖွဲ့အား ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ တွေ့ဆုံစဉ် ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

ဆက်လက်၍တပ်မတော်နှစ်ရပ်ကြား ကြည်း၊ ရေ၊ လေ ကဏ္ဍပေါင်းစုံတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား ဆောင်ရွက်နေသည့် TBC၊ RBC နှင့် HLC အစည်းအဝေး ဆောင်ရွက်နေမှုအခြေအနေများ၊ တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်စေလွှတ်ရေးနှင့် သင်တန်းဆိုင်ရာကိစ္စရပ်များ၊ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်ဖြန့်ဖြူးမှုများကို တူညီသောခြိမ်းခြောက်မှုတစ်ခုအဖြစ် ထိထိရောက်ရောက်တားဆီးနှိမ်နင်းရေး၊ နှစ်နိုင်ငံနယ်နိမိတ်ကိစ္စရပ်များ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန်ဖြစ်စေရေးအတွက် အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ နယ်စပ်ဒေသတွင် နှစ်နိုင်ငံပူးပေါင်းသစ်ပင်စိုက်ပျိုးရေးအား ဒေသတွင်းစံပြု Model တစ်ခုအဖြစ် အောင်မြင်အောင် ကြိုးပမ်းလုပ်ဆောင်ရေး၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ၏အရေးကိစ္စများအား ထိုင်းနိုင်ငံ၏ဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ပရာဝစ်(တ်)ဝုန်ဆူဝန်နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌တွေ့ဆုံပြီး နယ်စပ်ရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံ တပ်မတော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများနှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ တိုက်ပွဲရှောင်ဒုက္ခသည်များအရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

◆

# မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ လွှတ်တော်ဥက္ကဋ္ဌများ၊ ကော်မရှင်နှင့်ကော်မတီဥက္ကဋ္ဌများအား သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၉**
မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီသည် ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် လွှတ်တော်ဥက္ကဋ္ဌများ၊ ကော်မရှင်နှင့် ကော်မတီဥက္ကဋ္ဌများအား သီးခြားစီတွေ့ဆုံခဲ့သည်။

မစ္စယန်ဟီလီသည် ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ယနေ့နံနက် ၉ နာရီတွင် အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ တွေ့ဆုံပြီး လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့် ကော်မတီများ ဖွဲ့စည်းထားရှိမှုအခြေအနေတို့ကို ဆွေးနွေးသည်။

အလားတူ မစ္စယန်ဟီလီသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

ထို့အတူ မစ္စယန်ဟီလီသည် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ယနေ့နံနက် ၁၁ နာရီတွင် ရေးရာကော်မတီဆောင်(၁)၌ တွေ့ဆုံသည်။

အလားတူ မစ္စယန်ဟီလီသည် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးစောနှင့်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာအေးကြွယ်နှင့် အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးနှင့်အဖွဲ့ဝင်များအား ရေးရာကော်မတီဆောင်များ၌ မွန်းလွဲပိုင်းတွင် သီးခြားစီတွေ့ဆုံဆွေးနွေးကြသည်။

**(သတင်းစဉ်)**

❑

## ကျောက်တန်းမြို့နယ်သတင်းစာဆရာအသင်း နှစ်ပတ်လည်စည်းဝေး

**ကျောက်တန်း ဇွန် ၂၉**
ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် သတင်းစာဆရာအသင်း၏ ၂၀၁၅-၂၀၁၆ နှစ်ပတ်လည်အစည်းအဝေးကို ကျောက်တန်းမြို့ အီလက်ထရောနစ်စာကြည့်တိုက်၌ ဇွန် ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ ကျောက်တန်းမြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးထွန်းရင်(မျိုးထွန်းငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးလွင်က အမှာစကားပြောကြားခဲ့သည်။ **အောင်ဆွေ(ရွှေတံတား)**



ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးစော ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာအထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီနှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

## မြန်မာနိုင်ငံဆိုင်ရာရုရှားနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဇွန် ၃၀**
မစ္စတာ နီကိုလိုင်း လစ်တိုပါဒေ့ါဗ်အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ နီကိုလိုင်း လစ်တိုပါဒေ့ါဗ်ကို ၁၉၅၆ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ရုရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန မော်စကိုမြို့ နိုင်ငံတကာဆက်ဆံရေးတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံရှိ ရုရှားသံရုံးတွင် ၁၉၈၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိနှင့် ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၄ ခုနှစ်အထိ လည်းကောင်း၊ နီပေါနိုင်ငံရှိ ရုရှားသံရုံးတွင် ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိလည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့ရှိ ရုရှားကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန အာရှဆိုင်ရာ ဒုတိယဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ နီကိုလိုင်း လစ်တိုပါဒေ့ါဗ်သည် မြန်မာ၊ အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာစကားတို့ကို ကျွမ်းကျင်စွာပြောဆိုနိုင်သည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံဆိုင်ရာဘရာဇီးနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဇွန် ၃၀**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ အန်တိုနီယို ဟိုဆေး မာရီယာ ဒီ ဆိုဇာ အီ ဆစ်လ်ဗာ အား ခန့်အပ်ရန် ဘရာဇီးအစိုးရမှ အဆိုပြုလာခြင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အန်တိုနီယို ဟိုဆေး မာရီယာ ဒီ ဆိုဇာ အီ ဆစ်လ်ဗာသည် ၁၉၅၀ ပြည့်နှစ်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ဥပဒေနှင့်လူမှုရေးသိပ္ပံဘွဲ့ကို ရရှိထားသူဖြစ်သည်။ ၁၉၇၅ ခုနှစ်တွင် ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ဘရာဇီးကောင်စစ်ဝန်ချုပ်ရုံး၊ ပါရာဂွေးသမ္မတနိုင်ငံ အက်စွန်စီယွန်မြို့၊ အာဂျင်တီးနားသမ္မတနိုင်ငံ ဗြူနိုအေးရိစ်မြို့နှင့် ချက်သမ္မတနိုင်ငံ ပရပ်မြို့တို့ရှိ ဘရာဇီးသံရုံးများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ တီမောလက်စတေနိုင်ငံဆိုင်ရာ ဘရာဇီးသံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ မိုဇမ်ဘစ်သမ္မတ နိုင်ငံဆိုင်ရာ ဘရာဇီးသံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၅ ခုနှစ်မှစ၍ လက်ရှိတွင် ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ ရီယိုဒီဂျနဲရိုးမြို့ရှိ ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာနရုံးခွဲ၏ ဒုတိယအကြီးအကဲ (ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်)အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦး ဖြစ်သည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံဆိုင်ရာခရိုအေးရှားနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဇွန် ၃၀**
မစ္စတာ ခရက်ဆို ဂလာဗာ့(ဂ်)အား ကွာလာလမ်ပူမြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ခရိုအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ခရက်ဆို ဂလာဗာ့(ဂ်)ကို ၁၉၇၆ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့က မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၈ ခုနှစ်တွင် တူရကီနိုင်ငံ အန်ကာရာတက္ကသိုလ်၊ TOMER နိုင်ငံခြားဘာသာစကားဌာန၌ တူရကီဘာသာစကားကို လေ့လာသင်ယူခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ခရိုအေးရှားနိုင်ငံ ဇာဂရက်တက္ကသိုလ်မှ ဒဿနိကဗေဒပညာရပ်ဖြင့် ဘွဲ့ရရှိခဲ့သည်။ ၂၀၀၅ ခုနှစ်မှစတင်၍ အစ္စတန်ဘူလ်မြို့၊ အန်ကာရာမြို့၊ ဆာရာဂျေဗိုမြို့တို့ရှိ ခရိုအေးရှားသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့တွင် သံတမန်ရေးရာနှင့် ကောင်စစ်ရေးရာရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ခရိုအေးရှားနိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး၏ အကြံပေးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် နိုင်ငံခြားရေးနှင့် ဥရောပမူဝါဒရေးရာအစိုးရရုံး၏ ညှိနှိုင်းရေးအဖွဲ့အကြီးအကဲအဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ခရိုအေးရှားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်(၁)နှင့် နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး၏ရုံးအဖွဲ့မှူးအဖြစ်လည်းကောင်း တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ မစ္စတာ ခရက်ဆို ဂလာဗာ့(ဂ်)သည် ၂၀၁၆ ခုနှစ်မှစတင်၍ မလေးရှားနိုင်ငံဆိုင်ရာ ခရိုအေးရှားသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

**(သတင်းစဉ်)**

# အိမ်ထောင်ရှိ အမျိုးသမီးများနှင့် Facebook အန္တရာယ်

ဦးဟန်ညွန့်(ဥပဒေ)

**ဖေ့စ်ဘုတ်စ်**

ဖေ့စ်ဘုတ်ခ်(ခေါ်) လူမှုကွန်ရက်ကို ကျွန်တော်ကြိုက်သည်။ ကမ္ဘာ့သတင်း၊ မြန်မာ့သတင်း၊ လူမှုသတင်းအစုံအလင် မြင်ရသည်။ ကြားရသည်။ ကိုယ်သိချင်တာ သိရသည်။ ကိုယ်ပြောချင်တာ ပြောရသည်။ ကိုယ်တင်ချင်တဲ့ဓာတ်ပုံ တင်နိုင်သည်။ တစ်ဦးနှင့်တစ်ဦး မိတ်ဆက်နိုင်သည်။ ချစ်ခင်နိုင်သည်။ မုန်းနိုင်သည်။ အပုပ်ချနိုင်သည်။ အပြစ်ပြောနိုင်သည်။ ကောင်းကျိုးပြုသည်။ ဆိုးကျိုးရှိသည်။

**လုံးဝဖျက်ပစ်**

အချို့က Facebook ကို လုံးဝဖျက်ပစ်ရန် ပြောသည်။ မရှိသင့်တဲ့။ ဘာကြောင့်မရှိသင့်တာလဲ။ ကျိုးကြောင်းခိုင်လုံပြောသည်။ သုံးတတ်ရင်ဆေး၊ မသုံးတတ်ရင်ဘေး။

**Yan Naing တင်တဲ့ Post**

၂၃. ၆. ၂၀၁၆ ရက်စွဲဖြင့် Yan Naing အမည်ခံသူက Post တစ်ခုတင်ထားသည်။ ဖတ်ကြည့်ပြီး ကျွန်တော် စိတ်မကောင်း။ တကယ့်အဖြစ်အပျက်ဟု ဆိုသည်။ Share လုပ်ဖို့လည်း ပြောထားသည်။ ထို့ကြောင့် အပြည့်အစုံ ပြန်လည်ဖော်ပြလိုက်ပါသည်။ အောက်ပါအတိုင်းပါ။ ဖတ်ကြည့်စေလိုသည်။

**အိမ်ထောင်ရှင်အမျိုးသမီးများနှင့် Facebook အန္တရာယ်**

Fb ဟာ တိုးတက်နေတဲ့ အခုခေတ်အတွက် မရှိမဖြစ် လူမှုကွန်ရက်တစ်ခုပါ။ Fb မသုံးရင် လူရာမဝင်သလိုလို၊ ခေတ်မမီသလိုလို ပြောနေကြတဲ့ ခေတ်ကြီးမှာ Fb ကြောင့် မြေစာပင်ဖြစ်ခဲ့ရတဲ့ ကျွန်တော်တို့ မိသားစုလေးရဲ့ အဖြစ်မှန်ဇာတ်လမ်းလေးကို ပြောပြချင်ပါတယ်။

ကျွန်တော်တို့မိသားစုက ဝန်ထမ်းတွေပါ။ သားလေးတစ်ယောက်ရှိပါတယ်။ အရင်က အကောင့်တစ်ခု၊ ဖုန်းတစ်လုံးကို နှစ်ယောက်သုံးခဲ့ပေမယ့် ဖုန်းတွေ နှစ်သိန်းကျော်နဲ့ ချပေးလိုက်တော့ တစ်ယောက်တစ်လုံး ဖြစ်သွားပါတယ်။ အဲဒီမှာပဲ-

ကျွန်တော်တို့ မိသားစုဘဝလေးထဲကို မုန်တိုင်းစတင်ဝင်ရောက်ခဲ့ပါတယ်။

**ကျွန်တော့်မိန်းမ**

ကျွန်တော့်မိန်းမက တဖြည်းဖြည်း ဖုန်းနဲ့မျက်နှာမခွာတော့ပါဘူး။ အစကတော့ ကျွန်တော်နားလည်ပေးခဲ့ပါတယ်။ အပျင်းပြေသဘောဆိုပြီး နောက်တော့ သူက အိမ်ထောင့်တာဝန်တွေပါ လစ်ဟင်းလာပါတယ်။ ကလေးကိုလည်း ကြင်ကြင်နာနာမရှိတော့ပါဘူး။

**တစ်ရက်တော့**

တစ်ရက်တော့ သူမရှိချိန် သူ့ဖုန်းကို ယူကြည့်မိတော့ Fb မှာ သူစိမ်းယောကျ်ားလေးတွေနဲ့ မရိုးမသားစကားတွေ ပြောထားတာတွေ့ပါတယ်။Viber မှာလည်း ဖုန်းနံပါတ်တွေပေးပြီး Chat ထားပါတယ်။ ကျွန်တော်တော်တော် အံ့ဩသွားပါတယ်။ ဒေါသလည်း ဖြစ်မိတယ်။ စကားများရန်ဖြစ်ကြတယ်။

**သူက နင့်ထက်အများကြီးသာတယ်တဲ့**

သူကနင့်ထက်အများကြီးသာတယ်တဲ့။ ရင်ထဲကို နင့်သွားတာပဲ။ လိုင်းပေါ်မှာက အကျင့်ကောင်းတဲ့ ယောကျ်ားတွေရှိသလို အချောင်သမားတွေ၊ ကြာကူလီတွေက အများသား။

**လေလှိုင်းထဲက**

လေလှိုင်းထဲက ပြောစကားတွေကို သူယုံနေတာလေ။ ကျွန်တော် သူ့အကောင့်ကို တစ်ခွန်းပဲပြောလိုက်တယ်။ မင်း ဒုသနသောကို သိလားလို့။ အဲဒီအချိန်ကစပြီး ကျွန်တော့်မိန်းမ ဖုန်း Password ခံသွားတာ ဒီနေ့အထိပါပဲ။

**သူမသိလိုက်ဘူး**

တစ်နေ့ ကျွန်တော်ရုံးကပြန်ရောက်တော့ သားက အပြင်ဘက်မှာ ကျောင်းဝတ်စုံတောင် မလဲရသေးဘူး၊ ဆော့နေတယ်။ သူက အခန်းထဲမှာ Fb သုံးနေခဲ့တယ်။ ကျွန်တော် ပြန်လာတာ သူမသိလိုက်ဘူး။ ကျွန်တော် သည်းမခံနိုင်တော့ဘူး။

**သူ့ကိုရိုက်တယ်**

ကျွန်တော်နဲ့ စကားများတယ်။ ကျွန်တော်သူ့ကို ရိုက်တယ်။ ဒါကို သူကပို့ရွဲ့ပြီး ကျွန်တော့်ရှေ့မှာတင် သူ့အကောင်နဲ့ ပေါ်တင်စကားပြောခဲ့တယ်။ တစ်ခါတလေ သူ့အကောင်နဲ့ပြောနေချိန် "ရှူးတိုးတိုး" ဆိုပြီး ပြောလို့ ကျွန်တော်တို့သားအဖနှစ်ယောက် အသံတိတ်နေခဲ့ရပါတယ်။

**၁၀နှစ်ကျော်**

၁၀ နှစ်ကျော် သာယာခဲ့တဲ့အိမ်ထောင်ရေးဟာ Fb ကြောင့် ပြိုကွဲရတော့မယ်။ ဒီတစ်ခါ ကျွန်တော် အနုနည်း သုံးကြည့်ပြန်တယ်။ "မိန်းမ မင်းနဲ့ငါ Fb မသုံးဘဲနေကြရအောင်"လို့ ပြောလိုက်တယ်။ သူလက်မခံခဲ့ဘူး။ သူ့အတွက် ကျွန်တော်မရှိရင်ရပေမယ့် Fb မရှိလို့ မဖြစ်ဘူးလေ။

**ပိုဆိုးလာ**

ဒီလိုနဲ့ ကျွန်တော်ဒေါသတွေဖြစ်၊ သူ့ကိုရိုက်၊ သူက နားမထောင်ဘဲ ပိုပိုဆိုးလာပေါ့။ ကျွန်တော်အရက်ကို ညတိုင်းသောက်တယ်။ မူးပြီးမှောက်ရင်ပြီးရော။ ကျွန်တော် မူးတော့ သူပိုပြီး လွတ်လပ်သွားတယ်။ ယောကျ်ားကောင်း တစ်ယောက်ဆို လင်ရှိမိန်းမကို တွယ်ကပ်နေစရာ အကြောင်းမရှိဘူး။ ကြာကူလီအချောင်သမားဆိုတော့ ဒုသနသောလည်း မကြောက်တော့ဘူး။

**ငှက်ဆိုးထိုးသံ**

ကျွန်တော်လက်မလျှော့ပါဘူး။ နွေးထွေးတဲ့မိသားစုဘဝလေးရဖို့ အမျိုးမျိုးကြိုးစားခဲ့တယ်။ သဝန်တိုအောင်လည်း ရွဲ့ခဲ့တယ်။ ဒါပေမယ့် အလကားပါပဲ။ သူက ကြာကူလီကောင်ကို သာယာနေတာကိုး။ လေလှိုင်းထဲက လျှာအရိုးမရှိ ပြောတဲ့စကားတွေက သာသာယာယာပေါ့။ ၁၀ နှစ်ပေါင်းခဲ့တဲ့ လင်ယောကျ်ားအသံကတော့ ငှက်ဆိုးထိုးသံပေါ့။

**မိဘတွေဆီ**

ကျွန်တော်လက်မလျှော့သေးပါဘူး။ သူ့မိဘတွေဆီ ဖုန်းဆက်တိုင်တယ်။ အမေ့သမီးကို လာပြောကြပါဦး။ ဖုန်းနဲ့ မျက်နှာနဲ့ မခွာတော့ဘူး။ အချိန်ရှိသရွေ့ Online သုံးနေတဲ့အကြောင်း၊ ယောကျ်ားနဲ့သားကို ပစ်ထားတဲ့ အကြောင်းပေါ့။ သူ့မိဘတွေကလည်း နယ်ကလေ။ ပညာကလည်းမတတ်။ ဗဟုသုတကလည်း မရှိတော့ ဘာမှထိထိရောက်ရောက် ဖြေရှင်းမပေးနိုင်ခဲ့ဘူး။ သူ့ကောင်က ယူမယ်ပြောလို့ထင်တယ်။

**သူက ကွာရှင်းခွင့်တောင်းတယ်**

သူက ကွာရှင်းခွင့်တောင်းတယ်။ ကျွန်တော် ကွာမပေးပါဘူး။ ဘာကြောင့်လဲဆိုတော့ သားကို ပထွေးလက်ထဲ မကြီးပြင်းစေချင်ဘူး။ ကျွန်တော့်အတွက်က မိသားစုက ပထမပါ။ သူ့ကို ပြောပါတယ်။ အားလုံးမေ့လိုက်ပါ။ ဘဝသစ် ပြန်စရအောင်လို့။ သူက လက်မခံပါဘူး။ နှစ်ဖက်မိဘတွေရဲ့ဆန္ဒ၊ ကျွန်တော်ရဲ့ဆန္ဒကြောင့် တရားဝင်မကွာရှင်းဘဲ သားအတွက် အရင်အတိုင်း မူမပျက် ပြန်နေခဲ့ကြရပါတယ်။

**သူစိမ်းတွေ**

ကျွန်တော် COC ကစားနေချိန် သူကတော့ တစ်ဖက်အခန်းမှာ Online သုံးရင်းပေါ့။ သားအတွက် တစ်အိမ်ထဲအတူ ဆက်နေခဲ့ပေမယ့် သူစိမ်းတွေဖြစ်ခဲ့ရတယ်။ Fb ကို လွဲမှားစွာအသုံးချခဲ့မိလို့ အရင်းနှီးဆုံး လင်မယားဘဝကနေ အဝေးဆုံးသူစိမ်းဘဝရောက်ရှိခဲ့ရတယ်။ ကျွန်တော့်ဘဝ ဆိုးလွန်းလှပါတယ်။

**Line ပေါ်က ညီငယ်များသို့**

Line ပေါ်က ညီငယ်များကိုလည်း အထူးမှာချင်ပါတယ်။ အိမ်ထောင်သည် အမျိုးသမီးတစ်ယောက် လာကပ်ရင် သတိထားပါ။ ဒုသနသောပါလို့၊ ငရဲရောက်နိုင်ပါတယ်။ သူများအသိုက်အမြုံကို မဖျက်ဆီးမိပါစေနဲ့။

**အိမ်ထောင်ရှိအမျိုးသမီးတွေ**

အိမ်ထောင်ရှိ အမျိုးသမီးတွေလည်း ကိုယ့်လင်ယောကျ်ားအပေါ် သစ္စာရှိပေးပါ။ စိတ်ကူးယဉ်ဘဝနဲ့ လက်တွေ့ဘဝဟာ ကွာခြားပါတယ်။ စိတ်ခံစားမှုကို ဦးစားမပေးပါနဲ့လို့ ပြောကြားရင်း ကျွန်တော့်လိုအဖြစ်မျိုးနဲ့ ကင်းဝေးနိုင်စေရန် ဒီ Post လေးကို တင်လိုက်ပါတယ်။ တတ်အားသရွေ့ မျှဝေပေးကြပါဦးခင်ဗျား။

**Yan Naing (မန္တလေး)**

**သင်ခန်းစာ ရယူနိုင်ကြပါစေ**

စာရှုသူများ ယုံချင်ယုံ၊ မယုံချင်နေ။ ကိုရန်နိုင်၏ အဖြစ်မှန်ဇာတ်လမ်းလေးကို မူရင်းအတိုင်း ပြန်လည်မျှဝေလိုက်ပါသည်။ သင်ခန်းစာ ရယူနိုင်ကြပါစေကြောင်း။ ။

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်း စက်ဆန်း၊ အောက်ရုံ အလတ်ချောင်းရပ်ကွက် အတွင်းသို့ ကြည့်မြင်တိုင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ တာဝန်ရှိဝန်ထမ်းများ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ် နှိမ်နင်းရေးလုပ်ရှားမှုလုပ်ငန်းဖြစ်သည့် ခြင်ထောင်ဆေးစိမ်ခြင်း၊ အဘိတ်ဆေးများ တစ်အိမ်တက်ဆင်း ခတ်ပေးခြင်း၊ ခြင်ဆေးမှုတ်ပေးခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းတို့ကို ယနေ့နံနက် ၈ နာရီခွဲ က ကွင်းဆင်းဆောင်ရွက်ခဲ့ကြ ကြောင်း သိရသည်။

(ရွှေတိုင်လွင်)

○

## ဇူလိုင်လ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ခြောက်ရက်မှ ရှစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ခြောက်ပေမှ ခုနစ်ပေခန့်၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် လေးပေမှ ငါးပေခန့် လက်ရှိရေမှတ်များ၏ အထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် ခုနစ်ပေမှ ရှစ်ပေခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ငါးပေမှခြောက်ပေခန့် လက်ရှိရေမှတ်များ၏ အထက် မြင့်တက်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။ **(ကြေးမုံ)**



## မိုးရာသီလျှပ်စစ်အန္တရာယ်ကင်းဝေးရေး အသိပညာပေး လှုပ်ရှားမှုဆောင်ရွက်

**ရန်ကုန် ဇွန် ၂၉**

လျှပ်စစ်အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းနှင့် ပညာပေးဟောပြောပွဲကို ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အထက(၂) မရမ်းကုန်းကျောင်းဝင်း၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ ကျောင်းသား ကျောင်းသူ ၄၈၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူလေးများအား မရမ်းကုန်းမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးအောင်ကျော်မိုးနှင့် လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ "အခု ဖြန့်ဝေပေးလိုက်တဲ့ လျှပ်စစ်အသိပညာပေး လက်ကမ်းစာစောင်ကို ကလေးတို့အနေနဲ့ အသေအချာဖတ်ဖို့ လိုပါတယ်။ ဒီကနေအိမ်အထိ ရောက်အောင် ယူသွားဖို့လည်း လိုပါတယ်။ ဒါမှလည်း အိမ်ကမိဘတွေလည်း ဖတ်မိကြပါလိမ့်မယ်။ ဒီလက်ကမ်းစာစောင်ထဲမှာ လျှပ်စစ်ပစ္စည်းတွေ ကိုင်တွယ်အသုံးပြုပုံနဲ့ သတိထားရမယ့်အချက်တွေ လျှပ်စစ်အန္တရာယ်ဖြစ်နိုင်ဖွယ်ဖြစ်စဉ်တွေ၊ မိသားစုလျှပ်စစ်ကာကွယ်ရေးစနစ်တွေ၊ ဓာတ်လိုက်ခံရသူကို ရှေးဦးသူနာပြုစုနည်းတွေ ပါဝင်တဲ့အတွက် အချက်အလက်တွေကို သိရှိနိုင်မှာဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူလေးတွေအနေနဲ့ လျှပ်စစ်အန္တရာယ်ကို ကိုယ်တိုင်လည်း ဂရုစိုက်သလို ကိုယ်နဲ့နီးစပ်ရာ သူငယ်ချင်း အပေါင်းအသင်းတွေကို လျှပ်စစ်အန္တရာယ်ကင်းဝေးရေး အသိပညာပေးဆွေးနွေးမှုတွေ ဖြန့်ဝေပေးစေလိုပါတယ်" ဟု မရမ်းကုန်းမြို့နယ်မှ လျှပ်စစ်မန်နေဂျာ ဦးအောင်ကျော်မိုးကပြောကြားသည်။

ယခုအခါတွင် မိုးရာသီကျရောက်လာပြီဖြစ်သဖြင့် ရာသီဥတုနှင့် လူကြောင့် ပတ်ဝန်းကျင်ရှိ သွယ်တန်းဓာတ်ကြိုးများနှင့် လျှပ်စစ်ဓာတ်တိုင်များမှတစ်ဆင့် မလိုလားအပ်သောလျှပ်စစ်အန္တရာယ်များ ကျရောက်ကာ အသက်ဆုံးရှုံးသွားသည့် ဖြစ်စဉ်များရှိကြောင်း သိရသည်။

(ပွင့်သစ္စာ)

ကျော်ရင်မြင့်

# အစိုးရသစ်နဲ့ တရွတ်ဆွဲတဲ့အဟောင်းများ

အစိုးရသစ်က ဘယ်လောက်ပဲ တိုင်းပြည်ကောင်းဖို့ အားထုတ်ကြိုးစားနေပါစေ တရွတ်ဆွဲနေတဲ့ အဟောင်းတွေက အတူမလိုက်ပါရင်တော့ ပြုပြင်ပြောင်းလဲရေးက ခရီးတွင်မှာ မဟုတ်ပါဘူး။

အများစုရဲ့စိတ်ထဲမှာ တိုင်းပြည်တိုးတက်ပြောင်းလဲဖို့ဟာ အစိုးရရဲ့တာဝန်ပဲလို့ ယူဆကြပါတယ်။ တိုင်းပြည်တိုးတက်ပြောင်းလဲအောင် အစိုးရသစ်ကို ရွေးချယ်တင်မြှောက်ပြီးလို့ ဒို့တာဝန်ကျေပြီလို့ ထင်ကြတယ်။ လက်သန်းလေးတွေ တာဝန်ကျေပြီ၊ အစိုးရပိုင်းက ဆက်လုပ်ဖို့သာကျန်တော့တယ်လို့ ဆိုကြတယ်။

အစိုးရသစ်က ဘယ်လောက်ပဲ တိုင်းပြည်တိုးတက်အောင်လုပ်ပေမယ့် အစိုးရ ယန္တရားထဲက ဝန်ထမ်းတွေနဲ့ ရွှေနိုင်ငံသား ပြည်သူများက အစိုးရသစ်နဲ့အတူ လိုက်မသစ်ဘဲ ဟောင်းမြဲဟောင်းနေလို့ကတော့ တိုးတက်ပြောင်းလဲဖို့ ခက်ပါတယ်။

ဝန်ထမ်းယန္တရားထဲမှာ တိုင်းပြည်ကို တိုးတက်ပြောင်းလဲစေချင်တယ်လို့ ပြောတဲ့သူတွေ အများကြီးရှိတယ်။ အစိုးရသစ်က ပြောင်းလဲလုပ်ဆောင်လိုက်ရင် ဝန်ထမ်းတွေရဲ့ဘဝတွေလည်း တိုးတက်လာမယ်လို့ မျှော်လင့်နေသူတွေလည်း များပါတယ်။ ဒါပေမယ့် အဲဒီတိုးတက်မှုကို လက်တွေ့ဖော်ဆောင်ပေးရမယ့်သူတွေဟာ ကိုယ်တိုင်ပဲဆိုတာကို မေ့လျော့နေတဲ့ ဝန်ထမ်းတွေကများတယ်။ ဝန်ထမ်းအများစုဟာ အရင်လိုပဲ။ နေမြဲ၊ လာဘ်မျှော်ဆဲ။ 'ရေ'မလာရင် ဘာမှ မလုပ်ချင်သူတွေ များနေဆဲ။ အချိန်ဖြုန်းမြဲ၊ ရတဲ့လခနည်းတယ်လို့ ငြီးတွားနေကြဆဲဖြစ်ပါတယ်။

**အစဉ်အဆက် အဂတိလိုက်စားမှု အမြစ်မပြတ်ရတဲ့ အကြောင်းရင်းထဲမှာ 'ခေါင်က မိုးမလုံလို့ တစ်အိမ်လုံး ခြတက်ရတာ' ဖြစ်ပါတယ်။**

ဝန်ထမ်းအများစုဟာ မလောက်ငတဲ့လစာနဲ့ အလုပ်လုပ်နေရတာကို သိပါတယ်။ ဒီအခြေအနေဆိုးကို ပြုပြင်ပြောင်းလဲချင်သူတွေထဲမှာ ကျွန်တော်လည်း ပါပါတယ်။ လောက်လောက်ငငထိုက်ထိုက်တန်တန် လစာလုပ်ခကို ရဖို့ဆိုရင် တိုင်းပြည်တိုးတက်ပြောင်းလဲမှသာ ဖြစ်မယ်ဆိုတာလည်း လူတိုင်းအသိပါပဲ။ အဲဒီလို တိုးတက်ပြောင်းလဲဖို့ဆိုတာ လက်ရှိဝန်ထမ်းတွေဟာ စိတ်နေသဘောထားကအစ လုပ်ကိုင်နေပုံပါအားလုံးကို မြေလှန်ပစ်သလို ပြုပြင်နိုင်မှသာဖြစ်မှာပါ။ အရင်ခေတ်အဆက်ဆက်ကအတိုင်း အချိန်ခိုး၊ ချဲတွက် ချဲထိုး၊ လက်ဖက်ရည်ဖိုးတောင်း ပုံစံဟောင်းနဲ့ ဆက်လက်ချီတက်ကြမယ်ဆိုရင်တော့ "မုန့်လုံးစက္ကူကပ်" ဇာတ်ထုပ်ကြီးက ဘယ်တော့မှ ဇာတ်သိမ်းမှာ မဟုတ်ပါဘူး။ ဒါကြောင့် အကြောဖြတ်ဖို့ လိုပါတယ်။

လက်ဖက်ရည်ဖိုးလောက်ပဲရတဲ့သူတွေက 'ခေါင်'ကို လက်ညှိုးထိုးပြီး 'ခေါင်'က မိုးမလုံလို့ မိုးခါးရေသောက်နေရတာပါလို့ ပြောတာလည်းရှိပါတယ်။ မိုးမလုံတဲ့ 'ခေါင်'ကိုတော့ အစိုးရသစ်က ပြုပြင်ပါလိမ့်မယ်။ ကိုယ်ပြုပြင်နိုင်တဲ့ ကိုယ်တိုင်ကစပြီး ပြုပြင်ကြပါစို့လို့ ဝန်ထမ်းလောကကို ပြောချင်ပါတယ်။

ကလေးတွေ ထွေပစ်တမ်းကစားကြတဲ့အခါ 'ခေါင်ထိရင် အကုန်စားလို့ရတယ်'ဆိုတဲ့ စကားရှိတယ်။ လာဘ်စားကြတဲ့ကိစ္စမှာ 'ခေါင်'ကို ဖိဖိစီးစီးထိန်းကျောင်းကိုင်တွယ်ပေးလိုက်ရင် ကိစ္စက ပြီးပြတ်ပါတယ်။ အစဉ်အဆက် အဂတိလိုက်စားမှု အမြစ်မပြတ်ရတဲ့အကြောင်းရင်းထဲမှာ 'ခေါင်က မိုးမလုံလို့ တစ်အိမ်လုံး ခြတက်ရတာ' ဖြစ်ပါတယ်။အစိုးရသစ်အနေနဲ့ 'ခေါင်'တွေကို ပြုပြင်ကြဖို့သတိပေးလိုက်ရင် အများစုဟာ ဉာဏ်ကြီးသူတွေမို့ 'ခေါင်'ကစပြီး တစ်သီကြီး ပြုပြင်ပြောင်းလဲသွားနိုင်ကြဖွယ် ရှိပါတယ်။ ပြင်ရခက်တဲ့ 'ခေါင်'ကို ဖြုံချလိုက်ရင်ကိစ္စပြီးပါတယ်။

တိုင်းပြည်ပြောင်းဖို့ ကောင်းဖို့ အစိုးရနဲ့ လွှတ်တော်မှာပဲ တာဝန်ရှိတာ မဟုတ်ပါဘူး။ ပြည်သူလူထု တစ်ဦးချင်းတစ်ယောက်ချင်းအနေနဲ့လည်း ကိုယ့်တစ်ပိုင်တစ်နိုင် အကျိုးဆောင်နိုင်တာတွေ အများကြီးရှိပါတယ်။ နိုင်ငံသားတစ်ယောက်ချင်းအနေနဲ့ မဟုတ်မမှန်တာ မလုပ်ဘူးဆိုတဲ့ ကောင်းမြတ်တဲ့ စိတ်သစ်ကို မွေးလိုက်ရုံနဲ့ အပြောင်းအလဲအတွက် အများကြီး အထောက်အပံ့ဖြစ်ပါတယ်။ အရင်က ကိုယ်ဟာ ဘယ်လိုစရိုက်ပဲရှိခဲ့ပါစေ တိုင်းပြည်ကောင်းဖို့ ယခုစတင်ပြောင်းလို့ရနိုင်ပါတယ်။

ပြည်သူလူထုတစ်ဦးချင်းက လုပ်နိုင်တာတွေ အများကြီးရှိပါတယ်။ သိသာမြင်သာတဲ့ ဥပမာအချို့ကို ပြရရင် အမှိုက်စွန့်ပစ်တာကို စည်းမဲ့ကမ်းမဲ့မပစ်ဘဲ စနစ်တကျစွန့်ပစ်ကြမယ်ဆိုရင် အမှိုက်သိမ်းရတာ သိပ်ကို လွယ်ကူအဆင်ပြေပါလိမ့်မယ်။ ဒါလေးများလို့ မထင်စေချင်ပါဘူး။ လက်လွတ်စပယ်ပစ်ထားတဲ့ အမှိုက်တွေကို သန့်ရှင်းဖို့ ခန့်ထားရတဲ့ ဝန်ထမ်းစရိတ်တွေ၊ အသစ်ထပ်ဝယ်ရတဲ့ အမှိုက်ကားအတွက် ကုန်ကျစရိတ်တွေ သက်သာလျော့နည်းပြီး ဒီဘဏ္ဍာငွေတွေကို တိုင်းပြည်တိုးတက်ရေးအတွက် အခြားလိုအပ်နေတဲ့နေရာတွေမှာ လွှဲပြောင်းသုံးစွဲနိုင်အောင် ပြည်သူလူထုတစ်ဦးချင်းက လုပ်ဆောင်နိုင်ပါတယ်။

မလိုအပ်ဘဲ ဖွင့်ထွန်းထားတဲ့ လျှပ်စစ်မီးတစ်ပွင့်ကို ပိတ်မယ်၊ အလဟဿယိုစီးနေတဲ့ ရေပိုက်ခေါင်းကို ပိတ်မယ်ဆိုရင်လည်း တိုင်းပြုပြည်ပြုကိစ္စလုပ်တာပါပဲ။ အသေးအမွှားမို့ အလေးမထားတာမျိုး မဖြစ်စေချင်ပါဘူး။ ဒီလို လုပ်ဆောင်နိုင်တာတွေ၊ လုပ်ဆောင်စရာတွေ အများကြီးရှိပါတယ်။ တစ်ဦးချင်းတစ်ယောက်ချင်းရဲ့ စိတ်ဓာတ်ဟောင်းတွေကို စိတ်ဓာတ်ကောင်းသို့ ပြောင်းပါမှ တိုင်းပြည် မြန်မြန်တိုးတက်ပြောင်းလဲမှာဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်မှာ တစ်ပါတီတည်းသာ အင်အားကြီးပြီး ထင်ရာစိုင်းတာမျိုး မဖြစ်ရပါဘူး။ အချင်းချင်းထိန်းညှိဖို့ အတိုက်အခံပါတီတွေလည်း အင်အားရှိသင့်ပါတယ်။ အာဏာရပါတီမဟုတ်တဲ့ ပါတီတွေ အင်အားရှိဖို့အတွက် လိုအပ်တာက အဲဒီပါတီတွေဟာ ပြည်သူလူထုအကျိုးကို ရှေးရှုရမှာ ဖြစ်ပါတယ်။ အတိုက်အခံပါတီဆိုတာ အာဏာရပါတီဘာလုပ်လုပ် ဆန့်ကျင်ရတာ ကန့်လန့်တိုက်ရတာမျိုး မဟုတ်ပါဘူး။ ဒီလိုလုပ်လို့ ဘယ်သူ့အတွက်မှ အကျိုးမများပါဘူး။ တိုင်းပြည်မျက်နှာကို ကြည့်ရပါတယ်။ မဟုတ်ရင် တိုင်းပြည်အတွက် အကျိုးယုတ်ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်စေပါတယ်။

ယခုအစိုးရသစ်ဟာ အရင်အစိုးရအဆက်ဆက်နဲ့ ကွဲပြားစွာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေတယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ဒါပေမယ့် အချို့အချို့သော ကိစ္စတွေမှာ တိုင်းပြည်အေးချမ်းတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို မျက်ကွယ်ပြုပြီး ယခုအစိုးရသစ်လုပ်ဆောင်မှုတွေကို ကန့်လန့်တိုက်နေသူတွေကို စိတ်မချမ်းမြေ့စရာ မြင်တွေ့နေရပါတယ်။ ပြည်သူတစ်ယောက်အနေနဲ့ ပြောရရင် တိုင်းပြည်ပြောင်းလဲဖွံ့ဖြိုးတိုးတက်တဲ့အထိ ယခုအစိုးရက စွမ်းဆောင်အောင်မြင်စေချင်ပါတယ်။ ဆောင်ရွက်ခွင့်ရစေချင်တယ်။ ထိန်းညှိဖို့အတွက် အခြားပါတီတွေလည်း ရှင်သန်စေချင်ပါတယ်။

ယခုအစိုးရကို တန်ဖိုးထားသူတွေက အစိုးရအနေနဲ့ ကြိုးပမ်းပေမယ့် အရာမထင်မှာ၊ ၂၀၂၀ ခုနှစ်မှာ တိုင်းပြည်က မျှော်မှန်းသလောက် သိသိသာသာ တိုးတက်မလာရင် မလိုလားသူတွေ အစိုးရကို လက်ညှိုးထိုးကဲ့ရဲ့ခံရမှာ၊ လူထုခေါင်းဆောင်ကို အပြစ်ပြောကြမှာ စိုးရိမ်စကားတွေလည်း ကြားနေရပါတယ်။

တိုင်းပြည်တိုးတက်ပြောင်းလဲအောင် ယခုအစိုးရတာဝန်ရှိသူတွေချည်း လုပ်ဆောင်လို့လည်း ခရီးသိပ်တွင်မှာ မဟုတ်ပါဘူး။ တိုးတက်ပြောင်းလဲမှုကို လိုလားသူတိုင်းက တိုင်းပြည်အတွက် စေတနာကောင်းနဲ့ အကျင့်ဆိုး၊ အကျင့်ဟောင်းတွေကို ကိုယ်ပိုင်အသိနဲ့ စွန့်ပယ်ကြပြီး တက်ညီလက်ညီ ကြိုးပမ်းလုပ်ဆောင်ကြမှသာ တိုင်းပြည်တိုးတက်ပြောင်းလဲမှာဖြစ်ပါတယ်။

# ပြင်းထန်အဆုတ်ရောင်ရောဂါပိုးကာကွယ်ဆေးအသစ် ဇူလိုင် ၁ ရက်နေ့မှစ၍ ထိုးနှံပေးမည်

**နေပြည်တော် ဇွန် ၂၉**

၂၀၁၆ ခုနှစ် ဇူလိုင်လ တစ်နှစ်အောက်ကလေး ငယ်များအတွက် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ပြင်းထန်အဆုတ်ရောင်ရောဂါပိုးကာကွယ်ဆေးအသစ် (PCV)ကို ဇူလိုင် ၁ ရက်နေ့မှစ၍ ထည့်သွင်းထိုးနှံပေးသွားမည်ဖြစ်သည်။

"ပြင်းထန်အဆုတ်ရောင်ရောဂါသည် Streptococcus Pneumoniae (Pneumococcus) ဗက်တီးရီးယားပိုးကြောင့် ဖြစ်ပွားသော ကူးစက်ရောဂါအုပ်စုတစ်မျိုးဖြစ်ကြောင်း၊ များသောအားဖြင့် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူမြန်ခြင်း၊ အသက်ရှူခက်ခဲခြင်းစသည့် ပြင်းထန်ဆိုးရွားသောလက္ခဏာများဖြစ်ပေါ်လျက် သေဆုံးခြင်းနှင့် တစ်သက်တာမသန်စွမ်းခြင်းများ ဖြစ်စေနိုင်ကြောင်း၊ အထူးသဖြင့် နှစ်နှစ်အောက်ကလေးများသည် ရောဂါဖြစ်နိုင်ခြေအန္တရာယ်အများဆုံးဖြစ်ကြောင်း" နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှလှကြည်က ဇွန် ၂၈ ရက် နံနက်ပိုင်းက နေပြည်တော် ကျန်းမာရေးဦးစီးဌာနရုံးခန်းမ၌ ပြုလုပ်သည့် တိုင်းအဆင့်အသိပေးဆွေးနွေးပွဲအမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးအေးမာက ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးမှုမပြုလုပ်ခြင်း၊ အာဟာရ ချို့တဲ့ခြင်း၊ အိမ်တွင်းလေထုညစ်ညမ်းခြင်း၊ မွေးကင်းစအလေးချိန်မပြည့်ခြင်း၊ လူနေထူထပ်ခြင်းနှင့် ပြင်းထန်အဆုတ်ရောင်ရောဂါပိုးကာကွယ်ဆေး (PCV)၊ ငါးမျိုးစပ်ကာကွယ်ဆေးနှင့် ဝက်သက်ရောဂါကာကွယ်ဆေးများ မထိုးထားခြင်းများကြောင့် အဆုတ်ရောင်ရောဂါကို ဖြစ်စေနိုင်ကြောင်း၊ ကလေးအသက် နှစ်လ၊ လေးလနှင့် ခြောက်လအရွယ်များတွင် ပြင်းထန်အဆုတ်ရောင်ရောဂါပိုး ကာကွယ်ဆေး (PCV) အသားဆေးများကို ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် အသစ်ထည့်သွင်းထိုးနှံပေးမည်ဖြစ်ကြောင်း၊ အဆိုပါ ကာကွယ်ဆေးထိုးပြီးနောက် ဆေးထိုးထားသည့်နေရာတွင် အနည်းငယ်နီမြန်းခြင်း၊ နာကျင်ခြင်း၊ ကျိကျခြင်း၊ အိပ်ငိုက်ခြင်း၊ မစားချင် မသောက်ချင်ဖြစ်ခြင်းနှင့် အဖျားတက်ခြင်းများသာဖြစ်နိုင်ပြီး ပြင်းထန်သောဘေးထွက်ဆိုးကျိုးများမရှိနိုင်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ တိုင်းအဆင့်ဆွေးနွေးပွဲသို့ တိုင်းဒေသကြီးခရိုင်နှင့် မြို့နယ်များမှ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများ တက်ရောက်ဆွေးနွေးကြသည်။

**သန့်မောင်(ပြန်/ဆက်)**



ဇွန် ၂၉ ရက်တွင် နေပြည်တော် Hilton Hotel ၌ ကျင်းပသည့် အမေရိကန်ပြည်ထောင်စု၏ (၂၄၀) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲ အခမ်းအနားတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)



# ဒီမိုကရေစီခေတ်တွင် နိုင်ငံရေးအရ လွတ်လပ်စွာ သဘောကွဲလွဲမှုရှိသော်လည်း တိုင်းရင်းသားအရေးတွင် သဘောကွဲလွဲမှုများ မရှိစေလို

**နေပြည်တော် ဇွန် ၂၉**
ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) လုပ်ငန်းများ အောင်မြင်စေရန် တပ်မတော်အနေဖြင့် အပြည့်အဝဆန္ဒရှိကြောင်း၊ လွတ်လပ်ခြင်း၊ ညီညွတ်ခြင်း၊ မျှတခြင်းဆိုသည့် လောကပါလတရားနှင့်အညီ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို လျှောက်လှမ်းကြရာတွင် တစ်ဦးပေါ်တစ်ဦးယုံကြည်မှုရှိရန်လိုကြောင်း၊ မိမိလိုချင်သည့် အကြောင်းအရာတစ်ခုအပေါ် တရားသေမရပ်တည်ဘဲ ပြည်ထောင်စု စိတ်ဓာတ်၊ တစ်နည်းအားဖြင့် မြန်မာစိတ်ဓာတ်ဖြင့် လုပ်ဆောင်သွားပါက မိမိတို့လျှောက်လှမ်းနေသည့်လမ်းကြောင်းတွင် အရှိန်အဟုန်မြန်ဆန်ပြီး အေးအေးချမ်းချမ်းနှင့် အောင်မြင်မှုကိုရရှိနိုင်မည် ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (Peace Process Steering Team-PPST)အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး PPST အဖွဲ့ဝင်များဖြစ်သည့် ကရင်အမျိုးသားအစည်းအရုံး(KNU)ဥက္ကဋ္ဌ စောမူတူးဆေးဖိုး၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်(RCSS/SSA)မှ ဘောင်ခေး၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) နာယက ခွန်ဥက္ကာ၊ ချင်းအမျိုးသားတပ်ဦး(CNF)ဥက္ကဋ္ဌပူးဇင်ကျုံး၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(ငြိမ်းချမ်းရေးကောင်စီ)KNU/KNLA (PC) မှ နော်ကပေါ်ထူး၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ဦးသံခဲ၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(KKO)မှ စောမိုရှေးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ငြိမ်းချမ်းစွာလျှောက်လှမ်းနိုင်ရေးအတွက် အဓိကလိုအပ်ချက်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ပြီးစီးရေးဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီ ပထမသက်တမ်းကာလ တစ်ပြည်လုံးငြိမ်းချမ်းရေးရရှိရန် ကမ်းလှမ်းချက်အပေါ် မူတည်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကောင်းမွန်သည့်အပြုသဘောတုံ့ပြန်ချက်များဖြင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် ခရီးလမ်းတစ်ခုအထိရောက်ရှိပြီး NCA လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ လက်မှတ်ရေးထိုးခဲ့သည့်အဖွဲ့အစည်းများသည် ထူးခြားသောဝိသေသရှိသည်ဟု ပြောရမည်ဖြစ်ကြောင်း၊ လက်ရှိအစိုးရကဦးဆောင်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစု ပင်လုံ) ကျင်းပရန် လုပ်ဆောင်နေကြောင်း၊ ၆ နှစ်တာကာလ ဖြတ်သန်းခဲ့ရမှု အတွေ့အကြုံအရ နိုင်ငံသူနိုင်ငံသားအားလုံး၏ရပ်တည်မှုနှင့် နိုင်ငံသားများ၏အခွင့်အရေးအတွက် ဥပဒေအရပေးထားသည်များရှိကြောင်း၊ အချို့နေရာများတွင် လိုအပ်ချက်အရ တောင်းဆိုပိုင်ခွင့်ရှိသော်လည်း ပြန်လည်ပေးရမည့် တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှုအပိုင်းများတွင် လိုအပ်ချက်များရှိနေသည်ကို တွေ့ရှိရ၍ နှစ်ဦးနှစ်ဖက်ညှိနှိုင်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေ





ဖြင့် ဒို့တာဝန်အရေးသုံးပါးကို ခိုင်ခိုင်မာမာရပ်တည်ထားကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံဆွေးနွေးရာတွင်လည်း NCA အပေါ်တွင်သာ ရပ်တည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အရေးကြီးသည်မှာ တစ်ဦးအပေါ်တစ်ဦးယုံကြည်မှုပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ညီညွတ်သောစိတ်ဖြင့် ဝိုင်းဝန်းလုပ်ဆောင်ခြင်းဖြင့် အရှိန်အဟုန်မြန်ဆန်မည်ဟု ယုံကြည်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း ဇင်းစိတ်ဓာတ်ဖြင့် ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ PPST အဖွဲ့ဥက္ကဋ္ဌ စောမူတူးဆေးဖိုးနှင့်အဖွဲ့ဝင်များက PPST ဖွဲ့စည်းရခြင်းရည်ရွယ်ချက်နှင့် ဖွဲ့စည်းထားရှိမှုအခြေအနေများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအတွက် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ၊ PPST အနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင်လည်း NCA အပေါ်တွင်သာ ရပ်တည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် NCA ၌ လက်မှတ်ရေးထိုးထားခြင်းမရှိသည့်အဖွဲ့များ ပါဝင်နိုင်ရေး ဆွေးနွေးနေမှုအခြေအနေများ၊ UPDJC နှင့် JICM ကော်မတီအစည်းအဝေးများ ဆက်လက်လုပ်ဆောင်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး တစ်ဖွဲ့ချင်းအနေဖြင့်လည်း ဆက်ဆံရေးရုံးများတိုးချဲ့ထားရှိရေး၊ JMC အနေဖြင့် အဆင့်ဆင့်နှစ်ဖက်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရေး၊ နှစ်ဖက်တပ်များ တပ်နေရာချထားရေးစသည်ဖြင့် ဆွေးနွေးကြသည်။

ယင်းဆွေးနွေးချက်များအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က NCA တွင် ပါဝင်လက်မှတ်ရေးထိုးရန်အတွက် မည်သည့်အဖွဲ့ကိုမဆို တပ်မတော်က ဖိတ်ခေါ်ထားကြောင်း၊ လက်ရှိလျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို သွားလိုစိတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ခိုင်မာသောစိတ်ရှိပါက လက်မှတ်မထိုးနိုင်စရာမရှိကြောင်း၊ မိမိကိုယ်ကိုယုံကြည်မှုရှိရန် လိုသကဲ့သို့ ကိုယ့်နိုင်ငံ၊ ကိုယ့်တိုင်းပြည်အပေါ် ယုံကြည်အားကိုးစိတ်ရှိရန်လည်း လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်စိတ်ထား၍ ပါဝင်လက်မှတ်ရေးထိုးရန် ကြိုဆိုနေကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ပါဝင်တက်ရောက်ခြင်း၊ ပါဝင်ဆွေးနွေးခြင်းတို့သည် တပ်မတော်၏ သဘောထားတစ်ခုတည်းဖြင့်မရဘဲ နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာလွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးများ၏ သဘောဆန္ဒများကိုပါထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအတွက် နိုင်ငံရေး၊ နိုင်ငံ့အရေးများလုပ်ဆောင်နိုင်ရန် နိုင်ငံရေးလမ်းကြောင်း ဖွင့်ပေးထားခြင်းဖြစ်၍ မိမိလုပ်ဆောင်လိုသည်ကို နိုင်ငံရေးနည်းလမ်းဖြင့် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ယင်းသို့လုပ်ဆောင်ရာတွင်လည်း နေရာ(Place)နှင့် မြေ(Land) တို့သည် အရေးမကြီးဘဲ ပြည်သူကထောက်ခံပြီး မိမိတို့လုပ်ဆောင်သည့် နိုင်ငံရေးလမ်းကြောင်းကို မှန်မှန်ကန်ကန်လုပ်ဆောင်ပေးနိုင်ရန်သာ အရေးကြီးကြောင်း၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ဒေသစွဲမထားရှိဘဲ တိုင်းပြည်အတွက် ကြည့်စေလိုကြောင်း၊ မိမိတို့လည်း ထိုစိတ်ဓာတ်မျိုးမွေး၍ လုပ်ဆောင်နေကြောင်း၊ ဒီမိုကရေစီခေတ်တွင် နိုင်ငံရေးအရ လွတ်လပ်စွာ သဘောကွဲလွဲမှုရှိသော်လည်း တိုင်းရင်းသားအရေးတွင် သဘောကွဲလွဲမှုများ မရှိစေလိုကြောင်း၊ ရိုးသားစွာပြောဆိုရပါက တပ်မတော်အနေဖြင့် တိုင်းရင်းသားအချင်းချင်း တိုက်ခိုက်မှုကို လုံးဝမလိုလားကြောင်း၊ သက်ဆိုင်ရာအစိုးရအုပ်ချုပ်မှုယန္တရားများ၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို နှောင့်ယှက်ထိခိုက်မှုများမရှိစေရန် ကာကွယ်ရခြင်းသာဖြစ်ကြောင်း၊ တချို့လည်း စိုးရိမ်စိတ်ဖြင့် နယ်မြေတည်ဆောက်မှု၊ အင်အားတည်ဆောက်မှုများ လုပ်ဆောင်နေသည်ကိုတွေ့ရှိရကြောင်း၊ မိမိကိုယ်မိမိ ယုံကြည်မှုရှိပါက ယင်းသို့လုပ်ဆောင်ရန်မလိုဘဲ ငြိမ်းချမ်းသည့်နည်းလမ်းဖြင့်သာ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အလားတူ နေရာနှင့်မြေမှာ အရေးမကြီးဘဲ လူထုယုံကြည်မှုရရှိရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် လူထုယုံကြည်မှုရရှိအောင် ကြိုးစားတည်ဆောက်နေကြောင်း ရှင်းလင်းပြောကြား၍ တစ်ဖွဲ့ချင်း၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**(မြဝတီ)**

---

# မူးယစ်ဆေးဝါးပြဿနာအား ထိရောက်စွာထိန်းချုပ်နိုင်ရေး မူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒများ ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇွန် ၂၉**
မူးယစ်ဆေးဝါး ပြဿနာအား ထိရောက်စွာထိန်းချုပ်နိုင်ရေး မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒများ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ဇွန် ၂၇ ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Grand Ball Room (1) ၌ ကျင်းပသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံမူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်း၊ မူးယစ်ဗဟိုအဖွဲ့မှ အရာရှိကြီးများ၊ လွှတ်တော်ကော်မတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် UNODC မှ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာကိုယ်စားလှယ် Mr. Jeremy Douglas က မိတ်ဆက်အမှာစကားပြောကြားခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းရာမှာ တားဆီးနှိမ်နင်းရေးနှင့် တရားစီရင်ရေး မဟာဗျူဟာတစ်ခုတည်းကိုသာ အသုံးချ၍မရဘဲ အခြားစီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကဏ္ဍများကိုပါ ထည့်သွင်းရေးဆွဲရန် လိုအပ်လာကြောင်း၊ ၂၀၁၆ ခုနှစ် ဧပြီလမှာ ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဆိုင်ရာ ကုလသမဂ္ဂအထူးအစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ပြီး ဘက်ပေါင်းစုံချဉ်းကပ်မှုများပါဝင်တဲ့ မူးယစ်ဆေးဝါးမူဝါဒ




များရေးဆွဲနိုင်ရေး လုပ်ငန်းအကြံပြုချက်များကို ချမှတ်နိုင်ခဲ့ပါကြောင်း၊ မူးယစ်ဗဟိုအဖွဲ့အနေဖြင့် ကုလသမဂ္ဂလုပ်ငန်းအကြံပြုချက်များနှင့်အညီ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒသစ်တစ်ရပ် ပေါ်ထွက်လာရေးဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း၊ ယနေ့ရှင်းလင်းပွဲကို UNODC နှင့် ပူးပေါင်း၍ ကမ္ဘာ့နိုင်ငံများ၏ မူးယစ်ဆေးဝါးအခြေအနေ ဖြေရှင်းပုံနည်းလမ်းများ၊ အတွေ့အကြုံနှင့် သင်ခန်းစာများကို လွှတ်တော်ကိုယ်စားလှယ်ကြီးများအား ပိုမိုသိရှိ နားလည်သဘောပေါက်လာစေရန်နှင့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပြဿနာအား တုံ့ပြန်ဆောင်ရွက်နေမှုများအပေါ် အကြံပြုချက်များ တောင်းခံလိုသည့်အတွက် စီစဉ်ကျင်းပရခြင်းဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာ မြတ်ညဏစိုးက ဖွင့်ပွဲအမှာစကားပြောကြားခြင်း၊ ကုလသမဂ္ဂ၏ဒေသကိုယ်စားလှယ်က မိတ်ဆက်အမှာစကား ပြောကြားခြင်း၊ UNODC မှ Mr. Jeremy Douglas မှ မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း၊ စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကူးခြင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ စီမံကိန်းဌာနမှူး ရဲမှူးကြီး ဇော်လင်းထွန်းက နိုင်ငံတကာ မူးယစ်ဆေးဝါးမူဝါဒများနှင့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးထိန်းချုပ်မှု အခြေအနေများအား ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ခဲ့ကာ တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များက မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် ပတ်သက်၍ အပြန်အလှန်အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ရဲပြန်ကြား)**

✻ ဝါဆိုသင်္ကန်းမှ

လေ့ကျင့်မှုများကိုလည်း ပြုလုပ်သွားရန်လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သံဃာတော်များပင့်ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ အခမ်းအနားကျင်းပရေးနှင့် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ လှူဖွယ်ပစ္စည်းများပြင်ဆင်ရေးနှင့် ဆက်ကပ်ရေးဆပ်ကော်မတီ၊ ဥပ္ပါတသန္တိစေတီတော် စိမ်းလန်းစိုပြည်ရေးနှင့် သာသနာရေးဆိုင်ရာ အခင်းအကျင်းပြင်ဆင်ရေးဆပ်ကော်မတီ၊ သတင်းမှတ်တမ်း ထုတ်ပြန်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီတို့မှ ဆပ်ကော်မတီဥက္ကဌများနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဦးစီးကော်မတီနာယက ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

■

# ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၉**

ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကျင်းပစဉ်။ (မြဝတီ)

အစည်းအဝေးသို့ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်တာဝန်ရှိသူများ၊ RCSS/SSA နှင့် PNLO အဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အရပ်သားကိုယ်စားလှယ်များ တက်ရောက်ကြပြီး ပြည်နယ်အဆင့် ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဥက္ကဌ တိုင်းမှူးနှင့် ဒုတိယဥက္ကဌ ဦးစိုင်းအောင်မြတို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။

ထို့နောက် ပြည်နယ်အဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအဖွဲ့ဝင်များနှင့် တက်ရောက်လာသူများက အရပ်သားများကို အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရေး၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စစ်ဘက်ကျင့်ဝတ်များ လိုက်နာရေး၊ ထိတွေ့ပစ်ခတ်တိုက်ခိုက်မှုမရှိစေရေးနှင့် နယ်မြေအတွင်း စည်းကမ်းဖောက်ဖျက်မှုများရှိပါက နှစ်ဖက်ပူးတွဲစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းရေးတို့ကို ညှိနှိုင်းဆွေးနွေးကြပြီး တိုင်းမှူးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

❖ လျှပ်စစ်ရထားမှ

ရပ်ဆိုင်းရခြင်းဖြစ်ကြောင်း အဆိုပါ သတင်းစာရှင်းလင်းပွဲမှသိရသည်။

"လက်ရှိအနေနဲ့ ရပ်ဆိုင်းတဲ့အခါမှာ ကျန်တဲ့ကွန်တိန်နာကားတွေ၊ ပြေးဆွဲနေတဲ့ ကားတွေနဲ့ မတော်တဆမှုတွေ လျော့ကျသွားမယ်၊ လျှပ်စစ်ရထားတွေကို ဝါးတန်းမှာပဲထားမှာပါ။ လိုအပ်တဲ့အချိန် လိုအပ်တဲ့နေရာမှာ အချိန်မရွေး ထုတ်သုံးလို့ရတဲ့အဆင့်ဖြစ်အောင် လုပ်ထားမှာပါ"ဟု မြန်မာ့မီးရထား (အောက်မြန်မာပြည်)အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ပြောသည်။

မြန်မာ့မီးရထားက ဝါးတန်းလမ်းမှ လင်းစဒေါင်းအထိ တွဲဆိုင်း သုံးတွဲပါ နှစ်ဆိုင်း၊ တွဲဆိုင်း တစ်တွဲပါ တစ်ဆိုင်း စုစုပေါင်း နှစ်စင်းနှင့် ယခုနှစ် ဇန်နဝါရီ ၁၀ ရက်မှ ပြေးဆွဲခဲ့ရာ လျှပ်စစ်ရထားများ၏ တစ်ရက်ဝင်ငွေမှာ ကျပ် ၄၅၀၀ နှင့် ၅၀၀၀ ကြားရရှိခဲ့သော်လည်း နောက်ပိုင်း ခရီးသည် စီးနင်းမှုမရှိသလောက်နည်းပါးခဲ့ကြောင်း၊ လျှပ်စစ်ရထားပြေးဆွဲမှုအတွက် တစ်ရက်ကုန်ကျစရိတ် ကျပ် ၁၅၀၀၀ နီးပါးရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ဇူလိုင် ၁ ရက်တွင် ရပ်နားတော့မည့် လျှပ်စစ်ရထားများသည် ပြေးဆွဲစဉ်အခါက မြန်မာ့မီးရထားက ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့နိုင်စေရန်၊ ခရီးသွားပြည်သူများ သက်သောင့်သက်သာ သွားလာနိုင်စေရန် ကားလမ်းပေါ်တွင် လျှပ်စစ်ရထား(TRAM) ပြေးဆွဲခြင်းဖြင့် ပြည်သူများကားနှင့် ရထားဆက်စပ်အသုံးပြုခြင်းကို ရင်းနှီးကျွမ်းဝင်မှုရှိလာစေရန်၊ ဒီဇယ်ရထားများအသုံးပြုခြင်းစနစ်မှ လျှပ်စစ်ရထားအသုံးပြုခြင်းစနစ်သို့ ကူးပြောင်းရန်အတွက် နည်းပညာကျွမ်းကျင်မှုများ ရရှိရန်နှင့်အနာဂတ်တွင် လျှပ်စစ်ရထားကွန်ရက်ကို တိုးချဲ့ဆောင်ရွက်နိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ပြေးဆွဲခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ လျှပ်စစ်ရထားပြေးဆွဲမှုအတွက် နိုင်ငံတော်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ သန်း အကုန်ကျခံခဲ့ပြီး ဂျပန်နိုင်ငံ West Coporation နှင့် ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် စာချုပ်ချုပ်ဆို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက် လျှပ်စစ်ရထားပြေးဆွဲခြင်းကို ဝါးတန်းဘူတာမှ လင်းစဒေါင်းဘူတာထိပြေးဆွဲသွားမည်ဖြစ်ပြီး ခရီးစဉ်တစ်နေ့လျှင် ခြောက်ခေါက်နှုန်းဖြင့် နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီထိ ပြေးဆွဲသွားမည်ဖြစ်ကာ လက်မှတ်ခနှုန်းထားမှာ တစ်စောင်လျှင် ငွေကျပ် ၁၀၀ ဖြစ်ကြောင်း သိရသည်။

သတင်း-သီသီမင်း၊ ဓာတ်ပုံ-ကိုဇော်

# ယူရို ၆၉ ဒသမ ၇၈ သန်းတန်ဖိုးရှိ ကျောက်စိမ်းတွဲပေါင်း ၅၈၉ တွဲရောင်းချ

**နေပြည်တော် ဇွန် ၂၉**

(၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၆၀၆၂ တွဲအနက်မှ ဒုတိယအကြိမ် အတွဲ ၁၀၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ပြကြရာ ယူရို ၆၉ ဒသမ ၇၈ သန်းတန်ဖိုးရှိ ၅၈၉ တွဲကို ရောင်းချခဲ့ရသည်။

ပြပွဲ၏ပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲ ၆၂၄ တွဲကို ယူရို ၃၆ ဒသမ ၅၆ သန်းဖြင့် ရောင်းချခဲ့ပြီး ယခင်နေ့များက ပုလဲအတွဲပေါင်း ၃၁၂ တွဲကို ၃ ဒသမ ၁၂ သန်း၊ ကျောက်မျက်အတွဲပေါင်း ၆၃ တွဲကို ၃ ဒသမ ၂၉ သန်းဖြင့် ရောင်းချခဲ့ပြီးဖြစ်၍ ယနေ့အထိ စုစုပေါင်းရောင်းချရငွေမှာ ယူရို ၁၀၆ ဒသမ ၃၄ သန်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပိုမိုအရည်ကောင်းမွန်သောကျောက်စိမ်းအတွဲ ၁၀၀၀ စီကို ဇူလိုင် ၃ ရက်အထိ နေ့စဉ်ပြသရောင်းချမည်ဖြစ်ပြီး ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ ယူရို ၁၀ သန်းတန် ကျောက်စိမ်းအပါအဝင် ယူရို ၂၀၀၀၀၁ တန်ဖိုးအထက်ရှိ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ကံစုကျေးရွာ၌ ပီတိစာကြည့်တိုက်တွင် Tablet များဖြင့် ဝန်ဆောင်မှုပေး

**ဘိုကလေး ဇွန် ၂၉**

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကံစုကျေးရွာရှိ ပီတိစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၈ ရက်က အဆိုပါ စာကြည့်တိုက်အဆောက်အအုံတွင် ကျင်းပရာ ဘိုကလေးမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးခိုင်၊ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်လဲ့လဲ့အေးနှင့် ဌာနဆိုင်ရာများ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ကံစုအရှေ့ကျေးရွာမူလတန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။



ထို့နောက် မြို့နယ်ပြန်/ဆက်ဦးစီးမှူးက ပီတိစာကြည့်တိုက်ကို နိုင်ငံတော်မှ ငွေကျပ် ၁၀ သိန်း၊ ကျေးရွာပြည်သူများက ငွေကျပ် ၁၇၄၂၆၁၅ အကုန်အကျခံ တည်ဆောက်ခြင်းဖြစ်ကြောင်း၊ သုတ ရသ စာအုပ် ၃၇၀ ခန့်နှင့် သတင်းစာစောင်များ ထားရှိပေးထားကြောင်း၊ MBAPF မှ လှူဒါန်းသော Tablet များ ဖြင့်လည်း ဝန်ဆောင်မှုပေးထားကြောင်း၊ ပြည်သူကို မျက်နှာမူသော စာကြည့်တိုက်ဝန်ဆောင်မှုစနစ်ဖြင့် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း ပြောသည်။

(သပြေထွန်း)

# ကချင်အမျိုးသားများ ဒီမိုကရေစီကွန်ဂရက်ပါတီအား ကချင်အမျိုးသားကွန်ဂရက်ပါတီအမည်သို့ ပြောင်းလဲခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၁၃/၂၀၁၆)
**၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်**
**(၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၉ ရက်)**

**ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီအား ကချင်အမျိုးသားကွန်ဂရက်ပါတီ [Kachin National Congress (KNC)]အမည်သို့ ပြောင်းလဲခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ မှတ်ပုံတင်အမှတ် (၆၈)ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီ** သည် ယင်းပါတီ၏ အမည်ကို **ကချင်အမျိုးသားကွန်ဂရက်ပါတီ [Kachin National Congress (KNC)]** အမည်သို့ ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စိစစ်ပြီး ပါတီ၏အမည်ကို ပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီ**အား ၂၉-၆-၂၀၁၆ ရက်နေ့မှစ၍ **ကချင်အမျိုးသားကွန်ဂရက်ပါတီ [Kachin National Congress (KNC)]** အမည်ဖြင့် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

○ ကျောဖုံးမှ

ရတနာပုံအသင်းသည် ထွန်းငြိမ်း၊ ရဲရင့်ထွန်းစသည့် ကစားသမားများကို ပွဲထုတ်ခဲ့သော်လည်း ရန်ပိုင်၊ အောင်သူ၊ စည်သူအောင်တို့အပါအဝင် နိုင်ငံခြားသားသုံးဦးဖြင့် လူစုံခဲ့သည်။ ပွဲအစပိုင်းတွင် ရတနာပုံအသင်းပိုဖိကစားနိုင်ခဲ့ပြီး ၁၄ မိနစ်တွင် ဝင်းနိုင်စိုးက စည်သူအောင်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရသောကြောင့် Horizon အသင်းချေပဂိုးပြန်ရရန် ကြိုးပမ်းလာကာ အခွင့်အရေးအချို့ပြန်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ရတနာပုံအသင်းမှ အောင်သူနှင့်ထွန်းငြိမ်းတို့ဒဏ်ရာရရှိ၍ လူစားလဲခဲ့ရသည်။

ဒုတိယပိုင်းတွင် ရတနာပုံအသင်းက ပွဲကိုထိန်းကစားသွားပြီး မိနစ် ၆၀ တွင် Horizon နောက်ခံလူလက်ထိခဲ့သောကြောင့် ပင်နယ်တီရခဲ့ပြီး တိုက်စစ်မှူး မာတူနာက ဒုတိယဂိုးအဖြစ် သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရတနာပုံအသင်းက ပွဲကို ထိန်းချုပ်သွားပြီး ဝင်းနိုင်စိုးက ၇၅၊ ၈၄ မိနစ်တို့တွင် နှစ်ဂိုးထပ်မံသွင်းယူခဲ့သောကြောင့် ဟက်ထရစ်ရရှိခဲ့သည်။ Horizon အတွက် ချေပဂိုးတစ်ဂိုးကို ၈၉ မိနစ်တွင် ချန်ဟီကင်မ်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် မကွေးအသင်းက ချင်းယူနိုက်တက်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပွဲအစ စက္ကန့်ပိုင်းတွင် သွင်းယူသည့် ညီညီမင်း၏ ဂိုးဖြင့် ချင်းယူနိုက်တက်ဦးဆောင်နိုင်ခဲ့သော်လည်း မကွေးအတွက် မိနစ် ၇၀ တွင် စိုးမင်းနိုင်က ချေပဂိုး၊ ၇၁ မိနစ်တွင် ထူးထူးအောင်က အနိုင်ဂိုးသွင်းယူခဲ့ခြင်း ဖြစ်သည်။

ယနေ့ပွဲစဉ်များအပြီးတွင် ကွာတားဖိုင်နယ်သို့ ရန်ကုန်၊ ဟံသာဝတီ၊ မြဝတီ၊ ရှမ်းယူနိုက်တက်၊ ရတနာပုံနှင့် မကွေးအသင်းတို့ တက်ရောက်သွားပြီဖြစ်ပြီး လက်ကျန်နှစ်ပွဲ ကစားရန်ကျန်ရှိနေသည်။ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ရန်ကုန်နှင့် ဟံသာဝတီ၊ မြဝတီနှင့် ရတနာပုံ၊ ရှမ်းယူနိုက်တက်နှင့် မကွေးအသင်းတို့တွေ့ဆုံလျက်ရှိသည်။

(ရှိုင်းထက်ဇော်)

# တရုတ်-မြန်မာ လယ်ယာကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ စည်းဝေး

**နေပြည်တော် ဇွန် ၂၉**

အာဆီယံ+ ၃ တွင်သာမက အခြားသော ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍနယ်ပယ်များအလိုက် မြန်မာနှင့် တရုတ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် အရည်အသွေး ပြည့်မီစိတ်ချရသည့် ပဲအမျိုးမျိုး၊ ပြောင်း၊ ရော်ဘာ၊ ဆန်စပါး၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ အပါအဝင် အခြား စိုက်ပျိုးရေးထွက်ကုန်များကို အိမ်နီးချင်းနိုင်ငံများသို့ ဥပဒေနှင့်အညီ တရားဝင် တင်ပို့ရောင်းချနိုင်ရေး၊ ပို့ကုန် သွင်းကုန်ဆိုင်ရာ တန်ဖိုးသတ်မှတ်တွက်ချက်ရာတွင် နှစ်နိုင်ငံ၏ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့် အညီရှိစေရန် စနစ်တကျဆောင်ရွက်မှသာ ကောင်းမွန်သော အကျိုးရလဒ်ကို ခံစားရမည် ဖြစ်ကြောင်း၊ တရုတ်-မြန်မာနှစ်နိုင်ငံကြား လယ်ယာကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပိုမိုတိုးမြှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာများတွင် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်စေရန် ကာလတို၊ ကာလရှည် မျှော်မှန်းချက်များနှင့် အစီအမံများ ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဇွန် ၂၇ ရက် နံနက် ၁၀ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တရုတ်-မြန်မာ လယ်ယာကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီအစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ထိုသို့ ဆွေးနွေး ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေး ဒုတိယဝန်ကြီး H.E. Mr. Yu Xinrong က စိုက်ပျိုးရေးနှင့် မွေးမြူရေး ကဏ္ဍဆိုင်ရာများနှင့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်စေရန် ဇီဝနည်းပညာဆိုင်ရာများ၊ စပ်မျိုးစပါးထုတ်လုပ်မှုနည်းပညာများ၊ ရေ စီမံခန့်ခွဲမှု နည်းစနစ်များနှင့် စိုက်ပျိုးရေးထွက်ကုန်များ အဆင့်မြှင့်တင် တင်ပို့ရောင်းချနိုင်ရေးတို့အတွက် လိုအပ်သော နည်းပညာများနှင့် အတွေ့အကြုံများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ကော်မတီအစည်းအဝေးတွင် နှစ်ဖက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် ကာလတို၊ ကာလရှည် စီမံကိန်းများ သတ်မှတ်ပြီး ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ကဏ္ဍအလိုက် အသီးသီးပါဝင်ဆွေးနွေးကြသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ စိုက်ပျိုးရေး ဒုတိယဝန်ကြီး H.E. Mr. Yu Xinrong ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇွန် ၂၆ ရက်က နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သုတေသန စိုက်ကွင်းများ၊ မျိုးစေ့ထုတ် စိုက်ကွင်းများ၊ နေပြည်တော် လယ်ဝေးမြို့နယ်ရှိ အမှတ် (၄၇) စက်မှုလယ်ယာ စခန်းများသို့ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှု အခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၂၄-၆-၂၀၁၆ ရက်က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၆-၆-၂၀၁၆ ရက်မှ ၁၇-၆-၂၀၁၆ ရက်ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ လေးဦး၊ ဂျာနယ်ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ တစ်ဦး၊ မဂ္ဂဇင်း တစ်ဦး၊ အထွေထွေခြောက်ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း ၁၆ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၃၄၅ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၁၈၂၆ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၀၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၂၁၁ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦး၊ မဂ္ဂဇင်းအသစ်လျှောက်ထားသူ တစ်ဦးနှင့် ဂျာနယ်လျှောက်ထားသူတစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# မြို့သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေး ညောင်လေးပင်မြို့၌ဆောင်ရွက်

**ညောင်လေးပင် ဇွန် ၂၉**

ညောင်လေးပင်မြို့သန့်ရှင်းရေး၊ မြို့မ(၅)ရပ်ကွက်အတွင်းရှိ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး ဇွန် ၂၄ ရက်က ရွှေဟင်္သာလမ်း၌ ဆောင်ရွက်ခဲ့သည်။

စုပေါင်းဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်ဦး၊ အင်ဂျင်နီယာမှူး ဦးတင်အောင်ငွေး၊ မြို့မ(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်နှင့် စည်ပင်ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်းကာ ရွှေဟင်္သာလမ်းဘေးဝဲ/ယာ ရှိ ရေမြောင်းများအတွင်း အမှိုက်များဖယ်ရှားရှင်းလင်းခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ရပ်ကွက်နေပြည်သူများ အမှိုက်များနှင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်နိုင်ရေးတို့ကိုပါ ဆောင်ရွက်ပေးကာ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဇွန် ၁၈ ရက်မှ ၂၇ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

**မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၏ စုစည်းဖော်ပြချက်အရ ဇွန် ၁၈ ရက်မှ ၂၇ ရက်အထိ စာအုပ်ပေါင်း ၁၂၀ ထွက်ရှိခဲ့ရာမှ အုပ်ရေ ၆၀ ကို ဖော်ပြလိုက်ပါသည်။**

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း ထုတ်ဝေသည့်တိုက် |
|---|---|---|---|
| ၆၁ | ပုရောဟိတ်ဦးမြတ်စံ | အသုံးချဂမ္ဘီရဝေဒ(ဒုတိယတွဲ) | ၄၅၀၀ိ/-ပြည့်ဝပျော်ရွှင် |
| ၆၂ | ဒေါက်တာခင်မောင်လွင် | ဆီးကျောက်တည်ရောဂါ | ၅၀၀၀ိ/-Fame |
| ၆၃ | မောင်တွေးထက် | ကျွန်တော်သိသောလွှတ်တော်ကိုယ်စားလှယ်များ | ၂၀၀၀ိ/-မဇ္ဈိမစာပေ |
| ၆၄ | စောဝေ | ဥရောပဒီမိုကရေစီခရီး | ၁၀၀၀ိ/-အလင်္ကာဝတ်ရည် |
| ၆၅ | မဟာဗောဓိမြိုင်ဆရာတော် ဘုရားကြီး ဝနဝါသီဥေယျမမ္မ မိထေရ် | နံနက်ခင်းမှာရှင်းစရာ(ပုဗ္ဗဏှဘာဏက ကထာ) | ၂၀၀၀ိ/-ပညာရွှေတောင် |
| ၆၆ | မဟာဗောဓိမြိုင်ဆရာတော် ဘုရားကြီး ဝနဝါသီဥေယျမမ္မ မိထေရ် | မင်းဘိသိက်ခံဝတ်ရွတ်စဉ်နေ့စဉ်သုံး ဗုဒ္ဓဘာသာဝင်လက်စွဲကျမ်း | ၂၀၀၀ိ/-ပညာရွှေတောင် |
| ၆၇ | ရန်နည်(ဘုတလင်) | အကဲဆက်မှုသီချင်း | ၁၅၀၀ိ/-အဖြူရောင်ပဲ့တင်သံ |
| ၆၈ | ကလောင်စုံ | အတူတူလမ်း | ၁၅၀၀ိ/-အဖြူရောင်ပဲ့တင်သံ |
| ၆၉ | တက္ကသိုလ်အေးမြစန္ဒာ | တို့တွေရဲ့မနက်ဖြန် | ၂၅၀၀ိ/-ရန်အောင် II |
| ၇၀ | လူထုဦးလှ | အင်းလေးပုံပြင်များ | ၁၈၀၀ိ/-လူထု |
| ၇၁ | မောင်ခင်မင်(ဓနုဖြူ) | သင်္ကေတဗေဒနိဒါန်း | ၁၀၀၀ိ/The keyThebook house |
| ၇၂ | ဇင်သန့် | အောင်မြင်ဖို့အတွက် စလိုက်ကြစို့ | ၂၈၀၀ိThe key The book house |
| ၇၃ | ဒေါက်တာတိုးလှ (သမိုင်းပါမောက္ခ-ငြိမ်း) | ရှေးမြန်မာမင်းတို့တည်ဆောက်ခဲ့သော ဆည်မြောင်းများ အပိုင်း(၂) စလင်း(မင်းဘူး) ခြောက်ခရိုင်ဆည်မြောင်းသမိုင်း | ၉၀၀၀ိ/-ပါရမီ |
| ၇၄ | လူထုဦးလှ | ကျွန်တော်လေ့သူကြီး | ၃၅၀၀ိ/-လူထု |
| ၇၅ | ခင်နှင်းဦး | သစ္စာဘက်တော်သားနှင့် အခြားဆောင်းပါးများ | ၂၅၀၀ိ/-ဇွန်ပွင့် |
| ၇၆ | ဘုန်းစင်ကြယ် | နားလည်ကြပါစေနှင့် လူငယ်ရေးရာ အတွေးဆောင်းပါးများ | ၁၂၀၀ိ/-ချိုဝေ |
| ၇၇ | မြင့်ထွန်း | တရုတ်စကားပြောဝါကျ ၉၀၀+ | ၃၀၀၀ိ/- ယဉ်မျိုး |
| ၇၈ | အရှင်အဂ္ဂသာရ (ဗုဒ္ဓသာသနာဝန်ဆောင်) | ပညတ်၊ ပရမတ်နှင့် သက္ကာယဒိဋ္ဌိ | ၁၀၀၀ိ/- ယဉ်မျိုး |
| ၇၉ | ဆရာထွန်းစိန် | အတက်မြန် အပြောမှန် ပုံစံတူပွားလေ့ကျင့်နည်း | ၃၀၀၀ိ/- လင်းထက် |
| ၈၀ | တာတေ | ကွင်းပိုင်နှမမဖဲဝါ | ၁၃၀၀ိ/- အရှေ့ဘက်ကောင်းကင် |
| ၈၁ | မင်းသိခ် | မတက်ပ | ၂၅၀၀ိ/- ဘုမ္မဝတီ |
| ၈၂ | နန္ဒာခင် | ထက်/လယ်စာစီစာကုံးများ | ၁၂၀၀ိ/- ကောင်းထွန်း |
| ၈၃ | သေက္ခတောင်ဆရာတော် | အဘိဓမ္မတ္ထသရူပဒီပနီကျမ်း | ၅၀၀၀ိ/- စိတ်ကူးချိုချို |
| ၈၄ | အောင်လှိုင်-မြန်မာ | သင်နှင့်သင့်ပြဿနာများဗုဒ္ဓနည်းကျဖြေရှင်းခြင်း | ၁၃၀၀ိ/- စိတ်ကူးချိုချို |
| ၈၅ | လှသမိန် | အင်္ဂလိပ်စကားပြောကြစို့ | ၁၃၀၀ိ/- စိတ်ကူးချိုချို |
| ၈၆ | အောင်အေး (ရန်ကုန်တက္ကသိုလ်) | အမေရိကန်သမားတော်ကြီးများညွှန်ပြသော သက်ရှည်ကျန်းမာရေး လိုတိုရှင်းအကြံပြုချက်များ | ၁၅၀၀ိ/- စိတ်ကူးချိုချို |
| ၈၇ | လှသမိန် | အင်္ဂလိပ်စကားပြောအလေ့အကျင့် | ၁၃၀၀ိ/- စိတ်ကူးချိုချို |
| ၈၈ | စိုးသိဏ်း | ရော(ခ်)ဂီတလောကမှာ ထာဝရရှင်သန်နေမည့်သူများ | ၂၅၀၀ိ/- စာပေနန်းတော် |
| ၈၉ | လှသမိန် | လက်တွေ့အင်္ဂလိပ်စကားပြော | ၁၃၀၀ိ/- စိတ်ကူးချိုချို |
| ၉၀ | လှသမိန် | လက်တွေ့ပြောကြားအင်္ဂလိပ်စကား | ၁၃၀၀ိ/- စိတ်ကူးချိုချို |
| ၉၁ | ကေသီစိုးမိုး | ကောင်းမှုနဲ့မကောင်းမှုအပါအဝင်အခြားပုံပြင်များ | ၃၀၀ိ/-စိတ်ကူးချိုချို |
| ၉၂ | မောင်ဆန္ဒ | ရာဇဝင်ထဲကပုံပြင်များ | ၃၀၀ိ/-ရွှေပဒေသာ |
| ၉၃ | ဒေါက်တာခင်မောင်ဇော် (လောကပါလ) | ခေါင်းဆောင်ကောင်းတို့၏ ဘဝကံဇာတာနှင့် ခေါင်းဆောင်မှုနည်းလမ်းကောင်းများ | ၂၅၀၀ိ/-GPG |
| ၉၄ | အရှင်သုဇာတ | ဘဒ္ဒန္တ ဟောကြားတော်မူသော ပါဠိတော်ဟောစဉ်(ပတွဲ) | ၃၅၀၀ိ/-စိန်မိုးယံ |
| ၉၅ | အရှင်တိဂုဏသာရ (ရန်ကုန်ဗုဒ္ဓတက္ကသိုလ်) | အမြင့်သို့တက်မည့်ခြေလှမ်းများ | ၁၂၀၀ိ/-အဓိပတိ |
| ၉၆ | အရှင်သုဇာတ | မေတ္တာအေးတရားပေါင်းချုပ်-၂ | ၂၀၀၀ိ/-စိန်မိုးယံ |
| ၉၇ | အရှင်သုဇာတ | မေတ္တာအေးတရားပေါင်းချုပ်-၁ | ၂၀၀၀ိ/-စိန်မိုးယံ |
| ၉၈ | အောင်ပြည့် | မမှော်ခင်တွေ့ခဲ့ရသောဒိုင်နိုင်ဆော | ၁၀၀၀ိ/-စိန်မိုးယံ |
| ၉၉ | မောင်ဟုန်ဝမ်(ကထိက) | ရှေးကမြန်မာနှင့်လူနှင့်လောကခံ | ၁၅၀၀ိ/-ဓူဝံ |
| ၁၀၀ | မောင်ခင်မင်(ဓနုဖြူ) | တစ်သံ နှစ်သံ သုံးလေးသံ မြန်မာဘာသာစကားအကြောင်းစာစု | ၂၅၀၀ိ/-ဓူဝံ |
| ၁၀၁ | ဖြိုးမောက်စာတည်း အဖွဲ့ | ဟင်းသီးဟင်းရွက်ပုံပြအဘိဓာန် (အင်္ဂလိပ်-မြန်မာ) | ၂၅၀၀ိ/-unity |
| ၁၀၂ | ကလောင်စုံ | ခုနှစ်စဉ်ကြယ်ရသဝတ္ထုတိုများ | ၂၀၀၀ိ/-ယဉ်မျိုး |
| ၁၀၃ | ကလောင်စုံ | လိပ်ပြာတစ်လှည့်ပန်းတစ်လှည့် | ၁၀၀၀ိ/-GPG |
| ၁၀၄ | မောင်သာမည | အဖွတ္တတော်လှန်ရေး | ၂၀၀၀ိ/-နှင်းဆီဖြူ |
| ၁၀၅ | ဟမ်စိုင်း (ဆေး-မန်း) | Living Togetherနောက်ကွယ်(သို့မဟုတ်) ခေတ်သစ်ရောဂါ | ၂၀၀၀ိ/-နှင်းဆီဖြူ |
| ၁၀၆ | မီနားဗား | ဆောင်းဦးပေါက် | ၁၅၀၀ိ/-နှင်းဆီဖြူ |
| ၁၀၇ | ပါမောက္ခဒေါက်တာညိမ်းညိမ်း | မိဂသမ္မတာမြစ်ကမ်းကိုတည်ပုဒ်ပြု၍ မြန်မာစုသုတေသနစာတမ်းများ | ၃၀၀၀ိ/-ဆုရောင်စဉ် |
| ၁၀၈ | မောင်စိန်ဝင်း (ပုတီကုန်း) | သူ့စိတ်ကြိုက်သူ့ဝတ္ထုတိုများ | ၄၅၀၀ိ/-UPH |
| ၁၀၉ | ကလောင်စုံ | ဂျင်နရယ်နေစောရွှေနှင့် အခြားလက်ရွေးစင်ဝတ္ထုတိုများ | ၄၅၀၀ိ/-PICA media |
| ၁၁၀ | ဒေါက်တာမြင့်မြင့်မှ စုဆောင်းပူဇော်ပါသည်။ | ဓမ္မာနုပဿနာတရားတော်အနှစ်ချုပ် အမှတ်စဉ်(၅) | ၄၀၀၀ိ/-မိဘမေတ္တာ |
| ၁၁၁ | ဟေမာန်အိမ် | ကျန်းမာပျော်ရွှင်မိခင်လောင်းဘဝတွင် | ၉၀၀ိ/-စိတ်ကူးချိုချို |
| ၁၁၂ | အန်တီချို | ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်းနှင့် မိခင်ဘဝအပါအဝင် ရင်သွေးပြုစုစောင့်ရှောက်ခြင်း | ၁၅၀၀ိ/-စိတ်ကူးချိုချို |
| ၁၁၃ | ဆရာထွန်းစိန် (EEE) | အတတ်မြန် အပြောမြန် | ၃၀၀၀ိ/-လင်းထက် |
| ၁၁၄ | မြေလတ်မောင်မြင့်သူ | ရေနည်းငါးတစ်ကောင်၏ ဘဝအားမာန် | ၂၅၀၀ိ/-လင်းလွန်းခင် |
| ၁၁၅ | မဟာဆွေ | မဟာဆွေ၏မဟာဆွေ | ၃၅၀၀ိ/-ပြုံးစာပေ |
| ၁၁၆ | မောင်မှိုင်းလွင်(အင်းဝ) | ခွပ်မှလှတဲ့ဒေါင်း | ၁၅၀၀ိ/-နှစ်ကာလများ |
| ၁၁၇ | မောင်မှိုင်းလွင် (အင်းဝ) | ကဗျာရှည် (၅)ပုဒ် | ၁၀၀၀ိ/-နှစ်ကာလများ |
| ၁၁၈ | နိုင်းနိုင်း | ဂျော်+CD | ၂၅၀၀ိ/-နှစ်ကာလများ |
| ၁၁၉ | ခင်မောင်ထွေး(MNA) | သမိုင်းထဲကသက်ရှိရာဇဝင်များနှင့်တွေ့ဆုံခြင်း | ၃၀၀၀ိ/-မဇ္ဈိမ |
| ၁၂၀ | ကိုမာကီ(ဇဇမျိုးဆက်) | ကျွန်တော်နှင့်အမှောင်ခေတ်ကိုစိန်ခေါ်သူများ | ၂၀၀၀ိ/-GPG |

အသစ်ထွက်ရှိသောစာအုပ်စာရင်းများကိုစာပေလောက (၂)၊ စာပေနန်းတော်၊ အင်းဝစာအုပ်ဆိုင်များမှ အချက်အလက်များစုဆောင်းပြီး နေ့အလိုက်ဖော်ပြပေးခြင်းဖြစ်ပါသည်။ ပိုမိုတိကျစွာထည့်သွင်းဖော်ပြပေးစေလိုပါက မိမိတို့ထုတ်ဝေထားသော အသစ်ထွက်ရှိသောစာအုပ်တစ်အုပ်အား မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း ရုံးအဖွဲ့မှူး အမှတ် - ၂၆၃ သိမ်ဖြူလမ်း YMCAအဆောက်အအုံ ဗိုလ်တထောင်မြို့နယ် ဖုန်း - ၀၉၃၀၀၀၂၃၁၁ သို့ ဆက်သွယ်ထည့်သွင်းနိုင်ပါသည်။

# လူထုဒေါ်အမာ၏ လူထုကိုလွမ်းရတယ်နဲ့အခြားမှတ်စုများ




**မြင့်ဆွေဦး**

မြန်မာနိုင်ငံသမိုင်းတွင် ပြည်သူလူထုက တမြတ်တနိုးဖြင့်ချစ်ကြည်လေးစားစွာ"အမေ"ဟု အမည်တပ်အခေါ်ခံရသူနှစ်ယောက်သာရှိခဲ့သည်။ တစ်ဦးမှာ ယနေ့မြန်မာနိုင်ငံတစ်နံတစ်လျားတွင် ပြည်သူ့အပေါ်မေတ္တာထား၍ နိုင်ငံနှင့်လူထုအကျိုးကိုဆောင်ရွက်ပေးနေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဖြစ်သည်။ ထို့အတူမြန်မာနိုင်ငံ စာပေလောကနှင့်အတူ ပြည်သူလူထုကအမေတပ်၍ အခေါ်ခံရသူတစ်ဦးစာရေးဆရာ၊ သတင်းဆရာ ဆရာမကြီး လူထုဒေါ်အမာဖြစ်သည်။

လူထုဒေါ်အမာသည် ၁၉၃၆ ခုနှစ် ဒုတိယကျောင်းသားသပိတ်ကြီးမှ မွေးဖွားပေးလိုက်သော ကလောင်တစ်ချောင်းဖြစ်သည်။ အိုးဝေမဂ္ဂဇင်း၊ ကြီးပွားရေးမဂ္ဂဇင်း၊ ဘားမားဂျာနယ်တို့တွင် ဝတ္ထု၊ ဆောင်းပါးများရေးသားခဲ့သည်။ ကြီးပွားရေးမဂ္ဂဇင်းတွင် ခင်လဝင်း၊ မြမဥ္ဇူကလောင်အမည်များဖြင့်ရေးသားခဲ့သည်။

၁၉၃၉ ခုနှစ်တွင် ကြီးပွားရေးဦးလှနှင့်လက်ထပ်ခဲ့ပြီး ၁၉၄၅ ခုနှစ် ဇူလိုင်လတွင် လူထုဂျာနယ်ကို စတင်ထုတ်ဝေသည့်အခါ လက်ထောက်အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၄၆ ခုနှစ် ဧပြီ ၁၉ ရက်နေ့တွင် လူထုသတင်းစာကိုထုတ်ဝေသည့်အခါ အယ်ဒီတာအဖွဲ့ဝင်အဖြစ်ဆောင်ရွက်ခဲ့သည်။

၁၉၄၉ ခုနှစ်တွင် လူထုသတင်းစာနှင့်ကြီးပွားရေးပုံနှိပ်တိုက်ကို ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲဖျက်ဆီးခြင်းခံခဲ့ရသည်။ ၁၉၄၉ ခုနှစ် ဧပြီလ ၂၄ ရက်တွင် လူထုသတင်းစာပိတ်ပင်ခံရသည်။ ၁၉၅၀ ပြည့်နှစ် နိုဝင်ဘာ ၁ ရက်နေ့တွင် လူထုသတင်းစာကိုပြန်လည်ထုတ်ဝေခဲ့သည်။ လူထုဂျာနယ်ကိုလည်း ပြန်လည်ထုတ်ဝေခဲ့သည်။ လူထုဂျာနယ်နှင့် လူထုသတင်းစာကိုတွဲ၍ ပြန်လည်ထုတ်ဝေခဲ့ချိန်မှစ၍ ခင်ပွန်းနှင့်အတူ သတင်းစာ၊ ဂျာနယ်လုပ်ငန်းများကို ဇောက်ချလုပ်ကိုခဲ့ပြီး လူထုဒေါ်အမာအမည်ဟူ၍ ထင်ရှားလာခဲ့သည်။

၁၉၅၃ ခုနှစ်တွင် လူထုဦးလှ ပုဒ်မ ၅ ဖြင့် အဖမ်းခံရသဖြင့် လူထုသတင်းစာခေါင်းကြီးများကို တာဝန်ခံရေးသားခဲ့သည်။ ၁၉၆၇ ခုနှစ် ဇူလိုင် ၇ ရက်နေ့တွင် လူထုသတင်းစာ ရပ်စဲခံရသည်။

လူထုဒေါ်အမာသည် နိုင်ငံရေးခံယူချက်ကြောင့် မိသားစုတစ်ခုလုံး သေကွဲရော၊ ရှင်ကွဲရော အကွဲကွဲအပြားပြား ကြုံတွေ့ခဲ့ရသော်လည်း လောကဓံအထုအထောင်းကို ကြံ့ကြံ့ခံကာ နောက်ဆုံးအချိန်ထိ နိုင်ငံရေး၊ လူမှုရေးအရ ပြည်သူလူထုဘက်မှ ခိုင်ခိုင်မာမာရပ်တည်ခဲ့သူဖြစ်သဖြင့် ပြည်လူထုထု၏ လေးစားချစ်ခင်မှုကိုခံရပြီး အမေလူထုဒေါ်အမာဟူ၍ ထင်ရှားခဲ့သည်။

ကြီးပွားရေးစာအုပ်တိုက်မှ လူထုဒေါ်အမာနှစ်တစ်ရာပြည့်အထိမ်းအမှတ်ဖြစ် (လူထုကို လွမ်းရတယ်နဲ့ အခြားမှတ်စုများ) စာအုပ်ကို ထုတ်ဝေခဲ့သည်။ လူထုဒေါ်အမာတွင် အကျင့်ဓလေ့ဝသီစရိုက်ကောင်းလေးနှစ်ခုရှိသည်ဟုဆိုသည်။ ယင်းမှာနေ့စဉ် ထူးခြားသည့်အဖြစ်အပျက်များကို နေ့စဉ်မှတ်တမ်းသဘောမျိုး ရေးသားခြင်းနှင့် လမ်းမှာသွားရင်းလာရင်းနှင့် ရွာဈေးလေးဖြစ်ဖြစ်၊ ပွဲဈေးလေးဖြစ်ဖြစ် တွေ့ရင်ခဏတဖြုတ်လောက်ဝင်ပြီးဈေးဝယ်ခြင်း၊ ဈေးစနည်းနာခြင်းတို့ဖြစ်သည်။ အဲဒီလိုနေ့စဉ်မပြတ် ကမ္ဘာ့အရေး၊ ဗမာ့အရေးတွေကို ထိတွေ့နေသဖြင့် လူထုဒေါ်အမာ၏ လောကအမြင်များသည် အမြဲတမ်းသစ်လွင်လေသည်။ အသက်အရွယ်အိုမင်းလာသည်အထိ အသိအမြင်များသည် ရှင်သန်ထက်မြက်နေဆဲဖြစ်သည်။

နိုင်ငံတကာသတင်းများကို မြန်မာနိုင်ငံတွင် ရုပ်မြင်သံကြားမပေါ်ခင်ကတည်းက ဘီဘီစီ၊ ဗွီအိုအေ၊ အောအင်ဒီးယား၊ ရေဒီယိုဘီဂျင်စသည့် နိုင်ငံတကာအသံလွှင့်ဌာနများက ထုတ်လွှင့်သည့်သတင်းများကို အမြဲမပြတ်နားထောင်နေသည့်အတွက် လူထုဒေါ်အမာ၏ လောကအမြင်များသည် အမြဲတမ်းသစ်လွင်ဆန်းသစ်နေလေသည်။ ထို့ကြောင့် လူငယ်အသိုင်းအဝိုင်းတွင် လူထုဒေါ်အမာအား ဒေါ်ဒေါ်မာ၊ အမေမာစသည်ဖြင့် ကြည်ညိုလေးစားမှုကိုရရှိခဲ့သူဖြစ်သည်။

ယခုထုတ်ဝေသည့် (လူထုကိုလွမ်းရတယ်နဲ့ အခြားမှတ်စုများ)မှာ ၁၉၇၀ ပြည့်နှစ်တစ်ဝိုက်က လူထုဒေါ်အမာ၏ မှတ်တမ်း၊မှတ်ရာအတိုအထွာများကို စုစည်းထုတ်ဝေထားခြင်းဖြစ်လေသည်။ တချို့မှတ်တမ်းများသည် တိုတိုထွာထွာများဖြစ်သော်လည်း (ယနေ့မှတ်တမ်း၊ နက်ဖြန်သမိုင်း) ဆိုသည့် စကားနှင့်အညီ ထိုခေတ်ကာလ၏သမိုင်းကို ပြန်လည်ရှာဖွေတွေ့ရှိသဖြင့် တစ်ခါမျှ ပုံနှိပ်ထုတ်ဝေခြင်းမရှိသေးသော မှတ်တမ်း၊ မှတ်ရာများကို လူထု ဒေါ်အမာမွေးနေ့နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ်နှင့် ထုတ်ဝေခြင်းဖြစ်သည်ဟု ဆိုလေသည်။ ၁၉၇၀ ပြည့်နှစ်တစ်ဝိုက်က မှတ်တမ်းများဖြစ်သဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်အကြောင်းကို တစေ့တစောင်းတွေ့ရလေသည်။ ထိုစဉ်က ပါတီကောင်စီတို့၏ လုပ်ရပ်အထွေထွေကို လူထုဒေါ်အမာကသတင်းသမားပီပီ ဖော်ထုတ်ဖွင့်ချမှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။









(လူထုကိုလွမ်းရတယ်)မှတ်တမ်းမှတ်စုမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုလသမဂ္ဂထဲဝင်ရေးအတွက် အယ်လ်ဘေးနီးယားတင်သွင်းသည့်အဆို အနိုင်ရသွားသည့်အကြောင်းကို ရေဒီယိုသတင်းမှနားထောင်လိုက်ရသဖြင့် လူထုသတင်းစာသာရှိလျှင် ထိုသတင်းကို မည်သို့ခေါင်းတပ်မည်၊ ခေါင်းကြီးကိုမည်သို့ရေးလိုက်မည်ဟု စဉ်းစားမိပုံကို တင်ပြထားသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က သတင်းစာများအကြောင်းကို ပွင့်ပွင့်လင်းလင်းဝေဖန်ပြီး မှတ်တမ်းမှတ်ရာရေးထားခဲ့သည်။ ယင်းမှာ (ကနေ့သတင်းစာတဲ့) ဖြစ်သည်။ ယင်းမှတ်စုမှတ်တမ်းတွင် မဆလခေတ်က သတင်းစာများအကြောင်းကို (ဗမာပြည်မှာထွက်သမျှ သတင်းစာကိုဖတ်ချင်တယ်။ ဒါကြောင့် ဟံသာဝတီအပြင် လုပ်သား(ဗမာ၊ အင်္ဂလိပ်)၊ ဂါးဒီးယန်း၊ ကြေးမုံနဲ့ ဗိုလ်တထောင်သတင်းစာ ငါးစောင်နေ့တိုင်းဝယ်တယ်။ သတင်းစာလာလို့ကောက်ကြည့်လိုက်ရင် ဖတ်ချင်စရာသတင်းကနည်းလိုက်တာ၊ ခေါင်းစဉ်တောင်ဆုံးအောင် ဖတ်မကြည့်ချင်တဲ့ သတင်းတွေကပါသေး။ ပြီးတော့ တစ်စောင်ကြည့်ပြီးရင် ကျန်တာတွေမကြည့်လည်းရတာပဲ)ဟု ဝေဖန်မှတ်တမ်းတင်ခဲ့သည်။ ထို့မှတ်တမ်းမှာပင် (ကပိုင်စာကြည့်အသင်းက ဦးလှကိုဖိတ်ပြီးဟောပြောပွဲလုပ်မည်ကြံစည်ကာ ပါတီကွဲ၊ နယ်မြေကွဲက သဘောမကျဘူး။ ဒါကြောင့် မဖိတ်ဖြစ်ဘူးတဲ့)ဟု မှတ်တမ်းတင်ခဲ့သည်။ အသုံးလုံး(၁)မှတ်စုတွင် လူထုဒေါ်အမာက အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့ပါသည်။

ကနေ့သတင်းနှစ်ခုကြားရတယ်။ တစ်ခုက ယာဉ်တွေလက်ယာဘက်က မောင်းဖို့အတွက် စီစဉ်စိုင်းပြင်းနေတယ်ဆိုတာဖြစ်တယ်။ တစ်ခုကတော့ ဝမ်းတွင်းနယ်မှာစာရေး၊ စာဖတ် မတတ်တဲ့လူကို ရက်ကန်းအလုပ်မပေးတော့ဘူးဆိုတဲ့သတင်းဖြစ်တယ်။

"ပြောင်းတာမှာ ဘာကြောင့်ပြောင်းတယ်လို့ အကြောင်းလှလှ မပြကြဘူး၊ လောလောဆယ်လည်း ပြောင်းစရာ လုံလုံလောက်လောက် ပြင်ဆင်ပြီးမရှိသေးဘူး။ ဘာလို့များဒါကို ကောက်ကိုင်ချင်ကြပါလိမ့်၊ အလုပ်မရှိလို့ ကြောင်ကလေးရေချိုးတာကျနေတာပဲ၊ ဒုက္ခမရှိ ဒုက္ခရှာလို့။

ဗမာလူမျိုးဟာ စာမတတ်သူရာခိုင်နှုန်းအနည်းဆုံးနိုင်ငံ၊ ပြီးတော့ စာတတ်ရင် ကောင်းတာဆိုးတာကိုလည်း အသိဆုံးပါ။ ဗမာ့အသိဉာဏ်ဟာထက်လည်းထက်မြက်တယ်၊ ဗမာကအကင်းလည်းပါးတယ်။ ဒါဖြစ်ရက်သားနဲ့ စာမတတ်တဲ့လူရှိကြသေးတာကတော့ စီးပွားရေးအခြေအနေ တွေကြောင့် မသင်နိုင်ကြ၊ မသင်အားကြလို့ပါ။ ဒါကိုအားလုံးစာတတ်လာအောင် မောင်းနှင်ရာမှာ အခုလိုအလုပ်အကိုင် ရရှိရေးနဲ့တော့ အကျပ်မကိုင်သင့်ဘူး။ စာမတတ်တဲ့လူတွေ ငတ်ရတော့မယ်ဆိုတာမျိုးတော့ ဘယ်လိုအဖွဲ့အစည်းမျိုးကမှ မလုပ်ထိုက်ပါဘူး။ လုပ်ကိုင်စားသောက်ရမှုနဲ့ အကျပ်ကိုင်တာဟာ အလွန်ဆိုးပါတယ်။"

အသုံးလုံးနဲ့ပတ်သက်လို့ အမှန်တိုင်းပြည်သူက သိရဖို့တော့ မလွယ်ဘူး။ ဘာလို့လဲဆိုတော့ အောက်က အလုပ်လုပ်ကြတဲ့လူတွေက အမှန်ကိုသိရအောင် လုပ်ကြတာမှ မဟုတ်ဘဲဟာကိုး။ ရွှေဘိုမှာ စာမတတ်သူ လူတစ်သိန်းရှိပါတယ်ဆိုပေမယ့် တကယ်က တစ်သိန်းမရှိဘူး။ စာတတ်တဲ့လူတွေကို မတတ်သူစာရင်းထဲထည့်ထားတာမျိုးလည်း ကြားရရဲ့။ တချို့နေရာတွေမှာ စာတတ်ပေမယ့် နေ့စားနဲ့လိုက်ကြတယ်။ စာမတတ်ဘူးလုပ်ပြီး သင်ကြသတဲ့။ တချို့နေရာတွေတော့လည်း လူလည်တွေက စာတတ်ရဲ့သားနဲ့ မတတ်ချင်ယောင်ဆောင်ပြီး ဝင်သင်၊ ချက်ချင်းတတ်တယ်လုပ်။ ဓာတ်ပုံအရိုက်ခံ၊ အသံသွင်းခံ၊ ပြောချင်တာတွေလျှောက်ပြောနဲ့ ထင်တိုင်းအခွင့်အရေးယူနေကြသတဲ့။ တချို့ရွာတွေမှာတော့လည်း ခြိမ်းခြောက်မှုက တကယ်ကြီးဆိုကိုး။ စာမသင်ရင် ဒီရွာမှာ မနေရဘူးဆိုတာမျိုးအထိ ခြိမ်းခြောက်ပြီး စာသင်ခိုင်းသတဲ့။

"ရွှေဘိုနယ်က ဆရာတစ်ဦးကတော့ အသုံးလုံးနဲ့ပတ်သက်လို့ ကုလသမဂ္ဂဆုရတာ ဆရာတွေအသင်အပြကောင်းလို့မဟုတ်ဘူး။ စာရင်းဇယားလုပ်ပြပုံကောင်းလို့ပါလို့ပြောသွားတယ်။"




လူထုဒေါ်အမာက ရွှေဘိုမှာ ကျင်းပမည့် စာပေဟောပြောပွဲအကြောင်းကိုလည်း ရေးမှတ်ခဲ့သည်။

ရွှေဘိုမှာ စာဆိုတော်နေ့ကျင်းပဖို့ ရန်ပုံငွေရှာရင်တောင် ပို့စကတ်နှစ်မျိုးကော်မတီကရိုက်ပြီး ရောင်းဖို့ဖြစ်တယ်။

"ပို့စကတ်တစ်ခုကဒီဟာပေါ့။ အဲဒါမှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ လက္ခဏာကြီးလေးရပ်ကို ထောင့်မှာထည့်လိုက်တယ်။ ဒါကိုရွှေဘိုက အာဏာပိုင်တချို့က မကြိုက်ဘူးတဲ့။ အထူးသဖြင့် တူတံစဉ်ကို သူတို့မသုံးစေချင်ဘူး။ တူတံစဉ်ဟာ ကွန်မြူနစ်ပဲ။ မြန်မာ့ဆိုရှယ်လစ်ရဲ့ အမှတ်အသားက စပါးနှံနဲ့ ခွေးသွားစိတ်ဖြစ်တယ်လို့ တရားသေမှတ်ယူပုံရမယ်။ တူတံစဉ်ကိုဖြုတ်ပစ်ရမယ်လို့ တောင်းဆိုသတဲ့။ ပို့စကတ်သမားတွေကလည်း ဆရာကြီးမှိုင်းရဲ့ ဂုဏ်မာန်မှာလည်း ဒီလက္ခဏာကြီး လေးရပ်ရှိပါတယ်လို့ ရှင်းလင်းပြောပြပါတယ်။ သို့ပေမယ့် လက်မခံဘူး။ နောက်ဆုံးတော့ တူတံစဉ်ပေါ်မှာ စာအုပ်ပုံတစ်ခုထပ်ရိုက်ပြီး ရောင်းချရသတဲ့။

"ဒုတိယ ပို့စကတ်ကတော့ ကလေးငယ်နဲ့ ချိုးရုပ်ကလေးပဲ။ ထုတ်ဝေသူများရဲ့ အဓိပ္ပာယ်က ကမ္ဘာ့ငြိမ်းချမ်းရေးရရှိမှ ငြိမ်းချမ်းသာယာမယ်၊ ငြိမ်းချမ်းစွာ ပညာသင်ကြားရမယ်လို့ဆိုချင်တာကိုး။ သို့ပေမယ့် ဒီကတ်ကို ရွှေဘိုပါတီက တော်တော်ကြီး မကြိုက်နိုင်ဘဲဖြစ်နေတယ်။ ဒါဟာ ကနေ့ပညာရေးကို သရုပ်ဖော်တာ၊ ကလေးငယ်၊ ကျောင်းသား၊ သူ့အကျႌကလေးဟာ ကျည်ဆန်ပေါက်တွေ၊ အဝါရောင်ဆိုတာ ပညာရေး၊ အပြာတွေစီးကျနေတာကမျက်ရည်တွေ။ ဒါကြောင့် ဒီပို့စကတ်ကို ထုတ်ဝေရောင်းချခြင်း မပြုပါနဲ့၊ အားလုံးသူတို့ လက်ကိုအပ်ပါ။ ဘလောက်တွေလည်း ပို့လှည့်ပါဆိုလို့ အားလုံးသူတို့ဆီ သွားအပ်လိုက်ရတယ်"။

လူထုဒေါ်အမာ၏ မှတ်စုမှတ်တမ်းများ မဆလခေတ်၏ သမိုင်းကို မှန်မှန်ကန်ကန် တင်ပြထားခြင်းဖြစ်သည်။ သတင်းစာဆရာပီပီ မခြွင်းမချန်ရေးသားတင်ပြပါသည်။ ထိုခေတ်က မဆလ အာဏာပိုင်များ၏ သရုပ်သကန်ကို တစ်စိတ်တစ်ပိုင်း ထင်သာမြင်သာအောင် မှတ်စုမှတ်တမ်းများအဖြစ် ရေးသားထားခြင်းဖြစ်သည်။

# လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇွန် ၂၉**

အင်းစိန်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းပိုင်းဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၂၈ ရက် နံနက် ၁၀ နာရီတွင် ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းက အမှာစကားပြောကြား၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးသာအောင်နှင့် ဦးဝေဖြိုးဟန်တို့က မြို့နယ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြခြင်းနှင့် သက်ဆိုင်ရာဌာနများမှ ဌာနအလိုက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များနှင့် ဌာနဆိုင်ရာများ၏ ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ အင်းစိန်မြို့နယ်အတွင်း ဆောင်ရွက်ကြရမည့် လုပ်ငန်းများကို ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးတင်ပြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေး တင်ပြခဲ့ကြောင်း သိရသည်။ **ဉာဏ်ဟိန်း(အင်းစိန်)**

# အစ္စတန်ဘူလ်ရှိလေဆိပ်တိုက်ခိုက်ခံရမှု အိုင်အက်စ်အဖွဲ့ကို တူရကီဝန်ကြီးချုပ် ပြစ်တင်




**အစ္စတန်ဘူလ် ဇွန် ၂၉**
တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ အတာတပ်လေဆိပ်၌ ဖြစ်ပွားသော အကြမ်းဖက်တိုက်ခိုက်မှုများအတွက် ဝန်ကြီးချုပ် ဘီနာလီယီဒီရင်က အစ္စလာမ့်စ်နိုင်ငံတော်(အိုင်အက်စ်)အဖွဲ့ကို ပြစ်တင်ပြောကြားလိုက်ကြောင်း၊ ယင်းအကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ၄၁ ဦးသေဆုံးခဲ့ရပြီး လူအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇွန် ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ဇွန် ၂၈ ရက်ညကဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများကို အိုင်အက်စ်အဖွဲ့ကပြုလုပ်ခဲ့သည့်လက္ခဏာများ တွေ့ရှိရကြောင်း၊ သို့ရာတွင် အကြမ်းဖက်တိုက်ခိုက်သူများ မည်သူမည်ဝါများဖြစ်သည်ကို အတည်ပြုနိုင်ရန် စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း ဝန်ကြီးချုပ်ယီဒီရင်က လေဆိပ်တွင် သတင်းထောက်များအား ပြောကြားသည်။

အစ္စတန်ဘူလ်မြို့ရှိ အတာတပ်လေဆိပ်သို့ အသေခံဗုံးခွဲတိုက်ခိုက်မည့်သူ သုံးဦး အငှားယာဉ်ဖြင့်ရောက်ရှိလာခဲ့ပြီး ဗုံးခွဲခြင်းမရှိမီ သေနတ်ပစ်ခတ်ခဲ့ကြောင်း၊ သေဆုံးသူများတွင် နိုင်ငံခြားသားများပါဝင်ကြောင်း ၎င်းက ပြောကြားသည်။

အကြမ်းဖက်သမားများကို စုစည်းညီညွတ်မှုနှင့် သွေးစည်းခိုင်မာမှုတို့နှင့်အတူ ချေမှုန်းတိုက်ခိုက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က သန္နိဋ္ဌာန်ပြုပြောကြားသည်။

အကြမ်းဖက်မှုများ အဆုံးသတ်သည်အထိ မည်သို့သော ပေးဆပ်ရမှုမျိုးဖြင့်မဆို အကြမ်းဖက်အဖွဲ့အစည်းများကို ဆက်လက်ချေမှုန်းသွားမည်ဖြစ်ကြောင်း တူရကီသမ္မတ ရီဆက်တေယစ်အာဒိုဂန်က ပြောကြားသည်။

အစ္စတန်ဘူလ်မြို့ အတာတပ်နိုင်ငံတကာလေဆိပ်တွင်ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ရှုတ်ချခဲ့သည်။

ဘန်ကီမွန်း၏ပြောရေးဆိုခွင့်ရှိသူက အဆိုပါအကြမ်းဖက်မှုကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေဖြင့် ရှုတ်ချကြောင်း ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။ ယင်းထုတ်ပြန်ကြေညာချက်တွင် အကြမ်းဖက်မှုကျူးလွန်သူများအား ဖမ်းဆီးပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် ဘန်ကီမွန်းက မျှော်လင့်ကြောင်း ရေးသားထားသည်။

အကြမ်းဖက်မှုဖြစ်ပွားပြီးနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က တူရကီနိုင်ငံဘက်မှ ခိုင်မြဲစွာရပ်တည်လျက်ရှိကြောင်းနှင့် အကြမ်းဖက်မှုများကို ဒေသတွင်းသာမက ကမ္ဘာ့နိုင်ငံများနှင့်ပူးပေါင်းကာ ချေမှုန်းတိုက်ဖျက်ရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားထားသည်။

အမေရိကန်ပြည်ထောင်စု၏ အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဂျို့စ်အန်းနက်စ်ကလည်း တူရကီနိုင်ငံတွင် ဖြစ်ပွားခဲ့သောအကြမ်းဖက်မှုကို ရှုတ်ချပါကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ အမေရိကန်အနေဖြင့် အကြမ်းဖက်မှုများ တိုက်ခိုက်ချေမှုန်းရာတွင် ကမ္ဘာ့နိုင်ငံများနည်းတူ တူရကီနိုင်ငံကို ထောက်ပံ့မှုများပေးလျက်ရှိသည်ဟု အဆိုပါထုတ်ပြန်ချက်တွင် ထည့်သွင်းရေးသားထားသည်။

**ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ။**

# ဗြိတိန်လူငယ်များက ဒုတိယအကြိမ်ဆန္ဒခံယူပွဲ ပြုလုပ်ပေးရန် တောင်းဆို

**လန်ဒန် ဇွန် ၂၉**
ဗြိတိန်နိုင်ငံတွင် လွန်ခဲ့သည့် သီတင်းပတ်ကကျင်းပခဲ့သည့် လူထုဆန္ဒခံယူပွဲတွင် ဥရောပသမဂ္ဂ(အီးယူ)မှ ဗြိတိန်နိုင်ငံနုတ်ထွက်သည့် မဲရလဒ်ကို မကျေနပ်သည့် ဗြိတိန်လူငယ် ၁၀၀၀ ကျော်က ဇွန် ၂၉ ရက်တွင် လန်ဒန်မြို့တော်၌ ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြတောင်းဆိုသူများက လန်ဒန်မြို့လယ်ရှိ ထွာဖယ်လ်ဂါရင်ပြင်တွင် စုဝေးခဲ့ကြပြီး အီးယူအလံများကို ဝှေ့ယမ်းကာ ဗြိတိန်နိုင်ငံ အီးယူအဖွဲ့တွင်ဆက်လက်တည်ရှိရေး ဆိုင်းဘုတ်များ၊ ကြွေးကြော်သံများဖြင့် တောင်းဆိုဆန္ဒပြခဲ့ကြသည်။

ဇွန် ၂၃ ရက်က ကျင်းပခဲ့သည့် လူထုဆန္ဒခံယူပွဲတွင် ဗြိတိန်နိုင်ငံရှိ အသက်ကြီးပိုင်း မဲဆန္ဒရှင်များက ဗြိတိန်နိုင်ငံကို အီးယူမှခွဲထွက်ရန် ဆန္ဒရှိခဲ့ကြပြီး ငယ်ရွယ်သူများက ဗြိတိန်နိုင်ငံကို အီးယူတွင် အဖွဲ့ဝင်အဖြစ်ဆက်လက်တည်ရှိစေလိုကြသည်။

အသက် (၂၀)ဝန်းကျင်ခန့်ရှိ ဗြိတိန်လူငယ်တစ်ဦးက သက်ကြီးပိုင်းပုဂ္ဂိုလ်များ၏ ရွေးချယ်မှုနှင့်ပတ်သက်ပြီး ၎င်းတို့လူငယ်များမှာ ဒေါသဖြစ်ရပြီး လူထုဆန္ဒခံယူပွဲရလဒ်ကို လက်မခံနိုင်ကြောင်း ပြောကြားသည်။

နောက်ထပ် အသက်(၂၀)ခန့်ရှိ မိန်းကလေးတစ်ဦးကလည်း ဗြိတိန်နိုင်ငံကို အီးယူအဖွဲ့တွင် ဆက်လက်ပါဝင်စေလိုပြီး ခွဲထွက်ရေးလှုံ့ဆော်ခဲ့သည့် ခေါင်းဆောင်များသည် မမှန်ကန်သော သတင်းအချက်အလက်များဖြန့်ဝေခဲ့ကြသည်ဟု ဆိုသည်။ ခွဲထွက်ရေးလိုလားခဲ့သူများသည်လည်း ယခုအခါ ၎င်းတို့၏ ရွေးချယ်မှုအတွက် နောင်တရနေကြပြီဟု ၎င်းက ပြောကြားသည်။

လူထုဆန္ဒခံယူပွဲမဲရလဒ်ကြေညာပြီးကတည်းက ဗြိတိန်နိုင်ငံတစ်ဝန်းတွင် အီးယူအဖွဲ့တွင် ဆက်လက်ပါဝင်လိုသူများက စုဝေးဆန္ဒပြမှုများပြုလုပ်လျက်ရှိသည်။ လူထောင်ပေါင်းများစွာကလည်း ပါလီမန်ဝက်ဘ်ဆိုက်တွင် ဒုတိယအကြိမ် ဆန္ဒခံယူပွဲကျင်းပပေးရန် အသနားခံလက်မှတ်ရေးထိုးခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ။**

◆




# တရုတ်ပြည်တွင်းလုပ် ခရီးသည်တင်ဂျက်လေယာဉ်သစ် ပထမဆုံးအကြိမ် ခရီးစဉ်ပျံသန်း

**ရှန်ဟိုင်း ဇွန် ၂၉**
တရုတ်နိုင်ငံတွင် ထုတ်လုပ်သည့် ပထမဆုံးသော ဒေသဆိုင်ရာကူးသန်းရောင်းဝယ်ရေးလုပ်ငန်းသုံး ခရီးသည်တင်ဂျက်လေယာဉ် အေအာရ်ဂျေ-၂၁ သည် ဇွန် ၂၈ ရက်တွင် ချန်ဒူးမြို့မှ ရှန်ဟိုင်းမြို့သို့ ခရီးသည်များတင်ဆောင်ကာ ပျံသန်းပြေးဆွဲကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါခရီးသည်တင် ဂျက်လေယာဉ်သည် ရှန်ဟိုင်းမြို့ရှိ ဟောင်ချောင်ကျီလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၃၇ မိနစ်တွင် ဆင်းသက်ခဲ့သည်။ ချန်ဒူးနှင့် ရှန်ဟိုင်းမြို့အကြား ခရီးစဉ်ပျံသန်းချိန်မှာ ၂ နာရီနှင့် ၁၂ မိနစ်ဖြစ်သည်။

ချန်ဒူးလေကြောင်းလိုင်းသည် ဒေသဆိုင်ရာ ခရီးစဉ်များပြေးဆွဲနိုင်သော လေယာဉ်သစ်ကို ပထမဆုံးအကြိမ် ခရီးစဉ်ပျံသန်းမှုအဖြစ် ဆီချွမ်ပြည်နယ် မြို့တော်ချန်ဒူးမှ တရုတ်နိုင်ငံ၏ ဘဏ္ဍာရေးနှင့်စီးပွားရေးလုပ်ငန်းဗဟိုဌာနဖြစ်သည့် ရှန်ဟိုင်းမြို့သို့ ပျံသန်းခဲ့ခြင်းဖြစ်သည်။

အေအာရ်ဂျေ-၂၁ တရုတ်ဘာသာဖြင့် ကျင်းဖန်(ပျံသန်းနေသည့် မီးလျှံငှက်)ဟု အမည်ပေးထားသော လေယာဉ်သည် ရက်သတ္တတစ်ပတ်တွင် သုံးရက်ခရီးစဉ်ပျံသန်းမည်ဖြစ်သည်။

အဆိုပါလေယာဉ်ကို ရှန်ဟိုင်းမြို့အခြေစိုက် ကုန်သွယ်လေကြောင်းလေယာဉ်ထုတ်လုပ်ရေး ကော်ပိုရေးရှင်းက တည်ဆောက်ခြင်းဖြစ်ပြီး ဂျက်အင်ဂျင်နှစ်လုံးတပ် အမျိုးအစားဖြစ်သည်။ ခရီးသည် ဦးရေ ၉၀ တင်ဆောင်နိုင်ကာ ခရီးတာအကွာအဝေး ၂၂၂၅ ကီလိုမီတာမှ ကီလိုမီတာ ၃၇၀၀ အထိပျံသန်းနိုင်သည်။

ယင်းလေယာဉ်အမျိုးအစား အစင်းရေ ၃၀၀ ကျော်ထုတ်လုပ်ပေးရန် လေကြောင်းလိုင်း ၁၉ ခုထံမှ အမှာစာများရရှိထားပြီး လေကြောင်းလိုင်းသုံးခုမှာ ကွန်ဂိုသမ္မတနိုင်ငံမှဖြစ်သည်။

**ဆင်ဟွာ။**

❊

# အိန္ဒိယဝန်ကြီးချုပ် အာဖရိကလေးနိုင်ငံသို့ သွားရောက်မည်

**နယူးဒေလီ ဇွန် ၂၉**
စွမ်းအင်ကဏ္ဍ၊ ပင်လယ်ရေကြောင်းလုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်နိုင်ရန်အတွက် အာဖရိကအရှေ့ပိုင်းနှင့် အာဖရိကတောင်ပိုင်းဒေသတို့ရှိ နိုင်ငံလေးနိုင်ငံသို့ လာမည့်လအစောပိုင်းတွင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရိန္ဒြာမိုဒီသွားရောက်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇွန် ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ်မိုဒီသည် ကင်ညာ၊ မိုဇမ်ဘစ်၊ တန်ဇန်းနီးယားနှင့် တောင်အာဖရိကနိုင်ငံတို့သို့ ဇူလိုင် ၇ ရက်မှ ၁၁ ရက်အထိ သွားရောက်မည်ဖြစ်ပြီး ခရီးစဉ်အတွင်း၌ အာဖရိကတိုက်ဒေသအနှံ့အပြားသို့ ရောက်ရှိနေသည့် အိန္ဒိယနွယ်ဖွားများနှင့်လည်း တွေ့ဆုံသွားမည်ဖြစ်ကြောင်း အီကော်နောမစ်တိုင်းမ်သတင်းစာက အမည်မဖော်လိုသော အစိုးရတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက်ဖော်ပြသည်။ ခေတ်သစ်အိန္ဒိယနိုင်ငံကို တည်ထောင်သူ မဟတ္တမဂန္ဓီသည် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ခန့်က တောင်အာဖရိကနိုင်ငံအတွင်း ခရီးသွားလာရာတွင် အသုံးပြုခဲ့သည့်ရထားများကို ဝန်ကြီးချုပ်မိုဒီက သွားရောက် လေ့လာကြည့်ရှုမည်ဖြစ်သည်။

အိန္ဒိယသမုဒ္ဒရာအား မျက်နှာချင်းဆိုင်နေသည့် အာဖရိကကမ်းခြေမှ နိုင်ငံများအားလုံးနီးပါးလိုလိုတွင် အိန္ဒိယနွယ်ဖွားအများအပြား အခြေချနေထိုင်လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည်။

ဇွန်လအစောပိုင်းက အိန္ဒိယသမ္မတနိုင်ငံ သမ္မတပရာနတ်မူခါဂျီးသည် အာဖရိကတိုက် သုံးနိုင်ငံသို့ ခရီးသွားခဲ့ပြီးနောက် အိန္ဒိယဝန်ကြီးချုပ်၏ အာဖရိကတိုက်ခရီးစဉ် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

**ဆင်ဟွာ။**

❒

# ယူ ၂၀ နည်းပြ ဆော့ဂိတ်အား ယာယီနည်းပြအဖြစ် ခန့်အပ်ရန် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်ပြင်ဆင်



အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်သည် နည်းပြရွိုင်းဟော့ဂ်ဆန် အသင်းနည်းပြအဖြစ်မှ နုတ်ထွက်သွားပြီးနောက် အသက်(၂၁)နှစ်အောက် အင်္ဂလန်နည်းပြဖြစ်သည့် ဆော့ဂိတ်အား ယာယီနည်းပြအဖြစ်ခန့်အပ်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

နည်းပြရွိုင်းဟော့ဂ်ဆန်သည် အိုက်စလန်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ယူရို ၂၀၁၆ ပြိုင်ပွဲ၏ ၁၆ သင်းအဆင့်ပွဲစဉ်အပြီး အင်္ဂလန်နည်းပြဘဝကို လေးနှစ်တာဖြတ်သန်းခဲ့ပြီးနောက် လက်ရွေးစင်နည်းပြအဖြစ်မှ နုတ်ထွက်သွားခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်၏ အမှုဆောင်အရာရှိချုပ်မာတင်ဂလန်းက စက်တင်ဘာလအတွင်း ယှဉ်ပြိုင်ကစားရမည့် အင်္ဂလန်အသင်းနှင့် ဆလိုဗက်ကီးယားအသင်းတို့ပွဲစဉ်တွင် အသက်(၂၁)နှစ်အောက် အင်္ဂလန်နည်းပြဖြစ်သူ ဆော့ဂိတ်အား တာဝန်ယူကိုင်တွယ်စေလိုကြောင်း ပြောကြားခဲ့သည်။

လက်ရှိတွင် နည်းပြသစ်ရွေးချယ်ရေးလုပ်ငန်းစဉ်များကို အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်လုပ်ဆောင်လျက်ရှိပြီး အမှုဆောင်အရာရှိချုပ် မာတင်ဂလန်း၊ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင်ဒေးဗစ်ဂီးလ်နှင့် နည်းစနစ်ဒါရိုက်တာ ဒန်အက်ရှ်ဝေါ့သ်တို့က ဦးစီးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အင်္ဂလန်အသင်းအတွက် နည်းပြသစ်ရှာဖွေလျက်ရှိရာတွင် အင်္ဂလန်နည်းပြများကိုရွေးချယ်ရန် မာတင်ဂလန်းက ငြင်းဆိုခဲ့ပြီး နိုင်ငံခြားသားနည်းပြတစ်ဦးကိုသာ ရွေးချယ်မည်ဟုဆိုခဲ့သည်။ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်သည် အသက်(၂၁)နှစ်အောက်နည်းပြ ဆော့ဂိတ်အပြင် ဂယ်ရီနဗီးလ်၊ အာစင်ဝင်းဂါး၊ ဘရန်ဒန်ရော့ဂျာနှင့် မော်ရင်ဟိုတို့ကိုလည်း အင်္ဂလန်နည်းပြသစ်အဖြစ် ခန့်အပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **(ငွေကြယ်)**

# ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲ လူရွေးချယ်မည်

**နေပြည်တော် ဇွန် ၂၉**

၂၀၁၆ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် စင်ကာပူနိုင်ငံ၌ Oversea-Chinese Banking Corporation Limited မှ ကြီးမှူးကျင်းပမည့် OCBC ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲ အမျိုးသားကီလိုမီတာ ၄၀ တစ်ဦးချင်း စံချိန်ပြပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် စက်ဘီးအားကစားသမားလူရွေးချယ်ပွဲကို ဇူလိုင် ၂၃ ရက်တွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် ဖုန်း ၀၉-၂၅၀၂၀၅၆၅၁ သို့ ဆက်သွယ်စာရင်းပေးစုံစမ်းနိုင်ကြောင်း သိရသည်။

**(နိုင်လင်းကြည်)**

# ဂျူဒိုအားကစားသမားများအား ဂုဏ်ပြုချီးမြှင့်


**နေပြည်တော် ဇွန် ၂၉**

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အောင်ပွဲရမြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားမောင်မယ်များအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကို ဇွန် ၂၈ ရက် ညနေ ၆ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် Western Park Royal Restaurant ၌ ကျင်းပခဲ့သည်။

ဆုရရှိသော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးက (-၁၀၀) ကီလိုတန်းတွင် ရွှေတံဆိပ်ဆုရ မောင်ရန်နိုင်စိုးနှင့် (+၇၈) ကီလိုတန်းတွင် ရွှေတံဆိပ်ဆုရ မခင်မျိုးသူတို့အား ဂုဏ်ပြုဆုငွေကျပ် သိန်း ၅၀ နေပြည်တော်ကောင်စီဥက္ကဋ္ဌဒေါက်တာ မျိုးအောင်က (+၁၀၀) ကီလိုတန်းတွင် ငွေတံဆိပ်ဆုရ မောင်ဇင်လင်းအောင်၊ (-၇၈)ကီလိုတန်းတွင် ငွေတံဆိပ်ဆုရ မအေးအေးအောင်နှင့် (-၇၀)ကီလိုတန်းတွင် ငွေတံဆိပ်ဆုရ မဖြိုးရွှေစင်ကျော်တို့အား ဂုဏ်ပြုဆုငွေကျပ် သိန်း ၂၀ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက (-၇၀) ကီလိုတန်းတွင် ကြေးတံဆိပ်ဆုရ မောင်ဇော်မျိုးဦးနှင့် (-၅၇) ကီလိုတန်းတွင် ကြေးတံဆိပ်ဆုရ မခင်ခင်စုတို့အား ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းနှင့် အုပ်ချုပ်သူ/နည်းပြအဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေကျပ် ၂၅ သိန်းအား အသီးသီး ဂုဏ်ပြုပေးအပ်ချီးမြှင့်ခဲ့ကြသည်။

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားမောင်မယ်များသည် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်နှစ်ခုဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး ဂုဏ်ပြုပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂျူဒိုဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အုပ်ချုပ်သူ/နည်းပြများ၊ အောင်ပွဲရအားကစားသမားများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

**(နိုင်လင်းကြည်)**



# ဆောက်သမ်တန်တိုက်စစ်မှူး ဆာဒီယိုမာနေးအား ပေါင် ၃၄ သန်းဖြင့် လီဗာပူးအသင်းခေါ်ယူ

ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းသည် ဆောက်သမ်တန်တိုက်စစ်မှူး ဆာဒီယိုမာနေးအား ပြောင်းရွှေ့ကြေးပေါင် ၃၄ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးမာနေးသည် လီဗာပူးအသင်းနှင့် ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ပြီး ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူခဲ့သည့် ဂျာမနီဂိုးသမား လိုရစ်ကာရီးယပ်နှင့် ကင်မရွန်း နောက်တန်းကစားသမား ဂျိုးလ်မာတစ်တို့ပြီးပါက လီဗာပူးအသင်း၏ တတိယမြောက်ခေါ်ယူခဲ့သည့် ကစားသမားလည်းဖြစ်လာခဲ့သည်။

လက်ရှိတွင် ပြောင်းရွှေ့ကြေးပေါင် ၃၄ သန်းဖြင့် စာချုပ်ချုပ်ဆိုထားသော်လည်း ပေါင် ၃၆ သန်းအထိတိုးမြှင့်ရရှိမည်ဖြစ်သောကြောင့် ၂၀၁၁ ခုနှစ်အတွင်း ပေါင် ၃၅ သန်းဖြင့် ခေါ်ယူခဲ့သည့် တိုက်စစ်မှူး အန်ဒီကာရိုးလ်ကိုကျော်ဖြတ်ကာ လီဗာပူးအသင်း၏ ဈေးအကြီးဆုံးကစားသမားလည်းဖြစ်လာမည်ဖြစ်သည်။

တိုက်စစ်မှူးမာနေးသည် ဆောက်သမ်တန်အသင်းနှင့်အတူ ပရီမီယာလိဂ်ပွဲစဉ် ၆၇ ပွဲအထိပါဝင်ကစားပေးထားပြီး သွင်းဂိုး ၂၁ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့သည်။ တိုက်စစ်မှူးမာနေးသည် အာဖရိက ကစားသမားများအနက် ဈေးအကြီးဆုံးကစားသမားဖြစ်လာခဲ့သည့်အပြင် ဆောက်သမ်တန်အသင်းသည် ကလိုင်း၊ ဒီဂျန်လော့ဗ်ရန်၊ ရစ်ကီ လမ်းဘာ့၊ လယ်လာနာတို့ကိုလည်း လီဗာပူးအသင်းသို့ ရောင်းချထားခဲ့ခြင်းကြောင့် လီဗာပူးအသင်းသို့ ရောက်ရှိလာသည့် ဆောက်သမ်တန်အသင်း၏ ငါးဦးမြောက်ကစားသမားလည်းဖြစ်လာခဲ့သည်။ တိုက်စစ်မှူး မာနေးသည် ဆောက်သမ်တန်အသင်းတွင် ဗဟိုတိုက်စစ်မှူးအဖြစ်သာ ကစားခဲ့ခြင်းကြောင့် လီဗာပူးအသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့်ရရှိရေးအတွက် ဘန်တီကီ၊ ဖာမီနို၊ ဒန်နီအင်၊ အိုရီဂီ၊ စတားရစ် စသည့်ကစားသမားများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**(ငွေကြယ်)**

# ဖီနာဘာချီတောင်ပံကစားသမား နာနီ ဗလင်စီယာအသင်းသို့ ပြောင်းရွှေ့မည်

မန်ယူအသင်း၏ တောင်ပံကစားသမားဟောင်းနာနီသည် လာမည့်ဘောလုံးရာသီတွင် စပိန်လာလီဂါကလပ် ဗလင်စီယာအသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း ဖီနာဘာချီအသင်းဥက္ကဋ္ဌ ယီလ်ဒီရင်က အခိုင်အမာပြောကြားခဲ့သည်။

ဗလင်စီယာအသင်းသည် တောင်ပံကစားသမားနာနီအား စာချုပ်ချုပ်ဆိုခေါ်ယူကြောင်း လူသိရှင်ကြား ကြေညာတော့မည်ဖြစ်သော်လည်း ပြောင်းရွှေ့ကြေး ယူရို ၈ ဒသမ ၅ သန်းသာပေးမည်ဖြစ်ကြောင်း သိရသည်။ အသက်(၂၉)နှစ်အရွယ်ရှိ တောင်ပံကစားသမားနာနီသည် လက်ရှိတွင် ပေါ်တူဂီလက်ရွေးစင်အသင်းနှင့်အတူ ယူရို ၂၀၁၆ ပြိုင်ပွဲတွင် ပါဝင်ကစားလျက်ရှိသည်။

တောင်ပံကစားသမားနာနီသည် လက်ရှိတွင် ပေါ်တူဂီအသင်းနှင့် ယူရို ၂၀၁၆ ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ပိုလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရန်ပြင်ဆင်လျက်ရှိပြီး မန်ယူအသင်းတွင် ပုံမှန်ခြေစွမ်းပျောက်ဆုံးခဲ့သော်လည်း ဖီနာဘာချီအသင်းတွင်မူ အကောင်းဆုံးခြေစွမ်းပြန်လည်ရရှိနေပြီဖြစ်ကြောင်းသိရသည်။

တောင်ပံကစားသမား နာနီသည် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွင် ဖီနာဘာချီအသင်းနှင့်အတူ လိဂ်ပွဲစဉ် ၂၈ ပွဲ ပါဝင်ကစားပေးခဲ့ပြီး ပြိုင်ပွဲအရပ်ရပ်တွင် သွင်းဂိုး ၁၂ ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ဖီနာဘာချီအသင်းကိုလည်း လိဂ်ပြိုင်ပွဲတွင် အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ရေးစွမ်းဆောင်ပေးနိုင်ခဲ့သည်။ **(အလင်းသစ်)**



# မြန်မာနိုင်ငံ၏ အကြီးမားဆုံး မြို့သာစက်မှုဥယျာဉ်မြို့တော်တွင် စက်ရုံများစတင်လည်ပတ်နေပြီ



**မန္တလေး ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီးအတွင်း စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မန္တလေးစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် တော်ဝင်အဆင့်မြင့် နည်းပညာအဖွဲ့ ကုမ္ပဏီလီမိတက်(RHGC)တို့၏ "မန္တလေးမြို့သာစက်မှုဥယျာဉ်မြို့" စီမံကိန်းလုပ်ငန်း တည်ဆောက်ခြင်း လုပ်ငန်းစီမံကိန်းနှင့် မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာအုပ်စု နိုင်ငံတကာအဆင့်မီ ဧရာဝတီဆိပ်ကမ်းတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၂ ခုနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်တွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မြန်မာပြည်အလယ်ပိုင်းမိုးနည်းရေရှားရပ်ဝန်းတွင် ပါဝင်သည့် မြင်းခြံခရိုင် ဆီမီးခုံဒေသနှင့် မြို့သာဒေသများကို ဗဟိုပြု၍ ဒေသခံပြည်သူများ၏ ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာပြီး တစ်ဦးချင်းဝင်ငွေတိုးတက်စေရေး၊ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန် ရည်မှန်းလျက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်(ROYAL HI-TECH GROUP CO-LTD)တို့က နိုင်ငံတကာအဆင့်မီ ဆီမီးခုံ(ဧရာဝတီ) ဆိပ်ကမ်းတည်ဆောက်ရေးနှင့် ငါန်းဇွန်မြို့နယ် မြို့သာစက်မှုဥယျာဉ်မြို့ တည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်နေရာ မြို့သာစက်မှုဥယျာဉ်မြို့တော်တွင် စက်ရုံများ တည်ဆောက်ကာ လုပ်ငန်းစတင်ကာ မီးခိုးတလူလူဖြင့် စက်ရုံအလုပ်ရုံများ လည်ပတ်နေသည်ကို တွေ့ရသည်။

မြို့သာစက်မှုဥယျာဉ်မြို့တွင် ယခုအခါ အထပ်သားစက်ရုံ၊ မွေးမြူရေးနှင့်အစာသွပ်စက်ရုံ၊ ဘီစကွတ်စက်ရုံ၊ ကိုကာကိုလာပစ္စည်း သိုလှောင်ရေးစက်ရုံများ တည်ဆောက်လည်ပတ်လျက်ရှိသည်။ နောက်ထပ်လည်း မြို့သာစက်မှုဥယျာဉ် မြို့တွင် အကြီးစားစက်ရုံများ တည်ဆောက်ရန် မြေကွက်များ ဝယ်ယူထားပြီးဖြစ်ကြောင်းသိရသည်။

မြို့သာစက်မှုဥယျာဉ်မြို့လုပ်ငန်းတွင် တစ်ခုအပါအဝင်ဖြစ်သော နိုင်ငံတကာအဆင့်မီ ဆီမီးခုံ(ဧရာဝတီ) ဆိပ်ကမ်းတည်ဆောက်ရေး လုပ်ငန်းကိုလည်း ၂၀၁၅ ခုနှစ်က စတင်၍ နိုင်ငံခြားကျွမ်းကျင်ပညာရှင်များဖြင့် တည်ဆောက်ခဲ့ရာ ဆိပ်ခံတံတားအပါအဝင် တန် ၅၀ ရှိ ကုန်တင်ကုန်ချနိုင်သည့်ကရိန်းတစ်ခုနှင့် ရေကျ၊ ရေတက်ချိန်တွင် ကုန်တင်သင်္ဘောကြီးများ အလွယ်တကူ ဆိုက်ကပ်နိုင်ရန်အတွက် ခေတ်မီနည်းပညာများဖြင့် ဆိပ်ခံဇောတံတားကို တည်ဆောက်နေရာ ၂၀၁၆ ခုနှစ် မကုန်မီ အပြီးတည်ဆောက်သွားမည်ဆို၏။ နိုင်ငံတကာအဆင့်မီ ဆီမီးခုံ(ဧရာဝတီ) ဆိပ်ကမ်းအား ဆိပ်ကမ်းစီမံခန့်ခွဲရေးရုံး၊ အဆင့်မြင့်အရာရှိရိပ်သာ၊ ဝန်ထမ်းရိပ်သာ၊ ရေချိုးခန်း၊ အိမ်သာ၊ စားရိပ်သာ၊ ဝန်ထမ်းစားသောက်ဆိုင်နှင့် ရေလှောင်ကန်များအပါအဝင် မြေဧက ၃၈၉ ဒသမ ၇၇ ဧကပေါ်တွင် ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည်။ သင်္ဘောဆိပ်မှစက်မှုဥယျာဉ်မြို့သို့ ၁၁ မိုင်ရှိ လမ်းသစ်ကိုလည်း ဖောက်လုပ်ပြီးစီးနေပြီဖြစ်သည်။

မြို့သာစက်မှုဥယျာဉ်မြို့တွင် သယ်ယူပို့ဆောင်ရေးဌာန၊ အလတ်စားစက်မှုလုပ်ငန်း၊ အသေးစားစက်မှုလုပ်ငန်း၊ အထပ်နိမ့်အိမ်ရာစီမံကိန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဇုန်၊ သိပ္ပံနှင့်သုတေသနရုံး၊ ၁၈ ကျင်းပါ ဂေါက်ကွင်း၊ ပန်းခြံနှင့် စိမ်းလမ်းစိုပြည်ရေးနေရာ၊ လုံးချင်းအိမ်ရာ၊ အထပ်မြင့်အိမ်၊ ကုန်တိုက်နှင့်ဈေးဝယ်စင်တာများ ပါရှိမည်ဖြစ်ပြီး မြေဧက ၁၁၀၀၀ ကျော်တွင် အကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်သည်။

စက်မှုဇုန်တွင် အကြီးစားစက်မှုလုပ်ငန်း၊ အလတ်စားစက်မှုလုပ်ငန်း၊ အငယ်စားစက်မှုလုပ်ငန်းများ ပါဝင်၍ စက်ရုံပေါင်း ၂၅၀၀ ကျော် ပါဝင်မည်ဖြစ်၍ ဝန်ထမ်းပေါင်း ၁၅၀၀၀၀ ထွက်ပေါ်လာမည်ဖြစ်ရာ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာမည်ဖြစ်သည်။

မြို့သာစက်မှုဥယျာဉ်မြို့ကြီးတွင် နိုင်ငံတကာ အဆင့်မီကူးသန်းရောင်းဝယ်ရေးဆိပ်ကမ်းနှင့်စက်မှုလက်မှုဆိုင်ရာလုပ်ငန်းများ အများအပြားတည်ဆောက်ပေါ်ထွက်လာပြီး မော်တော်ယာဉ်လိုင်းများ၊ စတိုးဆိုင်နှင့်(SHOPPING CENTER) များ၊ ဈေးများ၊ ဆေးရုံများ၊ ဘဏ်များ၊ စာတိုက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများ၊ ရဲစခန်းများ၊ မီးသတ်စခန်း၊ အားကစားကွင်းနှင့် ဘာသာရေးဆိုင်ရာများ အသီးသီးပေါ်ပေါက်လာပြီး အဆင့်မြင့်မြို့သစ်ကြီးတစ်ခုအဖြစ်ရောက်ရှိလာမည်ဖြစ်သည် ဆို၏။

မြို့သာစက်မှုဥယျာဉ်မြို့တွင် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိမည်ဖြစ်ပြီး လိုအပ်သော လျှပ်စစ်ဓာတ်အားကို ကုမ္ပဏီ၏အစီအစဉ်ဖြင့် ဓာတ်အားပေးစက်ရုံများ တည်ဆောက်ပေးသွားမည်ဆို၏။ ယခုအခါ မြို့သာစက်မှုဥယျာဉ်မြို့တွင် စက်ရုံအလုပ်ရုံများ စတင်လည်ပတ်နေပြီဖြစ်၍ မကြာမီကာလအတွင်း စက်ရုံအလုပ်ရုံများ ပေါ်ထွက်လာကာ မီးခိုးတလူလူ ဥသြသံတညံညံဖြင့် စည်ကားတိုးတက်လာမည့် စက်မှုမြို့တော်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။ **တင်လှိုင်**

## ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေး ထည့်သွင်းထိုးနှံခြင်း အသိပေးရှင်းလင်းပွဲကျင်းပ

**ပုသိမ် ဇွန် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် တိုင်းဒေသကြီးအတွင်း ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ပြင်းထန်သောအဆုတ်ရောင်ရောဂါကာကွယ်ဆေး ထည့်သွင်းထိုးနှံခြင်း တိုင်းဒေသကြီးအဆင့်အသိပေးရှင်းလင်းပွဲကို ဇွန် ၂၇ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာထွန်းမြင့်က အမှာစကားပြောကြားရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လက်ရှိ မြန်မာနိုင်ငံ ကျန်းမာရေးအဆင့်အတန်းပိုမိုမြင့်တင်နိုင်ရေးနှင့် ရောဂါပျံ့နှံ့ ဖြစ်ပွားမှုများကို ထိန်းချုပ်နိုင်ရန် ကာကွယ်ဆေးအသစ် ထည့်သွင်းထိုးနှံခြင်းကို ရည်မှန်းထားတဲ့အချိန်မှာ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေနှင့် ကလေးငယ်များတွင် ဖြစ်ပွားတတ်သော ကာကွယ်ဆေးနှင့်ကာကွယ်၍ရသော ရောဂါများ ကာကွယ်နိုင်ရေးအတွက် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်ခြင်း၊ ကာကွယ်ဆေးအသစ်များ ထည့်သွင်းထိုးနှံခြင်း၊ ပြည်သူလူထုပါဝင်လာအောင် စည်းရုံးခြင်းလုပ်ငန်းများကို အချိန်အဟုန်နှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အဓိကရည်ရွယ်ချက်မှာ ပြည်သူ သန်း ၅၀ကျော် ကျန်းမာရေးအဆင့်တိုးတက်လာရေး၊ ကျန်းမာရေးနှင့်ပတ်သက်သော ပြဿနာများ ဖြေရှင်းနိုင်ရေး၊ မြို့ပြနှင့်ကျေးလက် ကျန်းမာရေးဖွံ့ဖြိုးတိုးတက်လာရေးတို့ဖြစ်ကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ တိုင်းပြည်သူ့ကျန်းမာရေးဦးစီးဌာနတိုးချဲ့ကာကွယ်ဆေးအဖွဲ့ ခေါင်းဆောင် ဆရာဝန်ဒေါက်တာရွှေစင်ဦးက ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင် ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေး ထည့်သွင်းထိုးနှံခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏မေးမြန်းချက်ကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

**မောင်မောင်မြင့်(ခရိုင်ပြန်/ဆက်)**

■

## နယ်စပ်ကျေးရွာများ အခမဲ့ ဆေးကုသမှုလုပ်ငန်း ဆောင်ရွက်

**မောက်မယ် ဇွန် ၂၉**

ကျေးရွာနေ တိုင်းရင်းသားပြည်သူများ ရောဂါဘယကင်းဝေးပြီး ကျန်းမာစေရေး ရည်ရွယ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရေး အရှိန်အဟုန်မြှင့်တင်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြမြသန်းနှင့် ကျန်းမာရေးဝန်ထမ်းတို့က ဇွန် ၂၆ ရက်တွင် မောက်မယ်မြို့နယ် ဟိုလှိုင်ကျေးရွာအုပ်စု ခုံမမွန်ကျေးရွာ ဘုန်းကြီးကျောင်းတွင် အခမဲ့ဆေးကုသမှုလုပ်ငန်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြမြသန်းက ယခုရာသီအပြောင်းအလဲတွင် ဖြစ်တတ်သော ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ နှာစေးချောင်းဆိုးရောဂါနှင့် ဝမ်းရောဂါအကြောင်း သိကောင်းစရာများ ကြိုတင်ကာကွယ်နိုင်ရေး ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောပြီး မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများတို့က ကျေးရွာနေ ပြည်သူ ၂၀၀ ကျော်အား အခမဲ့ဆေးကုသပေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းများ အသိပညာပေးဟောပြောခဲ့သည်။

ဆေးကုရာဌာနသို့ မလာရောက်နိုင်သည့် လူနာများအား အိမ်တိုင်ရာရောက် လိုက်လံကုသပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ကျေးရွာအုပ်စုအတွင်းရှိ အရန်သားဖွားများကလည်း ပါဝင်ကူညီကြကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**



ရှမ်းပြည်နယ်မြောက်ပိုင်းသိန္နီမြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးဌာနက ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ပထမသုံးလပတ် ရက် ၁၀၀ အတွင်း မြို့သာယာလှပရေးလုပ်ငန်းများ ဆောက်ရွက်လျက်ရှိရာ ဇွန် ၂၃ ရက်က ပြည်ထောင်စုကားလမ်းမကြီးပေါ်မီးသတ်ရုံးထောင့်မှတြိဂံပန်းခုံအား ပန်းအလှများဖြင့်အလှဆင်ခြင်းအပါအဝင် ပန်းပင်များစိုက်ပျိုးခြင်းကို လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည်။ **သီပေါကိုလတ်**

## သတင်းစာဆရာ တေးသီချင်းဖြင့် ဂုဏ်ပြုသီဆို

**ရန်ကုန် ဇွန် ၂၉**

အင်းစိန်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၂၆ ရက် မွန်းလွဲ ၁ နာရီက အင်းစိန်မြို့နယ် သတင်းစာဆရာအသင်း၏ နှစ်ပတ်လည်အစည်းအဝေးကို ကျင်းပရာ အင်းစိန်မြို့နယ် ဂီတအစည်းအရုံးဥက္ကဋ္ဌ (ဒါရိုက်တာ-ဘုန်းဝေ) ရေးစပ်သည့် "သတင်းစာဆရာ တေးသီချင်း"ကို ဂီတမှူး ဇော်သွင်(ကီးဘုတ်)က တီးခတ်ကာ အဆိုတော် မေသူခိုင်က သတင်းစာဆရာ၊ သတင်းထောက်၊ သတင်းသမားများအား ဂုဏ်ပြုသီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

အစီအစဉ်အရ အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး မောင်ရွှေမန်း(အင်းစိန်)က ဆောင်ရွက်၍ သဘာပတိအဖြစ် ရန်ကုန်တိုင်းသတင်းစာ ဆရာအသင်းအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးသက်တင် (မောင်သာတင့်)က အဖွင့်အမှာစကားပြောကြားသည်။ အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းနာယက မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာဦးသန်းဦးက ဩဝါဒစကားချီးမြှင့်သည်။

ဆက်လက်၍ အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ - ဗိုလ်သံမဏိ - တောင်တွင်းကြီး)က နှစ်ပတ်လည် အစည်းအဝေးကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အတွင်းရေးမှူး ဦးမြင့်ဦး (မြင့်ဦး-အင်းစိန်)က နှစ်ပတ်လည်အစည်းအဝေး အစီရင်ခံစာတင်သွင်းဖတ်ကြားခဲ့ကြောင်းသိရသည်။

**ညဏ်ဟိန်း (အင်းစိန်)**

## Public Centre (၃)နှစ်ပြည့် စာစီစာကုံးနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**မင်းပြား ဇွန် ၂၉**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆုံဆည်းရာနေရာဖြစ်သည့် Public Center ၏ (၃)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် လူငယ်ဘဝရှင်သန်တိုးတက်ရေးအတွက် ကျောင်းသား လူငယ်များအား ဇွန် ၂၅ ရက်နှင့် ၂၆ရက်တို့တွင် မင်းပြားမြို့နယ် လောမုမိပြည်လုံးချမ်းသာဘုရားကြီးဓမ္မာရုံ၌ နံနက် ၈ နာရီမှ စတင်ပြီး စာစီစာကုံး၊ ကျပန်းစကား ပြောပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပသည်။

လူငယ်နှင့် မျိုးချစ်စိတ်ဓာတ် လူငယ်နှင့် ရည်မှန်းချက်၊ လူငယ့်စွမ်းပကား၊ နိုင်ငံ့အင်အား၊ အနာဂတ်ရခိုင်ပြည်ဖွံ့ဖြိုးဖို့ မူးယစ်ဆေးဝါးရှောင်ရှားစို့၊ လူငယ်နှင့် အနာဂတ်ရခိုင်ပြည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အားလုံးဝိုင်းဝန်းကူညီပေးစသည့် ခေါင်းစဉ်များနှင့် ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၁၃၄ ဦးရှိပြီး ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သတင်းစကား လက်ကမ်း စာစောင်ပေးခြင်း ဓာတ်ပုံပြပွဲ နံရံကပ်စာစောင်ပြသခြင်းကို ပြုလုပ်ထားရာ ကျောင်းသား ကျောင်းသူများ လေ့လာဖတ်ရှုကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အစားအသောက်နှင့်သက်တမ်းကုန်ရက်စွဲ

**ထွန်းအောင်လှ (လုပ်ငန်းခွင်ကျန်းမာရေး)**

စာရေးသူတို့နိုင်ငံ၌ ဖြစ်ပွားနေကြသော ရောဂါဘယများတွင် အစားအသောက်များကြောင့် ဖြစ်ပေါ်ရသော ရောဂါများက ပိုမိုများပြားလာနေကြောင်း ကြားသိနေရပါသည်။ ပြည်တွင်းမှထုတ်လုပ်သော အစားအစာများထက် ပြည်ပမှတရားမဝင် တင်သွင်းလာသော အစားအသောက်များက ပိုမိုအန္တရာယ်ပေးနိုင်ကြောင်းလည်း သိရှိရပါသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံအချို့မှ တင်သွင်းသည့် အဆင့်မမီသော၊ ကျန်းမာရေးအာမခံချက်မရှိသော အစားအသောက်များကို ပြည်သူအများ အသုံးပြုနေကြရသည်ဟု ဆိုကြပါသည်။

ကလေးများစားသော မုန့်ပဲသရေစာများကလည်း အန္တရာယ်ပေးတတ်ပါသေးသည်။ ယခုအခါ အိမ်နီးချင်းတစ်ခုမှ တင်သွင်းလာသော ကလေးစားမုန့်အချို့ကို စာသင်ကျောင်းအချို့တွင် ရောင်းချခွင့်မပြုကြောင်း ကြားသိရပါသည်။ စာရေးသူ၏သမီးငယ်အား ကျောင်းမှ ပြန်လာပြီးနောက် ချောင်းဆိုးပါက ကျောင်း၌ ထိုနေ့က ဝယ်စားခဲ့သောမုန့်များကို မေးမြန်းကြည့်ခြင်း၊ ကျောင်းလွယ်အိတ်ထဲ၌ ကျန်နေသော မုန့်လက်ကျန်များကို ကြည့်ရှုခြင်းတို့ကို ပြုလုပ်ရာ များသောအားဖြင့် အမျိုးအမည်မသိရသော၊ ဖတ်၍မရသော စာများဖြင့် ရေးသားထားသော အိမ်နီးချင်းနိုင်ငံလုပ် မုန့်များဖြစ်နေသည်ကို တွေ့ရပါသည်။ ယခုအခါ သမီးငယ်အား ဤကဲ့သို့သောတရုတ်နိုင်ငံလုပ်မုန့်များကို လုံးဝ ဝယ်မစားရန် အထူးကြပ်ကြပ်မတ်မတ် သတိပေးထားရပါသည်။

ပြည်တွင်းမှ ထုတ်လုပ်သော စားသောက်ကုန်အချို့တို့သည်လည်း အစားအစာထုတ်လုပ် ဖြန့်ချိရောင်းချခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို လိုက်နာမှုအားနည်းနေသေးကြောင်း တွေ့ရှိနေရပါသည်။

စားသောက်ကုန် ထုတ်လုပ်ခြင်းလုပ်ငန်းများ၌ လုပ်ကိုင်နေကြသော အစားအသောက်ကိုင်တွယ်သူဝန်ထမ်းများအား သက်ဆိုင်ရာမြို့နယ် ကျန်းမာရေးဌာနများတွင် ဆေးစစ်ချက်မှတ်တမ်းရယူထားရမည်ဖြစ်ပြီး တစ်နှစ်တစ်ကြိမ် ပြန်လည်စစ်ဆေးရန်လည်း လိုအပ်သည်ဟု သိရှိရပါသည်။ အဓိကကျသော ဤအချက်ကိုပင် အပြည့်အဝလိုက်နာကြပါရဲ့လားဆိုသည်ကို ဆန်းစစ်ရန် လိုအပ်ပါသည်။

အစားအသောက်ထုတ်လုပ်သော လုပ်ငန်းများအနေဖြင့် အစားအသောက်၏ အမှတ်တံဆိပ်တွင် ဖော်ပြရန်အတွက် သတ်မှတ်ထားချက်များရှိပါသည်။ ဥပမာ-ကိတ်မုန့်ဆိုကြပါစို့။ ကိတ်မုန့်နှင့်ပတ်သက်၍ အမှတ်တံဆိပ် (Brand Name)၊ အစားအသောက်အမည် (Kind of Food)၊ ပါဝင်ပစ္စည်း အမျိုးအမည်ဖော်ပြချက် (Ingredients)၊ ပါဝင်မှုပမာဏ (Net Weight)၊ ထုတ်လုပ်ရက်စွဲအမှတ်အသား (Date Marking)၊ ထုတ်လုပ်အပတ်စဉ်အမှတ်(Code No. / Lot No.)၊ ထုတ်လုပ်ရက်စွဲ (Manufacturing Date)၊ သက်တမ်းကုန်ရက်စွဲ၊ အကောင်းဆုံးစားသုံးရန်ရက်စွဲ (Expiry Date / Best Before Date)၊ ထုတ်လုပ်သူအမည်နှင့်လိပ်စာဖော်ပြချက် (Manufacturer Name and Address)၊ ထုတ်လုပ်သည့်တိုင်းပြည် (Country of Origin)၊ အခြားဖော်ပြချက်များ-ထားသိုရန်အညွှန်း (Storage Instruction)၊ သုံးစွဲရန်အညွှန်း (Direction for Use) စသည်တို့ကို ပြည့်စုံစွာဖော်ပြပေးရန် လိုအပ်ပါသည်။

သို့သော် စာရေးသူတို့ တိုင်းပြည်တွင် ထုတ်လုပ်ရောင်းချနေကြသော အစားအသောက်အချို့တို့မှာ အထက်ပါအချက်များကို လိုက်နာကျင့်သုံးခြင်းမရှိကြောင်း တွေ့ရှိနေရပါသည်။ စာရေးသူနေထိုင်ရာဒေသတွင် ရောင်းချနေသော နာမည်ကြီးမုန့်တစ်မျိုးသည် အစပိုင်း၌ များသောအားဖြင့် မုန့်ဘူး၊ မုန့်အိတ်တို့၌ ထုတ်လုပ်သောရက်စွဲ၊ သက်တမ်းကုန်ရက်စွဲတို့ မပါဝင်သည်ကို တွေ့နေရပါသည်။ နောက်ပိုင်းမှသာ အဆိုပါမုန့်တိုက်မှထုတ်သော မုန့်ဘူး၊ မုန့်အိတ်အချို့တွင် သက်တမ်းကုန်ရက်စွဲကပ်လာသည်ကို တွေ့ရှိရပါသည်။

အချို့သော မုန့်တိုက်များသည် ၎င်းတို့၏ ထုတ်ကုန်များ၌ ကပ်ထားသော သက်တမ်းကုန်ရက်စွဲအမှတ်အသားများသည် ကုန်ပစ္စည်းများ၌ ဈေးနှုန်းကပ်သည့် စတစ်ကာစက္ကူလေးများဖြင့် ရိုက်နှိပ်၍ကပ်ထားသည်ကို တွေ့ရှိနေရပါသည်။ အဆိုပါ စက္ကူစလေးများသည် အချိန်မရွေး အလွယ်တကူ ကွာကျသွားနိုင်ပါသည်။

ထို့အပြင် အချို့သောစားသောက်ကုန်များ၌ ရေးသားထားသော သက်တမ်းကုန်ရက်စွဲ အမှတ်အသားများသည် အလွယ်တကူဖတ်၍ မရသည်ကို တွေ့နေရပါသည်။ ထူးဆန်းသော သက်တမ်းကုန်ရက်စွဲကိုလည်း စာရေးသူသည် တစ်ခါက တွေ့လိုက်ရဖူးပါသည်။ ၎င်းမှာ (31 NOV 2010) ဟူ၍ ဖြစ်ပါသည်။ ထုတ်လုပ်သူများ၏ စေတနာမပါသော ဝတ်ကျေတန်းကျေ ဆောင်ရွက်မှုဖြစ်ကြောင်း ထင်ရှားနေပါသည်။ မှတ်မှတ်ရရရှိသဖြင့် အလျဉ်းသင့်၍ ဖော်ပြရခြင်းဖြစ်ပါသည်။

ထုတ်လုပ်ရက်စွဲ၊ သက်တမ်းကုန်ရက်စွဲ ကပ်ခြင်းနှင့်ပတ်သက်၍ ကပ်ထားသောစာရွက်များသည် သက်ဆိုင်ရာ မုန့်ဘူး၊ မုန့်ထုပ်များပေါ်မှ အလွယ်တကူ ကွာထွက်သွားခြင်းမရှိစေရန် ဆောင်ရွက်သင့်ပါသည်။ ကုန်အမှတ်တံဆိပ်ပေါ်တွင်ပါရှိသည့်အချက်များကို စားသုံးသူက သာမန်အခြေအနေ၌ အလွယ်တကူ မြင်နိုင်၊ ဖတ်ရှုနိုင်ရန်လည်း ဖော်ပြသင့်ပါသည်။ သို့သော် အချို့သော စားသောက်ကုန်များ၊ အချို့သော ဆေးဝါးကတ်များတွင် ဖော်ပြထားသော ထုတ်လုပ်ရက်စွဲ၊ သက်တမ်းကုန်ရက်စွဲများသည် အတော်ပင်ခက်ခက်ခဲခဲဖတ်မှ မြင်တွေ့နိုင်သော အနေအထားတွင် ရှိနေပါသည်။

မုန့်ဘူး၌ကပ်ထားသော သက်တမ်းကုန်ရက်စွဲ မတိုင်မီကာလတွင် အဆိုပါမုန့်ဘူးထဲ၌ ပါသောမုန့်များ မှိုတက်နေသည်ကို စာရေးသူ တစ်ခါကကြုံတွေ့ခဲ့ရသဖြင့် အဆိုပါမုန့်အား ဝယ်ခဲ့သောဆိုင်သို့ သွားရောက်ပြောပြသောအခါ အဆိုပါဆိုင်မှ မည်သို့မျှတာဝန်ယူဖြေရှင်းပေးခြင်းမရှိသည်ကို လက်တွေ့ကြုံခဲ့ရဖူးပါသည်။

တစ်ခါကလည်း ဈေးကြီးတစ်ခု၌ စာရေးသူဝယ်ယူမည့် မုန့်ဘူးပေါ်တွင် သက်တမ်းကုန်ရက်စွဲမပါသဖြင့် ဆိုင်ရှင်အား မုန့်ဘူးပေါ်တွင် သက်တမ်းကုန်ရက်စွဲ မပါကြောင်းပြောပြသောအခါ "မြန်မာနိုင်ငံမှာ ဒီလောက်ကြီးမလိုပါဘူး"ဟု စာရေးသူအား ဆိုင်ရှင်မှ ပြန်ပြောခဲ့ပါသည်။ ကိုယ့်နိုင်ငံနှင့် ကိုယ့်လူမျိုးအပေါ်တွင် တန်ဖိုးမထားသော၊ ကျန်းမာရေးနှင့်ပတ်သက်၍ ဗဟုသုတ ခေါင်းပါးလှသော အဆိုပါဆိုင်တွင် မည်သည့်အခါတွင်မှ မဝယ်တော့ရန် စာရေးသူ ဆုံးဖြတ်လိုက်ပါသည်။

ဤဆောင်းပါးကို ရေးသားနေစဉ် စာရေးသူ၏ သမီးဖြစ်သူ မနက်ဘက်ကျောင်းမသွားမီ နံနက်စာအဖြစ် စားသွားရန် မုန့်သွားဝယ်ရာ၌ ဝယ်ယူခဲ့သော ကိတ်မုန့်ခြောက်ထုပ်တွင် ထုတ်လုပ်သောရက်စွဲနှင့် သက်တမ်းကုန်ရက်စွဲတို့ မပါရှိသည်ကို တွေ့ရှိရပါသည်။ အခြားနိုင်ငံများ၌ အလွန်သေးငယ်သော ချိုချဉ်၊ သကြားလုံးထုပ်လေးများ၌ပင် ထုတ်လုပ်ရက်စွဲ၊ သက်တမ်းကုန်ရက်စွဲတို့ ပါရှိသည်ကို တွေ့ခဲ့ရဖူးပါသည်။ စိတ်ဓာတ်နှင့်စည်းကမ်းတွေ ပြင်ဖို့လိုနေတာကို ပြသနေပါသည်။

စာရေးသူသည် မုန့်များဝယ်ယူသည့်အခါတိုင်း ထုတ်လုပ်သည့်ရက်စွဲ၊ သက်တမ်းကုန်ရက်စွဲတို့ ပါ၊ မပါကို အထူးသတိထား၍ ကြည့်ပါသည်။ သို့သော် စိတ်တိုင်းမကျသည်များကို အများအားဖြင့် ကြုံတွေ့နေရပါသည်။ မုန့်ဆိုင်များကို မေးသောအခါ စာရေးသူအား အထူးအဆန်းသဖွယ် ပြန်ကြည့်ကြခြင်း၊ မချေမငံပြန်လည်ဆက်ဆံကြခြင်းများကို ကြုံတွေ့ရပါသည်။ သက်တမ်းကုန်ရက်စွဲ၊ ဖော်ပြရမည့်ကိစ္စသည် အလေးထား၍ ပုံမှန်လုပ်သွားရမည့် လုပ်ရိုးလုပ်စဉ်ကိစ္စဖြစ်သော်လည်း ဘာကြောင့်များ အထူးအဆန်းသဖွယ် သဘောထားနေကြသည်ကို စဉ်းစား၍မရနိုင် ဖြစ်ရပါသည်။

**သက်ဆိုင်ရာတာဝန်ရှိသူများကလည်း ဈေးကွက်အတွင်း ရောင်းချနေသော စားသောက်ကုန်များအား သတ်မှတ်ထားချက်များနှင့် ညီညွတ်ခြင်းရှိ၊ မရှိ ရှောင်တခင်စစ်ဆေးခြင်း၊ ပုံမှန်စစ်ဆေးခြင်းတို့ကို အမြဲမပြတ် ဆောင်ရွက်သင့်ပါသည်။ သို့မှသာ ဈေးကွက်အတွင်းမှ စံမမီစားသောက်ကုန်များ ပျောက်ကွယ်သွားမည်ဖြစ်ပါသည်။**

အစားအသောက် ထုတ်လုပ်ရောင်းချသောသူများအနေဖြင့် မိမိတို့ထုတ်လုပ်ရောင်းချမည့် အစားအသောက်များနှင့်ပတ်သက်၍ သတ်မှတ်ထားသော ထုပ်ပိုးခြင်း၊ တံဆိပ်ကပ်ခြင်း၊ ကြော်ငြာခြင်းဆိုင်ရာ လိုက်နာရမည့် သတ်မှတ်ချက်များအတိုင်း ပြုလုပ်၍ ဈေးကွက်သို့ တင်ပို့ရောင်းချသင့်ပါသည်။ စားသုံးသူများကို တန်ဖိုးထားလေးစားသင့်ပါသည်။

အစားအသောက်အတွင်း ထည့်သွင်းပြုလုပ်ရသော ကုန်ကြမ်းပစ္စည်းများ၏ အရည်အသွေးနှင့် ပတ်သက်၍လည်း သတ်မှတ်ထားချက်များအတိုင်း စစ်မှန်သော ပစ္စည်းများကိုသာ သုံးစွဲသင့်ပါသည်။ သက်တမ်းကုန်ဆုံးမည့်ရက်စွဲကိုလည်း တိတိကျကျသတ်မှတ်ပြီး အလွယ်တကူဖတ်ရှု၍ရသောနေရာ၌ ရေးသားဖော်ပြသင့်ပါသည်။

စားသုံးသူများဘက်ကလည်း မိမိတို့ဝယ်ယူစားသုံးမည့်အစားအသောက်များတွင် ထုတ်လုပ်ရက်စွဲနှင့် သက်တမ်းကုန်ရက်စွဲတို့ ပါ၊ မပါကို စိစစ်ပြီးမှ ဝယ်ယူသင့်ပါသည်။ စားသုံးသူများက ဤကဲ့သို့ အရည်အသွေးမီသော၊ ထုတ်လုပ်မှုစည်းကမ်းလိုက်နာသော စားသုံးကုန်များကိုသာ စိစစ်ရွေးချယ် ဝယ်ယူကြမည်ဆိုပါက အရည်အသွေးမမီသော စားသောက်ကုန်များသည် အချိန်ကာလတစ်ခုအရောက်တွင် အလိုအလျောက်ပျောက်ကွယ်သွားမည်ဖြစ်ပါသည်။ စေတနာသည် တူသောအကျိုးပေးတတ်ပါသည်။

စာရေးသူသည် လွန်ခဲ့သောနှစ်က နာမည်ကြီးအရောင်းတွင်ကျယ်သော ကိတ်မုန့်တစ်မျိုးကို ဝယ်ယူစားသုံးခဲ့ရာ အဆိုပါကိတ်မုန့်ထဲတွင် ကြက်ဥအခွံများပါလာတာကိုကြုံခဲ့ရသလို တစ်ခါကလည်း ကျောက်ခဲများ ပါလာဖူးပါသည်။ အမှိုက်တုတ်ချောင်းကလေးများ ပါတာကိုလည်း ကြုံခဲ့ရဖူးပါသည်။

စားသုံးသူများအား ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များ စားသုံးနိုင်ခွင့် ရရှိရေးအတွက် စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်သော ဥပဒေများအား အာဆီယံနိုင်ငံအများစုတွင် ရေးဆွဲပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း သိရှိရပါသည်။ စာရေးသူတို့နိုင်ငံ၌လည်း အမျိုးသားဆေးဝါးဥပဒေ၊ အမျိုးသားအစားအသောက်ဥပဒေများ ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါသည်။ ထို့အပြင် ယခုအခါ၌ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းစဉ်များကိုလည်း ထိရောက်စွာဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေပြီ ဖြစ်ပါသည်။ ထို့မျှမကသေးပါ။ စံချိန်စံညွှန်းဆိုင်ရာဥပဒေပြဋ္ဌာန်း၍ စားသောက်ကုန်နှင့် လူသုံးကုန်များ၏ အရည်အသွေးများတိုးတက်ကောင်းမွန်စေရေးအတွက် ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ လုပ်ငန်းရှင်များဘက်ကလိုက်နာရန်သာ လိုအပ်ပါသည်။

မိမိတို့စားသုံးသူများဘက်ကလည်း အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းသည့်အနေဖြင့် သက်တမ်းကုန်ရက်စွဲမပါသော စားသောက်ကုန်များကို လုံးဝ ဝယ်ယူသုံးစွဲခြင်းမပြုဘဲ အများပြည်သူကျန်းမာရေးအတွက် ပူးပေါင်းပါဝင်သင့်ပါသည်။ စားသောက်ကုန်ထုတ်လုပ်သူများကလည်း စားသုံးသူများကို လေးစားတန်ဖိုးထားသောအားဖြင့် အစားအသောက်ထုတ်လုပ်ရာတွင် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာသင့်ပါသည်။

သက်ဆိုင်ရာတာဝန်ရှိသူများကလည်း ဈေးကွက်အတွင်း ရောင်းချနေသော စားသောက်ကုန်များအား သတ်မှတ်ထားချက်များနှင့် ညီညွတ်ခြင်းရှိ၊ မရှိ ရှောင်တခင်စစ်ဆေးခြင်း၊ ပုံမှန်စစ်ဆေးခြင်းတို့ကို အမြဲမပြတ်ဆောင်ရွက်သင့်ပါသည်။ သို့မှသာ ဈေးကွက်အတွင်းမှ စံမမီစားသောက်ကုန်များ ပျောက်ကွယ်သွားမည်ဖြစ်ပါသည်။

စားသုံးသူအသိပညာပေးခြင်း လုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်ပါသည်။ ဆိုင်များတွင် စားသောက်ကုန်ဝယ်ယူရာ၌ သက်တမ်းကုန်ရက်စွဲမပါသော အစားအသောက်များဆိုပါက ဈေးဆိုင်များမှ အရောင်းဝန်ထမ်းများပြောနေကျစကားမှာ "အခုပဲ ဒီမုန့်တွေကို လာချသွားတာ"ဟူ၍ ဖြစ်ပါသည်။ နောက်တစ်မျိုးက သက်တမ်းကုန်နေသော စားသောက်ကုန်များကို သက်တမ်းရှိစားသောက်ကုန်များနှင့်ရောခြင်းပြီး ဆိုင်တွင်ခင်းထားတတ်ခြင်းဖြစ်ပါသည်။ ဝယ်ယူသူက သေချာစွာ မကြည့်မိပါက သက်တမ်းလွန်နေသော အစားအသောက်များသည် စားသုံးသူထံသို့ရောက်ပါသွားနိုင်ပါသည်။

သို့ဖြစ်၍ စားသုံးသူများအနေဖြင့် စားသောက်ကုန်များဝယ်ယူမည်ဆိုပါက အဓိကအချက်မှာ မိမိတို့ဝယ်ယူမည့် စားသောက်ကုန်သည် သက်တမ်းကုန်ရက်စွဲရေးထားခြင်းရှိ၊ မရှိနှင့် သက်တမ်းလွန်နေခြင်းရှိ၊ မရှိတို့ကို စိစစ်ရမည်ဖြစ်ပါသည်။ သက်တမ်းကုန်ရက်စွဲရေးထားခြင်းမရှိပါက လုံးဝမဝယ်သင့်ပါ။ ဝယ်ယူသူရှိ၍ ထုတ်လုပ်သူက ရောင်းချနေရခြင်းဖြစ်ပါသည်။ စားသုံးသူများက သက်တမ်းကုန်ရက်စွဲမပါသော စားသောက်ကုန်များကို လုံးဝမဝယ်ပါက ထုတ်လုပ်သူများကလည်း စံမမီ၊ အန္တရာယ်ရှိသောပစ္စည်းများကို ထုတ်လုပ်ရောင်းချရဲတော့မည်မဟုတ်သဖြင့် မိမိတို့စားသုံးသူများက သတိထားဆင်ခြင်၍ ဝယ်ယူသုံးစွဲသင့်ပါကြောင်း တင်ပြအပ်ပါသည်။ ။

## မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုး

**အိမ်မဲ ဇွန် ၂၉**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အိမ်မဲမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဇွန် ၂၆ ရက် နံနက်က မြို့အဝင် အဝေးပြေးကားလမ်းဘေး ဝဲ၊ ယာတွင် ယူကလစ်ပင်၊ အော်ရီရှားပင်၊ ကျွန်းပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သန်းအောင်(ပြန်/ဆက်)**

## ပြည်ကြီးတံခွန်မြို့နယ်တွင် တံခွန်ရောင်ခြည် စာကြည့်တိုက် ဖွင့်ပွဲကျင်းပ

**မန္တလေး ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်ရှိ တံခွန်ရောင်ခြည် စာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၂၇ ရက် ညနေ ၃ နာရီက အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာချစ်ကိုကို၊ တံခွန်ရောင်ခြည်စာကြည့်တိုက်ဥက္ကဋ္ဌ ဦးဝင်းကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူက စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။ တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံမှု လက်ထောက်ညွှန်ကြားရေးမှူးဒေါ်ဝေဝေဖြိုးက သုတရသ စာအုပ်များ ပေးအပ်လှူဒါန်းသည်။

အဆိုပါ စာကြည့်တိုက်အား ရပ်ကွက်နေ ပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေကျပ် ၁၈၈ သိန်း ဖြင့် အာစီရိန့်နှစ်ထပ်၊ အဆောက်အအုံဖြစ်ပြီးအကျယ်၊ ၁၆ ပေ × ပေ ၂၀၊ အမြင့် ၂၄ ပေ ရှိကြောင်းသိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ကျောက်ခေတ်ယဉ်ကျေးမှုထွန်းကားရာ တောင်သမန်အနောက်ဘက်ခြမ်းဒေသအား ရှေးဟောင်းယဉ်ကျေးမှုဇုန် နယ်မြေအဖြစ် သတ်မှတ်ထိန်းသိမ်းသင့်

**ခ** မင်းထက်အောင်(မန်းကိုယ်ပွား)

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အတွင်းရှိတောင်သမန်အင်းအနောက်ဘက် ခြမ်းဒေသသည် မြန်မာနိုင်ငံ၏ကျောက်ခေတ်၊ သံခေတ်ထွန်းကားခဲ့ရာဒေသဖြစ်ခဲ့ပြီး သမိုင်း မတင်မီခေတ်၏ သမိုင်းအထောက်အထား များနှင့် သမိုင်းတင်ပြီးခေတ်၏ သမိုင်း အထောက်အထားများ ခိုင်လုံစွာတူးဖော်တွေ့ ရှိခဲ့သည့် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုဖြစ်စဉ် များအစဉ်တကျတည်ရှိရာ ဒေသတစ်ခုဖြစ် သည်။

အဆိုပါတောင်သမန်အင်းပတ်ဝန်းကျင် ဒေသသည် ကျောက်ခေတ်လက်နက်အသုံး အဆောင်များ ကြွယ်ဝကြောင်းပထမဦးစွာ သတိပြုမိသူမှာ တောင်သမန်အင်းအနီး တောင်မင်းကြီးဘုရား အနောက်ဘက် တောင်လေးလုံးကျောင်းတိုက်တွင် သီတင်း သုံးနေထိုင်သော ရဟန်းတော် ဦးပညာဇောတ (ရဟန်းစာဆို ကိုပညာ - အမရပူရ)ဖြစ်သည်။

ဝါဆို၊ဝါခေါင်လများတွင် တောင်သမန် အင်းရေများပြည့်လျှံစွာရေလှိုင်းများရိုက်ခတ် မှုကြောင့် ကမ်းပါးများ ပြိုကျခဲ့ရာကျောက် လက်နက်များနှင့်အတူ အခြားရှေးဟောင်း ပစ္စည်းများ ပြန့်ကျဲပေါ်ထွက်လာခဲ့သည်။ ဦးပညာဇောတသည်ပေါ်ထွက်လာသော ကျောက်လက်နက်ပစ္စည်းများကိုတွေ့ရှိ ကောက်ယူလျက် မန္တလေးမြို့ ရှေးဟောင်း သုတေသနဝန်ထောက်ရုံးသို့ သတင်းပေးပို့ခဲ့ မှုကြောင့် ၁၉၆၈ခုနှစ် ဩဂုတ်လတွင် မန္တလေး မြို့မှရှေးဟောင်းသုတေသနဝန်ထောက်နှင့် အဖွဲ့သည် တောင်လေးလုံးကျောင်းတိုက် ပတ်ဝန်းကျင် တောင်သမန်အင်းတစ်ဝိုက်သို့ ပဏာမ လေ့လာခဲ့ကြပါသည်။

၁၉၇၀-၇၁ခုနှစ် ဘဏ္ဍာရေးနှစ်တွင် တောင်သမန်အင်းကို ဖြတ်သန်းဖောက်လုပ် ထားသော ဦးပိန်တံတား၏အနောက်ထိပ်၊ တောင်မင်းကြီးဘုရား၏ အနောက်ဘက်ရှိ အောင်ခြင်းရှစ်ပါး ကျောင်းတိုက်အတွင်း နေရာ သုံးနေရာတွင် တူးဖော်မှုလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့သည်။

အောင်ခြင်းရှစ်ပါး ကျောင်းတိုက်၏ တောင်ဘက်တွင် တောင်သမန်အင်းနှင့် မယ်ဇယ်ပင်တန်း၊ အနောက်ဘက်တွင် လင်းဇင်းကုန်းသချိုင်းနှင့်တရုတ်သချိုင်းများ ရှိပြီး မြောက်ဘက်တွင် မုန်တောကျောင်းတိုက် အစရှိသည့်ကျောင်းတိုက်ကလေးများတည်ရှိ သည်။

ထို့အပြင်၁၉၇၁-၇၂ဘဏ္ဍာနှစ်တွင်လည်း ၎င်းနေရာအနီးတစ်ဝိုက် နေရာလေးနေရာ တွင် တူးဖော်သုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ကျောက်ခေတ် လူသားများ အခြေချနေထိုင်ခဲ့သည့်ယဉ်ကျေး မှုဆိုင်ရာ ရှေးဟောင်းအမွေအနှစ်အထောက် အထားများဖြစ်သည့် ကျောက်ဖြင့်ပြုလုပ် သောပစ္စည်းများ၊ တိရစ္ဆာန်အရိုးဖြင့်ပြုလုပ် သောပစ္စည်းများ၊ သံဖြင့်ပြုလုပ်သော ပစ္စည်း များနှင့် မြေဖြင့် ပြုလုပ်သောပစ္စည်းများကို တွေ့ရှိခဲ့သည်။ ကျောက်ဖြင့်ပြုလုပ်သော ပစ္စည်းအသုံးအဆောင်များအနေဖြင့် ကျောက် ပုဆိန်၊ ကျောက်ကွင်း၊ ကျောက်ကျည်ပွေ့၊ ကျောက်ကြိတ်ပြင်၊ အသွားသွေးကျောက်၊ ကျောက်ကွင်းသားကျောက်၊ ကျောက်လက် ခတ်၊ ကျောက်လုံးကွင်းနှင့်ကျောက်ပြားဝိုင်း များဖြစ်၍တရိစ္ဆာန်အရိုးဖြင့် ပြုလုပ်သော ပစ္စည်းများမှာ အရိုးခြစ်၊ အရိုးဆူး၊ အရိုး ဆောက်၊ အရိုးမြား၊ အရိုးလုံ့ထိပ်ဖူး၊ အရိုးပြား ကွင်း၊ အရိုးဆွဲသီး၊ အရိုးပုတီး အရိုးဘူးတား၊ အရိုးထွေနှင့်အရိုးယောက်မများအားတူးဖော် တွေ့ရှိခဲ့ကြသည်။

ထို့အပြင် မြေဖြင့် ပြုလုပ်ထားသောပစ္စည်း များတွင်မြေအိုး၊ မြေခွက်ငယ်များနှင့် အကောင်းပကတိနီးပါးရှိနေသော မြေအိုး ကြီးနှစ်လုံးကိုလည်း တွေ့ရှိရသည့်အပြင် ကလေးကစားစရာအဖြစ် ပြုလုပ်ထားသည့် နွားရုပ်၊ ဝက်ရုပ်နှင့်လူရုပ်များကိုတွေ့ရှိခဲ့ရ သည်။ တောင်သမန်ကျောက်ခေတ်လူသား များ ပြုလုပ်သုံးစွဲခဲ့သည့် မြေအိုးမြေခွက်များ ၏ လက်ရာမှာ အဆင့်အတန်းမြင့်၍ ပုံစံလှပ ကာ အချိုးအစားပြေပြစ်သည်။ အိုးပေါ်တွင် ခြယ်သထားသော ရေလှိုင်း (သို့မဟုတ်) အချိတ်ပုံစံများသည် ညီညာ၍မျက်စိပသာဒ ကိုဖြစ်စေသည်။

တောင်သမန်မှရသောအထောက်အထား များအနက် အရေးပါသောအထောက်အထား များမှာ ရက်ကန်းပညာအတွက် အခိုင်အမာ အထောက်အထားများဖြစ်သော အိုးခြမ်းပဲ့ များကို ခြယ်လှယ်ရာတွင် အသုံးပြုသော မြေဘူးတားကလေးများကို တွေ့ရှိခြင်းပင်ဖြစ် သည်။ အဓိကတွေ့ရှိချက်မှာ အိုးခြမ်းပဲ့ နှာခမ်းပေါ်မှ အဝတ်စရာများ ထင်ရှားစွာပေါ် ထွက်နေခြင်းပင်ဖြစ်သည်။ ၎င်းအချက်ကို သက်သေထူလျက် အဝတ်အထည်ရက်လုပ် သောရက်ကန်းအတတ်ပညာသည် ထိုအချိန် ကတည်းကတည်ရှိနေကြောင်းပြောနိုင်သည်။

> ကျောက်ခေတ်သစ်ဆိုသည်မှာ အမဲလိုက် စီးပွားရေးကဏ္ဍကုန်ဆုံး၍ ကြေး၊ သံစသော သတ္တုများကို အပြည့်အဝ ထုတ်လုပ်သုံးစွဲသော အချိန်အထိ ကြားကာလပင် ဖြစ်ပေသည်။



ရှေးကျောက်ခေတ်လူသားများအခြေချနေထိုင်ရာတောင်သမန်ဒေသရှိမဲဇလီတန်း ဝန်းကျင်

တောင်သမန်ဒေသတွင် တူးဖော်သော အခါ အိမ်တိုင်ရာများကို လည်းတွေ့ရသည်။ တွေ့ရှိရသည့် အိမ်တိုင်ရာများ၏ အရွယ် အစားကို အထောက်အထားပြုလျက် သစ် ငယ်ဝါးငယ်တို့ဖြင့် တဲအိမ်များ ဆောက်လုပ် နေထိုင်ခဲ့ကြောင်းကိုလည်း သိရသည်။ ထို့ အပြင် တောင်သမန်ကျောက်ခေတ်လူသား များသည် ၎င်းအချိန်ကတည်းက စိုက်ပျိုးရေး နှင့် မွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း ဒေသတွင် ပူးတွဲလုပ်ကိုင်ခဲ့ကြောင်းတူးဖော်ခဲ့ သည့် မြေကြီးထဲတွင်တွေ့ရှိရသည့် စပါးစေ့ များနှင့် တိရစ္ဆာန်အရိုးများက သက်သေထူ လျက်ရှိသည့်အတွက် ကျောက်ခေတ်လူသား များသည် ထိုအချိန်ကတည်းက အဆိုပါ ဒေသတွင် ခြေသလုံးအိမ်တိုင်ဘဝမှ အခြေ တကျ အိုးအိမ်များတည်ဆောက်ကာ ရွာ အဖြစ် စုပေါင်းနေထိုင်သောအဆင့်သို့ ရောက် ရှိနေပြီဖြစ်သည်။

ထို့ကြောင့်တောင်သမန်ဒေသတွင်အခြေ ချနေထိုင်ခဲ့ကြသည့် ကျောက်ခေတ်လူသား များ၏ ယဉ်ကျေးမှုအဆင့်အတန်းသည် အမဲ လိုက်ကာ တစ်နေ့ဝမ်းစာကို တစ်နေ့ရှာဖွေ စားသောက်သောအဆင့်ကို လွန်မြောက် လျက် ကျေးရွာအုပ်စုဖွဲ့ကာ အခြေတကျ နေထိုင်သောအဆင့်သို့ ရောက်ရှိနေပြီး လယ်ယာစိုက်ပျိုးမှုလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်းများ တွဲဖက်ဆောင်ရွက်နေကြောင်း သိရသည်။ ကျောက်ခေတ်သစ် အင်္ဂါရပ်ဖြစ် သော အိုးအင်ခွက်ယောက်လုပ်ငန်းများ ထွန်းကားလျက်ရှိပြီး ကျောက်လက်နက်များ ကို သုံးစွဲကြသော်လည်း သံခေတ်ယဉ်ကျေးမှု နှင့် ထိတွေ့စပြုနေပြီဖြစ်သော အထောက် အထားများတွေ့ရှိရသည်။

သေဆုံးသူများကိုအသုံးအဆောင်များနှင့် အတူမိမိတို့နေထိုင်ရာအဆောက်အအုံအနီး တွင် မြှုပ်နှံလေ့ရှိကြသည်။ အဆိုပါ အချက် အလက်များကိုခြုံလျက် တောင်သမန် ယဉ်ကျေးမှုသည် ကျောက်ခေတ်သစ် ယဉ်ကျေးမှုနှင့် အကျုံးဝင်သည်ဟု ကောက် ချက်ချထားပါသည်။

ကျောက်ခေတ်သစ်ဆိုသည်မှာ အမဲလိုက် စီးပွားရေးကဏ္ဍကုန်ဆုံး၍ ကြေး၊ သံစသော သတ္တုများကို အပြည့်အဝ ထုတ်လုပ်သုံးစွဲသော အချိန်အထိ ကြားကာလပင်ဖြစ်ပေသည်။ တောင်သမန်ဒေသတွင် ကျောက်လက်နက် များနှင့်အတူ သံခဲ၊ သံမြားချိတ်စသည်တို့ကို တွေ့ရသဖြင့် ကျောက်ခေတ်သစ်၏ နောက် ပိုင်းကာလဟု သတ်မှတ်ခဲ့ပေသည်။

တောင်သမန်ခေတ်ယဉ်ကျေးမှု ပျံ့နှံ့ရာ ဒေသသည် အရှေ့ဘက်တွင် ဦးပိန်တံတား အနောက်ဘက်တွင် လင်းဇင်းကုန်းသချိုင်း၊ တောင်ဘက်တွင် မယ်ဇယ်ပင်တန်း၊ မြောက်ဘက်တွင်မဟာ ဂန္ဓာရုံကျောင်းတိုက် အထိ ကျယ်ပြန့်ကြောင်းအထောက်အထား များ တွေ့ရသည်။

လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုဆိုသည်မှာ ထိုလူမျိုးတို့၏ မွေးဖွားချိန်မှ သေဆုံးချိန် အထိ ပြုလုပ်သုံးစွဲခဲ့သောပစ္စည်း၊ ဝတ်စား ဆင်ယင်ထုံးဖွဲ့မှု၊ ပြောဆိုသည့်စကား၊ လူမှု ဆက်ဆံရေးစနစ်၊ အတွေးအခေါ် အယူအဆ၊ ယုံကြည့်ကိုးကွယ်မှု၊ အသက်မွေးဝမ်းကျောင်း မှု၊ ရိုးရာဓလေ့ထုံးစံများနှင့် လက်မှုပညာအနု သုခုမပညာတို့ကို ပေါင်းခြုံခေါ်ဝေါ်ခြင်းဖြစ် သည်ဟု မနုဿဗေဒပညာရှင်များက အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြသည်။

မန္တလေးယဉ်ကျေးမှုသည် မြန်မာ့ ယဉ်ကျေးမှုပင်ဖြစ်ပါသည်။ မန္တလေးမြို့တော် ကို အစိမ်းရောင် (Green City) အဖြစ် တည်ဆောက်မှုအတွက် ယဉ်ကျေးမှုကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့် မြို့ပြ ဖွံ့ဖြိုးမှု ထိန်းသိမ်းရေးစီမံခန့်ခွဲမှုတွင် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေး သည် အရေးကြီးသော ကဏ္ဍတစ်ခုဖြစ် ကြောင်းတင်ပြအပ်ပါသည်။

ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက် မည်။ လူမျိုးပျောက်လျှင် တိုင်းပြည် မြို့တော် ပျောက်မည်။ ထို့ကြောင့်အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်းရေးတို့တွင် ၎င်း တောင်သမန် အနောက်ဘက်ခြမ်းဒေသ သည်လည်း တစ်ခုအပါအဝင်ဖြစ်သည့် အတွက် တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှု နယ်မြေအဖြစ် တန်ဖိုးထားစောင့်ရှောက်သင့် ကြောင်းနှင့် ရှေးဟောင်းယဉ်ကျေးမှုဇုန် နယ်မြေအဖြစ် သတ်မှတ်ထိန်းသိမ်းသင့်ပါ ကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါ သည်။ ။

## စာဖတ်စွမ်းရည်တိုးတက်စေရေး စွမ်းရည်ပြပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**ဘားအံ ဇွန် ၂၉**

ကရင်ပြည်နယ် ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရက်(၁၀၀)စီမံ ချက်ဖြင့် အခြေခံ ပညာကျောင်းသား ကျောင်းသူ များ ပြင်ပစာပေအသိပညာဗဟုသုတတိုးပွားစေ ပြီး စာပေဖတ်ရှု လေ့လာမှုနှင့် ပြောဆိုနိုင်မှု စွမ်းရည်မြင့်မားစေရေး၊ မူးယစ်ဆေးဝါး၏ဆိုးကျိုး ကို သိရှိနိုင်စေရေးအတွက် ရည်ရွယ်ကာ စွမ်းရည် ပြပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇွန် ၂၅ ရက် နံနက်ပိုင်း က ကျင်းပသည်။

ပြိုင်ပွဲသို့ ဘားအံမြို့ အမှတ်(၄)အခြေခံပညာ မူလတန်း(လွန်)ကျောင်းမှ အခြေခံပညာအလယ် တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅ ဦးက မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဆိုင်ရာများ အား မေးခွန်းအလိုက်ရေးဖြေခြင်းနှင့် လေ့လာ မှတ်သားထားသော မူးယစ်ဆေးဝါးဆိုင်ရာ အကြောင်းအရာများကို တစ်ဦးချင်းပြောဆို ယှဉ် ပြိုင်ကြသည်။

ဆက်လက်၍ ဆုပေးပွဲကိုကျင်းပရာ ပထမဆု ရရှိသောဆဋ္ဌမတန်းမှ နန်းအေးမြမြရှင်၊ ဒုတိယဆု ရရှိသော သတ္တမတန်းမှ နန်းခင်မြင့်သူ၊ တတိယဆု ရရှိသော ဆဋ္ဌမတန်းမှ နန်းစုနှင်းဖွေးနှင့် နှစ်သိမ့် ဆုရရှိသော ကျောင်းသား ကျောင်းသူ ၁၂ ဦးတို့ အား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ပြည်နယ်ဦးစီးမှူး၊ အမှတ်(၄)အခြေခံပညာ မူလတန်း(လွန်) ကျောင်းအုပ်ကြီးနှင့် ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးတို့က ဆုများချီးမြှင့်ပေးအပ် ခဲ့ကြောင်းသိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ကျိုက်မရော ဇွန် ၂၉**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ရက် ၁၀၀ စီမံချက်ကာလအတွင်း မွမ်းမံ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြီးစီးသည့်လုပ်ငန်းများမှာ လွှစင်ကုန်း(ရွာမ)ကျေးရွာရှိ ကွန်ကရစ် တံတား (၅၀× ၁၆×၁၄)ပေ နှင့် ကဒါကျေးရွာအုပ်စု ရဲမွန်ကျေးရွာ တွင်းတိမ် တစ်တွင်း တူးဖော်ခြင်းလုပ်ငန်းတို့ဖြစ်ပြီး ယင်းလုပ်ငန်းများအား မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် ဝန်ထမ်းများက ဇွန် ၂၅ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ ကြောင်း သိရသည်။

**(ကြေးမုံ)**

ပြည်သူ့အသံ



## လူကူးတံတားရှိ ဓာတ်လှေကားလေး ပြင်စေလို

ကျောက်တံတားမြို့နယ် ကမ်းနားလမ်းရှိ လူကူးခုံးကျော်တံတားမှာ ရန်ကုန်မြို့ တစ်ဖက်ကမ်းရှိ တွံတေး၊ ဒေးဒရဲ၊ ဖျာပုံ၊ ဒလစသည့် မြို့ရွာများမှ ပြည်သူများ ရန်ကုန်မြို့သို့ အလုပ်သွားရာတွင် အဓိကအသုံးပြုရပါသည်။ နေ့စဉ် လူဦးရေ သောင်းချီအသုံးပြုနေသော ခုံးကျော်တံတားရှိ ဓာတ်လှေကား ပျက်နေသည်မှာ တစ်လခွဲခန့်ကြာမြင့်ပြီဖြစ်၍ အမြန်ဆုံးပြုပြင်ပေးစေလိုပါကြောင်းနှင့် ကျန်းမာရေးမကောင်းသော ပြည်သူတချို့နှင့် ခရီးသွားပြည်သူ တချို့ခုံးကျော်တံတားပေါ်မတက်ဘဲ အလွယ်တကူ ကားလမ်းကူးနေပါသဖြင့် ယာဉ်အန္တရာယ် ဖြစ်ပွားနိုင်ပါကြောင်း သိစေအပ်ပါသည်။

**(အောင်ဇော်ထွေး)**

## ရေဆိုးထွက်မြောင်း ဖော်ပေးပါ

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ယမုံနာအိမ်ရာတွင် အခန်းပေါင်း ၁၂၈ ခန်းပါဝင်ပြီး ရေဆိုးများထွက်ရန်အတွက် မြောင်းများ သဘောၤကျင်း ထဲမှဖြတ်ကာ ပုဇွန်တောင်ချောင်းအတွင်းသို့ ဖောက်လုပ်ထားခဲ့ပါသည်။ ယခုအခါမြောင်းမှာ ကျိုးကြေပျက်စီးပိတ်ဆို့သွားပါသဖြင့် ယမုံနာအိမ်ရာတွင် မိုးအနည်းငယ်ရွာသည်နှင့် အိမ်အတွင်း အိမ်ခန်းအထိ ရေဝင်လာသည့်အတွက် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးရေမြောင်းဖော်ပေးစေလိုပါကြောင်း သိစေအပ်ပါသည်။

**ယမုံနာအိမ်ယာသားများ**

## စည်းကမ်းမဲ့ကားဝပ်ရှော့အား ရှင်းလင်းပေးစေလို

ဒဂုံမြို့သစ် (မြောက်ပိုင်း) (၃၄)စံပြရပ်ကွက် ပျဉ်းမမြိုင်လမ်းအတွင်း ဝပ်ရှော့မှာ အင်ဂျင်နှင့်အောက်ပိုင်း ဖြုတ်၊ တပ်ရိုက်သံများ ကျယ်လောင်ဆူညံခြင်း၊ စက်ပြင်ကားများအား ရပ်ကွက်အတွင်း လမ်းများတွင် စမ်းသပ်မောင်းနှင်၍ ပတ်ဝန်းကျင်အနှောင့်အယှက်ဖြစ်စေခြင်း၊ အင်ဂျင်နှင့်အောက်ပိုင်းဆေးကြောသည့် စက်သုံးဆီအနံ့ဆိုးများ ရပ်ကွက်အတွင်း ပျံ့လွင့်၍ ကျန်းမာရေးထိခိုက်စေခြင်း၊ အငှားကားများအား ညအိပ်လက်ခံပြီး ၎င်းကားသမားများနှင့် ကျယ်လောင်စွာအော်ဟစ်စကားပြော ဆူညံခြင်း၊ အရက်သောက်စား၍ ဆဲဆိုဆူညံခြင်း၊ ဝပ်ရှော့မှာ လုပ်ငန်းပိတ်ချိန် သတ်မှတ်ချက်မရှိခြင်း စသည့် ရပ်ကွက်သို့ ထိခိုက်စေသော အကြောင်းအရာမျိုးစုံအား နေ့တွင်သာမက ညဉ့်နက်သန်းခေါင်အချိန်မတော်၌လည်း ဆောင်ရွက်နေပါသည်။

ထို့အပြင် မီးဘေးန္တရာယ်လည်း အချိန်မရွေးစိုးရိမ်ရပါသဖြင့် ၎င်းကားဝပ်ရှော့အား သက်ဆိုင်ရာက အမြန်ဆုံး ရှင်းလင်းဖယ်ရှားပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်နေပြည်သူများ**

## အန္တရာယ်ရှိသော ကြော်ငြာဆိုင်းဘုတ်ကြောင့် လမ်းသွားလာများစိုးရိမ်နေရ



ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မဈေးကြီးနှင့် ဈေးအရှေ့ လမ်းထောင့်ရှိ အန္တရယ်ရှိသော စီးပွားရေးကြော်ငြာ ဆိုင်းဘုတ်ကြောင့် လမ်းသွားလမ်းလာများနှင့် ဈေးရောင်း ဈေးဝယ်များ စိုးရိမ်လျက်ရှိကြောင်းသိရသည်။

မြို့မ ဈေးကြီးသည် ရန်ကုန် - မန္တလေး လမ်းမဘေးတွင် တည်ရှိပြီး ဆိုင်းဘုတ်တစ်ခုသည် ယခင်လေကြီးမိုးကြီး တိုက်ခဲ့စဉ်က ဆိုင်ဘုတ်ရှိသွပ်ပြားများ ပြုတ်လွင့်ပျက်စီးခဲ့သည်။ ယခု မိုးဦးလေဦး ကာလတွင် ၎င်းဆိုင်းဘုတ်မှာ လေတိုက်ရာ ယိမ်းနွဲ့နေကြောင်းနှင့် ကျန်ရှိသွပ်ပြားများ ပြုတ်ထွက်ကာ လမ်းသွားလမ်းလာများနှင့် ဈေးရောင်းဈေးဝယ်များအား ထိခိုက်မိမှာစိုးရိမ်ကြောင်း နေ့စဉ်သွားလာနေသူများက ပြောသည်။

ဈေးအရှေ့ လမ်းထိပ်တွင် ဆိုက်ကားဂိတ်၊ ဆိုင်ကယ်ကယ်ရီဂိတ်၊ ကုန်တင်ကုန်ချ ကားကြီးကားငယ်များ၊ ဈေးဝယ်သုံးဘီးယာဉ်နှင့်ဆိုင်ကယ်စက်ဘီးများ ဈေးတန်းများအပြင် လျှပ်စစ်မီးတိုင်များနှင့် ဆက်သွယ်ရေး တယ်လီဖုန်းတိုင်များ ရှိကြောင်းသိရသည်။

**(၆၉၂)**

# ရန်ကုန်ရွှေဈေးကွက်အတွင်း ရွှေပန်းပွင့် ဝယ်ယူသုံးစွဲကြသူများ ပိုမိုမြင့်မားလာ



**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်ရွှေဈေးကွက်အတွင်း ရွှေပန်းပွင့်များဈေးကွက် ထိုးဖောက်နေရာယူလာပြီး ဝယ်ယူသုံးစွဲကြသူများ ပိုမိုမြင့်မားလာကြောင်း ရန်ကုန်ရွှေဈေးကွက်အတွင်းမှ သိရသည်။

အောင်သမာဓိရတနာရွှေဆိုင်မှ မဖြူဖြူအောင်က "လုပ်ငန်းနဲ့ပတ်သက်ပြီးလူတွေစိတ်ဝင်စားတဲ့အပိုင်းကတော့ရွှေပန်းပွင့်လေးတွေကဈေးနှုန်းသင့်တင့်ပါတယ်။ နောက်တစ်ခုက ဝယ်ယူသုံးစွဲသူတွေကလည်း ကြိုက်နှစ်သက်ကြတယ်လေ။ ကြာရှည်လည်းခံတာဖြစ်တဲ့အတွက် အဲ့ရွှေပန်းပွင့်တွေကို ဝယ်လိုအား များလာကြတာတွေ့ရပါတယ်။ ရွှေပန်းပွင့်တွေကိုရွှေဆိုင်တွေကအလေးချိန်နဲ့ ရောင်းချကြတာမဟုတ်ပါဘူး။ တစ်ပွင့်ချင်းနှုန်းထားနဲ့ တွက်ချက်ပြီးရောင်းကြတာပါ။ သုံးစွဲမယ့်သူကဒီရွှေပန်းပွင့်ကိုဝယ်ယူသုံးစွဲပြီးရင် ပြန်ရောင်းလို့မရတော့ပါဘူး။ ရွှေပါဝင်နှုန်းကလည်း နည်းပညာအရ ပန်းပွင့်ကြားအထဲမှာပဲ ရွှေရည်လေးတွေညှပ်ပြီးပါဝင်တဲ့အတွက် အလေးချိန်နဲ့ ရောင်းချကြတာမဟုတ်ဘဲ တစ်ပွင့်ကိုငွေကျပ်နှစ်သောင်းခွဲကနေ ငွေကျပ်တစ်သိန်းထိရှိပါတယ်။ အခြားဖန်စီပစ္စည်းများထက်စာရင် ဒီရွှေပန်းပွင့်တွေက ဝတ်လို့လှသလို ကြာရှည်လည်းအသုံးခံပါတယ်" ဟု ရွှေပန်းပွင့်နှင့်စပ်လျဉ်း၍ ရှင်းပြသည်။

ရန်ကုန်ရွှေဈေးကွက်အတွင်း ရွှေပန်းပွင့်များရောင်းချလာမှုမှာ နှစ်နှစ်နီးပါးရှိနေပြီဖြစ်ပြီးရင်ထိုးအနေဖြင့်လည်းကောင်း၊ ပန်ဆင်၍သော်လည်းကောင်း အလှဆင်အသုံးပြုနိုင်ကြောင်းသိရသည်။ လက်ရှိ ရန်ကုန်ရွှေဈေးကွက် အနေအထားအရ ဈေးနှုန်းနည်းနည်းအပြောင်းအလဲရှိလာကာ ရွှေတစ်ကျပ်သားလျှင် ငွေကျပ်ရှစ်သိန်းကျော်ထိ ဈေးပေါက်လျက်ရှိသည်။ ကမ္ဘာ့ရွှေဈေးကွက်၌ ဒေါ်လာ ၁၀၀ နီးပါးထိမြင့်တက်သွားခဲ့သည့်အတွက် မြန်မာနိုင်ငံ၏ရွှေဈေးကွက်မှာလည်းပြောင်းလဲသွားသည်ဟုဆို၍ရကြောင်း၊ လက်ရှိအနေအထားအရ ရွှေဈေးကွက်၏ အရောင်းအဝယ်အနေအထားကို Customer များမှ စောင့်ကြည့်လျက်ရှိပြီး အရောင်းအဝယ်များမှာလည်း ပုံမှန်သာရှိနေကြောင်းသိရသည်။

ထို့ပြင် လာမည့်နှစ်များအတွင်း ရွှေဈေးကွက်၏ ဈေးနှုန်းအနေအထားမှာ အတက်အကျ ခန့်မှန်းရခက်ပြီး Customer များ၏ရောင်းလိုအားနှင့်ဝယ်လိုအားအပေါ်တွင်သာမူတည်၍ ဈေးနှုန်းအပြောင်းအလဲနည်းနည်းပါးပါးသာရှိနိုင်ကြောင်း ရွှေဈေးကွက်အတွင်းရှိ ဝါရင့်အရောင်းအဝယ်လုပ်ကိုင်နေကြသူများထံမှ သိရသည်။

**(ပွင့်သစ္စာ)**

## မြို့နယ်အုပ်ချုပ်ရေးမှူး ဖလားစစ်တုရင်ပြိုင်ပွဲ ညောင်လေးပင်မြို့နယ်၌ ကျင်းပ

**ညောင်လေးပင် ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ ပြည်သူ့ဗဟိုပြု ရက် ၁၀၀ စီမံချက်ဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အမျိုးသားစစ်တုရင်ပြိုင်ပွဲအား ဇွန် ၂၇ ရက်က နံနက်ပိုင်းက မြို့နယ်မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အမျိုးသားစစ်တုရင်ပြိုင်ပွဲအား ကျင်းပရခြင်းမှာ မြို့နယ်အတွင်း မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေး၊ အားကစားသမားများ ထူးချွန်လာပါက မြို့နယ်အဆင့်မှ ခရိုင်၊ တိုင်းဒေသကြီး လက်ရွေးစင်ပြိုင်ပွဲ အားကစားသမားများ ဖြစ်ပေါ်လာရေး၊ နိုင်ငံ့ လက်ရွေးစင်ဖြစ်ပေါ်လာစေရေးကို ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ မြို့ပေါ် ငါးရပ်ကွက်နှင့် ကျေးရွာများမှ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ပြိုင်ပွဲကို ဇွန် ၂၇ ရက်နှင့် ၂၈ ရက်အထိ နှစ်ရက်တိုင်တိုင် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြည်သူများသောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေး အဝီစိစက်ရေတွင်းတူးဖော်ဆောင်ရွက်

**ငါးသရောက် ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါးသရောက်မြို့နယ် အမှတ်(၂)ထန်းငယ်တောရပ်ကွက်နေပြည်သူများမှာ နှစ်စဉ်သောက်သုံးရေအတွက် မိမိတို့ရပ်ကွက်အနီးရှိ မြေသားမိုးရေလှောင်ကန် မြနန္ဒာကန်တော်ကြီးကို မှီခိုအားထား ပြုနေရကြောင်းသိရပြီး ယခုနှစ်တွင် ငါးသရောက်မြို့နယ်၌ မိုးဦးမိုးရွာသွန်းခဲ့သော်လည်း အမှတ်(၂)ရပ်ကွက်နေ ပြည်သူများ သောက်သုံးရေမှီခိုအားထား ပြုနေရသည့် မြနန္ဒာကန်တော်ကြီးအတွင်းသို့ မိုးရေများဝင်ရောက်ခဲ့ခြင်း မရှိခဲ့၍ ဒေသခံပြည်သူများအနေဖြင့် သောက်သုံးရေရှားပါးမှုအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်းသိရသည်။

သို့ဖြစ်၍ အမှတ်(၂)ထန်းငယ်တောရပ်ကွက်နေ ပြည်သူများ သောက်သုံးရေရှားပါးမှု အခက်အခဲများ ပြေလျော့သက်သာနိုင်ရေးအတွက် ရည်ရွယ်၍ ယင်းရပ်ကွက်ရှိဘုန်းတော်ကြီးကျောင်းဝန်းအတွင်း၌ ဇွန် ၂၂ ရက်က စတင်ကာ မန္တလေးမြို့ (၈၂ × ၈၃)လမ်းကြား၊ (၃၉ × ၄၀) လမ်းကြား ပေါင်းလဲကျောင်းတိုက် ရွှေစေတီကျောင်းမှ ဩဝါဒဆရာတော်ကြီးများ ဦးစီးတည်ထောင်ထားသည့် ဇနသုခရေလှူတော်အသင်းကြီးကမြေအောက်အနက်ပေ ၈၀၀ ခန့်ရှိ ၄ လက်မ အဝီစိစက်ရေတွင်း တစ်တွင်းလာရောက်တူးဖော်လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

ငါးသရောက်မြို့ အမှတ်(၂)ထန်းငယ်တောရပ်ကွက်နေ ပြည်သူများသောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက် မန္တလေးမြို့ ဇနသုခရေလှူတော်အသင်းကြီးမှ လှူဒါန်းပေးသည့် အဝီစိစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းများကို ဇနသုခရေလှူတော်အသင်းမှ ရေတွင်းတူးဖော်ရေး(တာဝန်ခံ) ဦးထွန်းငွေး ဦးဆောင်၍ အသင်းအဖွဲ့သားများက တာဝန်ယူတူးဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အမှတ်(၂)ရပ်ကွက်နေပြည်သူများ သန့်ရှင်းသောမြေအောက်ရေအသုံးပြုနိုင်ရေးအတွက် မြေအောက်အနက်ပေ ၈၀၀ ခန့် တူးဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ယခုမြေအောက်အနက်ပေ ၃၀၀ ခန့်အထိ တူးဖော်ပြီးစီးသွားပြီဖြစ်ကြောင်း တာဝန်ခံဦးထွန်းငွေးက ပြောသည်။

ထို့အပြင် မိုးရွာသွန်းမှုလျော့နည်း၍ ငါးသရောက်မြို့ အမှတ်(၂) ရပ်ကွက်နေ ပြည်သူများ သန့်ရှင်းသော မြေအောက်ရေ လုံလောက်စွာသုံးစွဲနိုင်ရေးအတွက် ရေတွင်းတူးဖော်ရေးအဖွဲ့သားများက လုပ်ငန်းအမြန်ပြီးစီးနိုင်ရေး ကြိုးပမ်းအားထုတ် တူးဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရ၍ မကြာမီအချိန်တွင် အမှတ်(၂)ရပ်ကွက်နေ ပြည်သူများ သန့်ရှင်းသောမြေအောက်ရေဖူလုံစွာ သုံးစွဲခွင့် ရရှိတော့မည်ကြောင်းနှင့် ရပ်ကွက်နေ ပြည်သူများကလည်း မိမိတို့ သောက်သုံးရေရှားပါးမှုအခက်အခဲများ ပြေလျော့ သက်သာနိုင်စေရန်အတွက် လိုအပ်သည့် လုပ်အားဒါနများ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ထို့အပြင် အမှတ်(၂)ထန်းငယ်တောရပ်ကွက်တွင် တူးဖော်ပေးနေသည့် စက်ရေတွင်းပြီးစီးသွားပါက ပခုက္ကူခရိုင် မြိုင်မြို့နယ်အတွင်းရှိ ဗဒူကျေးရွာနှင့် နှမ်းဆီကုန်းကျေးရွာများတို့ သွားရောက်၍ တူးဖော်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း (တာဝန်ခံ)ဦးထွန်းငွေးက ဆက်လက်ပြောပြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မြို့နယ်စည်ပင်ဌာနမှ ငွေကျပ်သိန်း ၃၉၀၀ ကျော်ဖြင့် မြို့ရေပေးရေး တိုးချဲ့ဆောင်ရွက်

**ဖယ်ခုံ ဇွန် ၂၉**
ဖယ်ခုံမြို့နယ်စည်ပင်သာယာရေးဌာနမှ မြို့ပေါ်ရပ်ကွက်အတွင်းရှိ မိဘပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် မြို့ရေပေးရေးလုပ်ငန်းများကို ဂျပန်ချေးငွေ (JICA ODA Loan) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါမြို့ရေပေးရေး လုပ်ငန်းအားလုံးဆောင်ရွက်ပြီးပါက အိမ်သွယ်ရေတိုင် ၁၁၀၀ ခန့်မှ တစ်နှစ်ရရှိမည့် ခန့်မှန်းဝင်ငွေကျပ် ၃၉၆ သိန်းခန့် ရရှိမည်ဖြစ်ပြီး မီတာခ၊ ဝန်ထမ်းလေးဦးလစာနှင့် အခြားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအပါအဝင် တစ်နှစ်စုစုပေါင်း ခန့်မှန်းခြေကုန်ကျစရိတ်ငွေကျပ် ၁၆၈၅၅၀၀၀ ခန့် ကုန်ကျမည်ဖြစ်၍ တစ်နှစ်စုစုပေါင်း ခန့်မှန်းအသားတင်ဝင်ငွေကျပ် ၂၂၇ သိန်းခန့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

၎င်းမြို့ရေပေးရေးလုပ်ငန်းများတွင် ဂါလန်တစ်သိန်းဆံ့ ရေစုကန်နှင့် အနေးသဲရေစစ်ကန် တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းများအပါအဝင် လုပ်ငန်းအားလုံးအတွက် စုစုပေါင်းကုန်ကျငွေကျပ်သိန်း ၃၉၀၀ ကျော်ကုန်ကျမည်ဖြစ်ပြီး ၎င်းလုပ်ငန်းဆောင်ရွက်သောကုန်ကျစရိတ်များကို ဂျပန်ချေးငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းချေးငွေများကို ပထမ ၁၀ နှစ်အတွင်း အတိုး သုညဒသမ ၀၀၁ ရာခိုင်နှုန်းဖြင့် ပြန်လည်ပေးချေရမည်ဖြစ်ပြီး ကျန်ရှိသည့်ချေးငွေများအား နှစ် ၃၀ အတွင်း အတိုးနှင့်အရင်းကို နှစ်စဉ်အရစ်ကျ ပေးချေရမည်ဖြစ်သည်။

အဆိုပါ မြို့ရေပေးရေးလုပ်ငန်းစဉ်များကို ဇွန် ၂၇ ရက်နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင်ကျင်းပသော ကယန်းတိုင်းရင်းသားရေးရာဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိ ဦးထိန်လင်းက ရှင်းလင်းတင်ပြခဲ့ပြီး အစည်းအဝေးအပြီးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလတ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးမောင်၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီနှင့် တာဝန်ရှိသူများသည် မြို့ရေပေးရေး လုပ်ငန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးထိန်လင်းနှင့် လုပ်ငန်းတာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။ **ကိုထွေး**



# မတ္တရာမြို့၌ ကျောင်းကျန်းမာရေးရက်သတ္တပတ် လှုပ်ရှားဆောင်ရွက်



**မတ္တရာ ဇွန် ၂၉**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ကျောင်းကျန်းမာရေးရက်သတ္တပတ်အဖြစ် လှုပ်ရှားဆောင်ရွက်လျက်ရှိရာ အခြေခံပညာအထက်တန်းကျောင်းခွဲ (မြို့သစ်) ၌ ဇွန် ၂၈ ရက် နံနက်ပိုင်းက ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးမင်း ခေါင်းဆောင်သော ကျန်းမာရေးစစ်ဆေးရေးအဖွဲ့သည် အဆိုပါကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၁၅၈၅ ဦးအား တစ်ကိုယ်ရည်သန့်ရှင်းရေးစစ်ဆေးခြင်း၊ ခန္ဓာကိုယ်အလေးချိန်တိုင်းတာခြင်းနှင့် အရပ်တိုင်းခြင်း၊ သွားများစစ်ဆေးပေးခြင်းနှင့် ကုသပေးခြင်း၊ ဆေးကုသမှုများပြုလုပ်ပေးခြင်း၊ ကျန်းမာရေးအသိပညာဟောပြောခြင်း၊ ကျောင်းနှင့်ဝန်းကျင် ကျန်းမာရေးစစ်ဆေးခြင်း ကျောင်းအတွင်းရောင်းချသော စျေးဆိုင်များတွင် ကျန်းမာရေးနှင့်ညီညွတ်မှုရှိ-မရှိ စစ်ဆေးခြင်းနှင့် ပညာပေးခြင်းလုပ်ငန်းများကိုဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# အရာတော်မြို့တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**အရာတော် ဇွန် ၂၉**
ကမ္ဘာမြေကြီးကို အေးချမ်းသာယာပြီး သဘာဝအန္တရာယ်မှကာကွယ်၍ သက်ရှိလောကတည်မြဲစေဖို့ သစ်ပင်စိုက်ပျိုးခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရန်အတွက် မြို့နယ်သစ်တောဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းပြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၂၄ ရက် နံနက် ၉ နာရီက မုံရွာခရိုင်၊ အရာတော်မြို့နယ် အုပ်ရှစ်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝဏ္ဏ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ သစ်တောဦးစီးဌာနဝန်ထမ်းများ တက်ရောက်ကြပြီး အရိပ်ရသစ်ပင် ကျွန်း၊ မယ်ဇယ်၊ တရုတ်တမာ၊ ထင်းရှူးစသည့် အပင်ပေါင်း ၃၅၀ အား စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ဆွေးနွေး

**ပွင့်ဖြူ ဇွန် ၂၉**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှူးကြီးမှူး၏ စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲကို ပွင့်ဖြူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗိုလ်ဥတ္တမခန်းမ၌ ဇွန် ၂၇ ရက် နံနက် ၉ နာရီခွဲက ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဦးစီးမှူး ဦးမောင်မောင်အေးက စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ရက် ၁၀၀ ကာလအတွင်း ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တိုင်းတာဝန်ခံ ဒေါက်တာပြေထူးက ဆိုးဆေးများနှင့်ပတ်သက်၍ သိကောင်းစရာအကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်း၊ အချိုရည်များ၊ အချိုလွန်သရေစာမုန့်များကြောင့် အလေးငယ်များကို ထိခိုက်မှုဆိုးကျိုးများအား ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များက အပြန်အလှန်ဆွေးနွေးခြင်း၊ သိလိုသည်များ မေးမြန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဖိုးပြည့်(မင်းဘူး)**

# စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ ဝန်ထမ်းစွမ်းဆောင်ရည်မြင့်မားရေး ဆွေးနွေးပွဲ ကျင်းပ

**ဒီးမော့ဆို ဇွန် ၂၉**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် နည်းပညာပေးဆွေးနွေးပွဲကို ဇွန် ၂၄ ရက် နံနက် ၉ နာရီက ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါနည်းပညာဆွေးနွေးပွဲတွင်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးခန့် ဦးဆောင်၍ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ညိုညိုအောင်၊ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်မူမူသက်နှင့် ခရိုင်ဦးစီးမှူး ဦးကျော်ကျော်တို့က လွိုင်ကော်၊ ဒီးမော့ဆိုနှင့် ဖရူဆိုမြို့နယ်အတွင်းရှိ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများအား ဝန်ထမ်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် နည်းပညာနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လူမှုဝန်ထမ်းဦးစီးဌာနနှင့် (Danish Refugee Council) DRC အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် မိုင်းအန္တရာယ် အသိပညာပေးသင်တန်းဖွင့်လှစ်

**ဖားဆောင်း ဇွန် ၂၉**
ကယားပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် (Danish Refugee Council) DRC အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် မိုင်းအန္တရာယ်အသိပညာပေးသင်တန်းကို ဇွန် ၂၇ ရက် နံနက် ၉ နာရီက ဖားဆောင်းမြို့နယ် ဖားစည်သံလွင်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ကယားပြည်နယ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ပြည်နယ်မှူး ဒေါ်မြင့်မြင့်ကြည် (ဒုတိယညွှန်ကြားရေးမှူး) က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်သူလူထုအား မြေမြှုပ်မိုင်းအန္တရာယ်မှ ကာကွယ်ပေးသွားရန်နှင့် နယ်စပ်ဒေသတွေမှာ အပြစ်မဲ့သူများ မြေမြှုပ်မိုင်းများကြောင့် အသက်အန္တရာယ်မဆုံးရှုံးရလေအောင် မသန်စွမ်းသူများ မဖြစ်ရလေအောင် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသွားပြီး (Danish Refugee Council) DRC အဖွဲ့မှ သင်တန်းဆရာ Mr. Pascal Herri M Simon က မိုင်းအန္တရာယ် အသိပညာပေးသင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းသင်ပြခဲ့သည်။ သင်တန်းကို နံနက် ၁၀ နာရီခွဲမှ ညနေ ၄ နာရီထိ သင်ကြား ပို့ချခဲ့ရာ ဌာနဆိုင်ရာဝန်ထမ်း ၃၅ ဦး တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ကြည်၊ (DRC) အဖွဲ့မှ Mr. Pascal Herri M Simon (Belgien)၊ စီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်ဖာရီလေး၊ ဖားဆောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်သူလူထု စုစုပေါင်း ၇၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကိုစိုင်း(လွိုင်ကော်)**

# ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မုံရွာတက္ကသိုလ်တို့ ပူးပေါင်း၍ ကွမ်းစားသုံးခြင်းနှင့် ပတ်သက်သည့် ကျန်းမာရေး အသိပညာပေးဟောပြော

**မုံရွာ ဇွန် ၂၉**
ကွမ်းစားသုံးခြင်းသည် ကျန်းမာရေးကို ထိခိုက်ရုံသာမက လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ကိုလည်း ထိခိုက်စေနိုင်သည်ကို သတိပြုနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မုံရွာတက္ကသိုလ်တို့ ပူးပေါင်း၍ ကွမ်းစားသုံးခြင်းနှင့်ပတ်သက်သည့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို မုံရွာတက္ကသိုလ်ကျောင်းခန်းမ အဆောင်(ဘီ)တွင် ဇွန် ၂၈ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ကျန်းမာရေးအသိပညာပေးဟောပြောပွဲတွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာသံလွင်ထွန်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာချစ်ထွန်းတို့က ကွမ်းယာနှင့် တွဲဖက်စားသုံးရာတွင် ဖြစ်ပွားတတ်သည့် ရောဂါများပါဝင်သော ဓာတုပစ္စည်းများအကြောင်းတို့ကို အသီးသီးဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ၏ သိရှိလိုသည်များကို ဒေါက်တာသံလွင်ထွန်းနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသံလွင်ထွန်းနှင့် တာဝန်ရှိသူများ၊ မုံရွာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာသက်နိုင်ဦးနှင့် ဒေါက်တာစိန်စိန်အောင်၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလားခရိုင်ပေါင်းစုံ (အမျိုးသား)ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**စစ်ကိုင်း ဇွန် ၂၉**
၂၀၁၆ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၈ ရက် နံနက် ၉ နာရီ က စစ်ကိုင်းမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း၊ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းအောင်နှင့် တာဝန်ရှိသူများ၊ စစ်ကိုင်းခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အားကစားဆပ်ကော်မတီဝင်များနှင့် ဒိုင်အဖွဲ့များ၊ အုပ်ချုပ်သူနည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးအား ပြိုင်ပွဲဝင်အားကစားသမားများက အလေးပြုခြင်းနှင့် အားကစားသစ္စာအဓိဋ္ဌာန်ကို ရွက်ဆိုကြပြီး သရုပ်ပြဖျော်ဖြေပေးသည့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာနှင့်ပန်းဖွားအဖွဲ့တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲအား ဖွင့်လှစ်ပေးရာ စစ်ကိုင်းခရိုင် ဘော်လီဘောအသင်းနှင့် ကသာခရိုင်ဘော်လီဘောအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးခဲ့ကြပြီး အနိုင်ရရှိသည့် စစ်ကိုင်းခရိုင်အသင်းကို ဆုချီးမြှင့်ငွေကျပ် ၁၀၀၀၀၀ ကျပ်အား ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၀ ခရိုင်မှ အသင်းပေါင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကြမှာဖြစ်ပြီး ပြိုင်ပွဲကို ဇွန် ၂၈ ရက်မှ ၃၀ ရက်ထိ ယှဉ်ပြိုင်ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်း(စစ်ကိုင်း)**

# စာမတတ်သူများပပျောက်စေရန် ရည်ရွယ်ပြီး မုံရွာအကျဉ်းထောင်တွင် ‘အ’ သုံးလုံးသင်တန်း ဖွင့်လှစ်သင်ကြား

**မုံရွာ ဇွန် ၂၉**
စာမတတ်သူများပပျောက်စေရန် ရည်ရွယ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မုံရွာအကျဉ်းထောင်တွင် ‘အ’သုံးလုံးသင်တန်းကို ဇွန် ၂၇ ရက် နံနက် ၈ နာရီကစတင်ပြီး ဖွင့်လှစ်သင်ကြား ပို့ချပေးလျက်ရှိကြောင်း သိရသည်။

အကျဉ်းဦးစီးဌာန၏ ရည်မှန်းချက်တစ်ရပ်ဖြစ်သည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာနှင့် စာပေပညာများကို အကျဉ်းသား၊ အကျဉ်းသူများအား သင်ကြားပေးရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် အမျိုးသမီးအကျဉ်းဆောင်တွင် ‘အ’ သုံးလုံးသင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အကျဉ်းကျနေသူများထဲတွင် စာမတတ်သူများ၊ အကျဉ်းကျတွေနှင့်အတူပါလာတဲ့ ကလေးငယ်များကို စာပေပညာတွေ သင်ကြားပေးဖို့လိုအပ်ကြောင်း၊ စာပေအသိပညာ အခြေခံနည်းပါးမှုကြောင့် တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်ကြခြင်းဖြစ်ကြောင်း၊ စာတတ်ပြီး စာဖတ်မှုသာလျှင် မိမိဘဝ၏ တိုးတက်ရာ တိုးတက်ကြောင်းကို စာပေထဲမှ ရရှိနိုင်သဖြင့် အားလုံးစာတတ်ကြဖို့ လိုကြောင်း၊ ထို့အပြင် ပြစ်ဒဏ်ကျခံပြီး ပြင်ပနယ်ပယ်ကို ရောက်ရှိသွားပါက အကျဉ်းထောင်ထဲမှ သင်ကြားပေးလိုက်သည့် အသက်မွေးဝမ်းကျောင်းနှင့် စာပေပညာရပ်များကို အသုံးချပြီး မိမိတို့နေ့စဉ်ဘဝရပ်တည်ရေးနှင့် မိမိနေထိုင်ရာပတ်ဝန်းကျင်ကို များစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်း မုံရွာအကျဉ်းထောင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မျိုးအောင်က ပြောကြားသည်။

အဆိုပါ ‘အ’ သုံးလုံးသင်တန်းအား ဇွန် ၂၇ ရက်မှ စတင်ပြီး အကျဉ်းသူနည်းပြတစ်ဦးက ရက်သတ္တပတ်ရှစ်ပတ်ကြာ နေ့စဉ်သင်ကြားပေးမည်ဖြစ်ကာ မုံရွာအကျဉ်းထောင် အမျိုးသမီးဆောင်မှ သင်တန်းသူများ တက်ရောက်သင်ကြားကြမည်ဖြစ်ပြီး မုံရွာအကျဉ်းထောင်တာဝန်ခံက သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးခဲ့သည်။ **ဖိုးချမ်း(မုံရွာ)**

## MSI မှကျင်းပပြုလုပ်သော ၂၀၁၆ ခုနှစ် နိုင်ငံတကာပညာရေးပြပွဲကြီး တောင်ကြီးမြို့တွင် ကျင်းပ

**တောင်ကြီး ဇွန် ၂၉**
(၅) ကြိမ်မြောက် MSI ၏ နိုင်ငံတကာပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ချီးမြှင့်ခဲ့သည့် နိုင်ငံတကာပညာရေးပြပွဲကြီးကို တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိ ရွှေရင်ရယ် စတားဟိုတယ်ခန်းမ၌ ဇွန် ၂၆ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

နိုင်ငံတကာပညာရေးပြပွဲကြီးတွင် တက္ကသိုလ်အသီးသီးရှိ တက်ရောက်သင်ယူနိုင်သည့် ဘာသာရပ်ပေါင်းများစွာထဲတွင် မိမိနှစ်သက်သောဘာသာရပ်ကို ရွေးချယ်၍ ပညာသင်ဆုငွေများ လျှောက်ထားနိုင်ပြီး ပညာသင်ထောက်ပံ့ကြေးများကို ကျောင်းလခ၏ ၃၀ ရာခိုင်နှုန်း၊ ၄၀ ရာခိုင်နှုန်း၊ ၅၀ ရာခိုင်နှုန်း၊ ၇၅ ရာခိုင်နှုန်း၊ ၈၀ ရာခိုင်နှုန်းနှင့် ၁၀၀ ရာခိုင်နှုန်းထိ ကင်းလွတ်ခွင့်ရရှိနိုင်ကြောင်း၊ ပညာသင်ဆုများကို၊ ၉ တန်းအောင်၊ ၁၀ တန်းအောင် IGCSE, GCE O LEVEL, A LEVEL, SEC(3),SEC(4), ABE(UK) ကျောင်းသားများ LCCI LEVEL(3) အောင်မြင်ပြီးသူများနှင့် ဘွဲ့ရပြီး ကျောင်းသား၊ ကျောင်းသူများအတွက် နိုင်ငံတကာပညာသင်ဆုငွေများအကြောင်း၊ ပညာသင်ဆုလျှောက်ထားရာတွင် ကျောင်းသား၊ ကျောင်းသူနှင့် မိဘများမှ ကြိုတင်ပြင်ဆင်ထားရမည့် အချက်များ၊ ပညာရေးဆိုင်ရာစာရွက်စာတမ်းများ၊ ကျောင်းဝင်ခွင့်သတ်မှတ်ချက်များ၊ ထိုကျောင်းများတွင် သင်ယူနိုင်သောဘာသာရပ်များ၊ ကျောင်းဖွင့်ချိန်ကာလများ၊ ကျောင်းလခများနှင့် ကျောင်းတက်နေစဉ် ကုန်ကျမည့် နေထိုင်စားသောက်စရိတ်များအပြင် ကျောင်းပတ်ဝန်းကျင်နှင့် ပတ်သက်သည့် အကြောင်းအရာများကို ကျောင်းသားများနှင့် မိဘများအား တစ်ဦးချင်း အသေးစိတ်တွေ့ဆုံရှင်းလင်းပြောကြားပြီး နိုင်ငံတကာအသိအမှတ်ပြုဒီပလိုမာ၊ ဘွဲ့ဒီဂရီ၊ ဘွဲ့လွန်များကို ပြီးစီးအောင်မြင်သူများအတွက် အရှေ့တောင်အာရှအတွင်းနှင့် နိုင်ငံတကာရှိ အလုပ်အကိုင်အခွင့်အလမ်း လစာနှုန်းထားများကိုပါ ဆွေးနွေးပြောကြားသွားခဲ့သည်။

နိုင်ငံတကာတွင် ကျောင်းသွားတက်မည့် ကျောင်းသား၊ ကျောင်းသူများအတွက် MSI မှ တစ်ဦးချင်းစီဝန်ဆောင်မှုပေးသည့် MSI ၏ ONE-STOP Quality Services များဖြစ်သည့် ကျောင်းသားနှင့် မိဘအုပ်ထိန်းသူများအား နားလည်သဘောပေါက်သည်အထိ ရှင်းလင်းဆွေးနွေးပေးခြင်း၊ ပညာသင်ဆုနှင့် ဘာသာရပ်ကင်းလွတ်ခွင့်များ လျှောက်ထားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ ဆေးစစ်ရန်အတွက် ISO လက်မှတ်ရ Medical Centre များနှင့် ချိတ်ဆက်ပေးခြင်း၊ လေယာဉ်လက်မှတ် booking ကိစ္စစီစဉ်ဆောင်ရွက်ပေးခြင်း၊ လိုအပ်ပါက ကျောင်းသားနှင့် မိဘအုပ်ထိန်းသူများအတွက် လေဆိပ် အကြို/အပို့ နေထိုင်ရေးကိစ္စများကိုပါ ဆောင်ရွက်ပေးခြင်း၊ နိုင်ငံတကာတက္ကသိုလ်များမှ ပညာသင်ဆုများ လျှောက်ထားရယူနိုင်မည့် ပညာဆိုင်ရာလမ်းကြောင်းများ စသည့်အကြောင်းအရာ အချက်အလက်များကို အသေးစိတ်ဆွေးနွေးခဲ့ပြီး ပညာရေးပြပွဲကြီးကို မတက်ရောက်ဖြစ်သော ကျောင်းသား၊ ကျောင်းသူများအတွက် ထပ်မံသိရှိလိုပါက နိုင်ငံခြားပညာရေးဝန်ဆောင်မှုရုံးခန်း အမှတ် (၂၃၄ )၊ ဒုတိယထပ်(ညာ)၊ ရွှေဘုံသာလမ်း(အလယ်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်းနံပါတ် ၀၁-၂၅၀၉၂၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း ၎င်းထံမှ သိရသည်။

အဆိုပါ MSI ၏ နိုင်ငံတကာပညာရေးပြပွဲကို ရန်ကုန်မြို့တွင် ကျောင်းသား၊ ကျောင်းသူ ၄၀၀ ခန့်၊ မန္တလေးမြို့တွင် ကျောင်းသား၊ ကျောင်းသူ ၅၀၀ ကျော်၊ တောင်ကြီးမြို့တွင် ကျောင်းသား၊ ကျောင်းသူ ၅၀၀ ခန့် တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံရေး မြေသားရေလှောင်ကန်တူးဖော်

**ကနီ ဇွန် ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ၈ ဒသမ ၅သန်းဖြင့် လည်ရှည်(န) ကျေးရွာတွင် အလျားပေ ၂၀၀၊ အနံပေ ၁၆၀ နှင့် အနက် ၁၀ ပေရှိ မြေသားရေလှောင်ကန် ထူးဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ဒီမြေသားရေလှောင်ကန်ကို အမှန် အလျားပေ ၂၀၀ နှင့် အနက် ၆ ပေ ချပေးသော်လည်း အခု ကျွန်တော်တို့ အလျားပေ ၂၅၀၊ အနက် ၁၀ ပေအထိ တူးဖော်ဆောင်ရွက်ထားပါတယ်။ ခွင့်ပြုငွေနဲ့က ခြံစည်းရိုးကာပြီး ရေတုံကင်နှစ်ခုတပ်ဆင်ပေးရမှာဖြစ်ပါတယ်။ လုပ်ငန်းတွေအားလုံးဆောင်ရွက်ပြီးရင် ကျေးရွာနေပြည်သူတွေအတွက် သောက်သုံးရေကို မိုးရာသီသာမက နွေရာသီမှာလည်းအဆင်ပြေအောင် သုံးစွဲနိုင်တော့မှာဖြစ်ပါတယ်” ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဆိုင်က ပြောသည်။

‘ဒီရေကန်ကြီးက ကျွန်တော်တို့ အဘိုးအဘွားတွေလက်ထက် ၁၂၈၇ ခုနှစ် နယုန်လဆန်း ၁၀ ရက်မှာ ကံတူးဖော်သူ ဦးဆေးပုံမိသားစုတို့က ငွေ ၁၀၀ ကျပ်နဲ့ စတင်တူးဖော်ထားတဲ့ကန်ကြီးဖြစ်ပါတယ်။ ဒီကန်ကနေပဲ ကျွန်တော်တို့ရွာသူ၊ ရွာသားတွေ ရေခပ်အသုံးပြုခဲ့ကြရတာဖြစ်ပြီး အရင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က ဒီကျေးလက်ဦးစီးဌာနက တူးဖော်ဆောင်ရွက်ပေးတဲ့ အဝီစိတွင်းတစ်တွင်းကရေကိုမီတာဖြင့် တစ်ရွာလုံးသုံးကြရပါတယ်။ ဒါပေမဲ့ ရွာကတောင်သူတွေဆိုတော့ ကျွဲ၊ နွားသောက်သုံးရေရောဆိုတော့ အများကြီးကုန်ကျတဲ့အတွက် ဒီကန်ရေကိုလည်း မိုးရာသီနဲ့ ဆောင်းရာသီတွေမှာ အားထားအသုံးပြုရတဲ့အတွက် အခုလို ကန်ကြီးကို ရေလှောင်ပမာဏကြီးကြီးနဲ့ ရေတုံကင်တွေပါ တပ်ဆင်ပေးမှာဖြစ်သဖြင့် နွေပိုင်းမှာလည်း ကျွန်တော်တို့ရွာအတွက် များစွာအဆင်ပြေမှာဖြစ်ပါတယ်” ဟု ကျေးရွာမှ ပြည်သူတစ်ဦးက ပြောပြသည်။

**သန်းဌွေးအောင်(ကနီ)**



ဇွန် ၂၆ ရက်က ဗညားဒလလမ်း (၁၄၈) လမ်းအနီးရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုက လူသွားစင်္ကြံပေါ်တွင် ကျောက်စရစ်နှင့် သဲများကို စည်းကမ်းမဲ့စွာဖြင့် စုပုံထားရှိသဖြင့် ခရီးသွားနှင့် ခြေကျင်သွားမိဘပြည်သူများ သွားလာမှုခက်ခဲနေကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ - (၅၉၇)

## ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေးအသစ် (PCV) စတင်ထိုးနှံခြင်းအခမ်းအနား မကွေးတွင်ကျင်းပ

**မကွေး ဇွန် ၂၉**
ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေးသစ် (PCV) စတင်ထိုးနှံခြင်းအခမ်းအနားကို ဇွန် ၂၇ ရက်က မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက် အမှာစကားပြောကြားရာတွင် “ပြင်းထန်အဆုတ်ရောင်ရောဂါပိုးကာကွယ်ဆေးအသစ်ကို ၂၀၁၆ခုနှစ် ဇူလိုင် ၁ ရက်၌ စတင်ပြီး ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထည့်သွင်းထိုးနှံသွားမှာဖြစ်လို့ မိမိတို့ မကွေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကလေးသူငယ်များကာကွယ်ဆေးထိုးနှံခြင်း အခွင့်အလမ်းကို အပြည့်အဝရရှိဖို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူလူထုများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရင် မကွေးတိုင်းဒေသကြီးရဲ့ ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်း သိသိသာသာ လျော့နည်းသွားမှာဖြစ်ပါတယ်” ဟု ပြောကြားခဲ့သည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အထူးရောဂါနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ဆရာဝန်က ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေးသစ် (PCV) အကြောင်း အသိပေးရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်ပြီး ဒေသဆိုင်ရာ ပိုလီယိုပပျောက်ရေးဆရာဝန်က မြန်မာနိုင်ငံ ပိုလီယို ရောဂါပပျောက်ရေးဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ဆွေးနွေးတင်ပြခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များက ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေးသစ် (PCV) နှင့် ပတ်သက်ပြီး သိရှိလိုသိသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။ **ညီညီမောင်(မကွေး)**

# ခွင့်ပြုငွေသန်း ၈၀၀ ကျော်ဖြင့် ပုလဲမြို့ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မည်

**ပုလဲ ဇွန် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင် ပုလဲမြို့နယ်ရှိ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရေးကိုရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ခွင့်ပြုရန်ပုံငွေကျပ် ၈၁၃ ဒသမ ၃၅၈ သန်း ခွင့်ပြုပေးရာ အဆိုပါရန်ပုံငွေကို လမ်းလုပ်ငန်း၊ တံတားလုပ်ငန်း၊ ရေပေးရေးလုပ်ငန်း၊ ဆိုလာမီးလင်းရေးလုပ်ငန်းနှင့် သန့်ရှင်းရေးလုပ်ငန်း စသည့်ကဏ္ဍတို့တွင် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

ပုလဲမြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၄၄၅ ဒသမ ၁၁ သန်းဖြင့် ဖလံပင်-အေးချမ်းသာလမ်း (၁-မိုင်)၊ မင်းတိုင်ပင်-ငှက်ပျောတော-ခေါ်သန္တိ-သီတင်းကျေးသမ္ဗား-ရွာသစ်လမ်း (၁-မိုင် ၄-ဖာလုံ)၊ မင်းတိုင်ပင်-ချောင်းဦး-မရိုးတုန်း-ချင်ပြစ်လမ်း (၂-မိုင်)၊ အင်တိုင်း သာ-ဂျပ်-ကသောင်းလမ်း (၁-မိုင် ၄-ဖာလုံ) ကျောက် ချောလမ်းခင်းခြင်းနှင့် လှိုင်းချောင်းတမံလမ်း (၃-မိုင်) ဂျင်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်ကပြောသည်။

ငွေကျပ်သန်း ၈၀ ဖြင့် လက်ပံကျေးရွာချောင်းကူးတံတားတည်ဆောက်ခြင်းလုပ်ငန်း၊ ငွေကျပ် ၁၄၈ သန်းဖြင့် ရေသာ၊ ဆည်ကြီး၊ နွယ်အင်း၊ အောင်ငြိမ်းချမ်း၊ စစ်ရင်၊ အုန်းမွှန်းတော၊ ကံသာကျေးရွာများနှင့် တုန်းကန်ကျေးရွာများတွင် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းကပြောသည်။

ငွေကျပ် ၁၃၂ ဒသမ ၃၄၈ သန်းဖြင့် ဝက်ကျေး ကျေးရွာ အိမ်ထောင်စု ၂၆၉ စုနှင့် ငန်းချောင်းကျေးရွာရှိ အိမ်ထောင်စု ၁၃၁ စုအတွက် ဆိုလာစနစ်ဖြင့် မီးလင်းခြင်းလုပ်ငန်းဆောင်ရွက်မည် ဖြစ်ကြောင်း၊ ငွေကျပ် ၇ ဒသမ ၉ သန်းဖြင့် ပုထိုးသာကျေးရွာတွင် နှစ်ခန်းတွဲအိမ်သာ တည်ဆောက်ခြင်းနှင့် အိမ်ထောင်စုသုံးအိမ်သာ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် အသုံးပြုမည်ဖြစ်ကြောင်း ဦးစီးအရာရှိ ဦးမျိုးအောင်၏ ပြောကြားချက်အရ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် အမြဲတမ်းအတွင်းဝန်တို့၏ မှာကြားချက်များထပ်ဆင့်ရှင်းလင်း

**လွိုင်ကော် ဇွန် ၂၉**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် မေ ၂၇ ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စု စာရင်းစစ်ချုပ်နှင့်တွေ့ဆုံပွဲမှ ပြည်ထောင်စု စာရင်းစစ်ချုပ်နှင့် အမြဲတမ်းအတွင်းဝန်တို့၏ မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းကို ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက ကယားပြည်နယ်စာရင်းစစ်ချုပ်ရုံးခန်းမ၌ ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် ကယားပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ခရိုင်၊ မြို့နယ် စာရင်းစစ်ရုံးများမှ စစ်ဆေးရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး ပြည်နယ်စာရင်းစစ်ချုပ် ဦးအောင်မောင်းနှင့် ပြည်နယ်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်အေးတို့က ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် အမြဲတမ်းအတွင်းဝန်တို့၏ မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းခဲ့ကြောင်း သိရသည်။ **ကယားပြည်နယ်(ပြန်/ဆက်)**

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စပါးခင်းဧက ၆၉၀ အတွင်း ငါးမျိုးများ စိုက်ထည့်ပေးမည်

**မုံရွာ ဇွန် ၂၉**

စပါးစိုက်ပျိုးသောတောင်သူများ ငါးမွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ခြင်းဖြင့် မိသားစုအပိုဝင်ငွေများ ရရှိစေရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ ခုရှိ စပါးစိုက်ဧက ၆၉၀ အတွင်းသို့ ငါးသားပေါက်ကောင်ရေ ၃ ဒသမ ၄၅ သိန်းအား စိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆန်းစပါးကို အဓိကထားစိုက်ပျိုးသောမြို့နယ်များရှိ တောင်သူများ စိုက်ပျိုးရေးကိုသာမက စပါးခင်းများအတွင်း စပါးနှင့်ငါးတွဲဖက်စိုက်ပျိုးမွေးမြူခြင်းဖြင့် ငါးမွေးမြူရေးလုပ်ငန်းမှ အပိုဝင်ငွေရရှိစေရန်အတွက် တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက်များကို စိုက်ထည့်ပေးခြင်း ဖြစ်ကြောင်း သိရသည်။

"စပါးနဲ့ငါး တွဲဖက်မွေးမြူရေးကို အဓိကဆည်ရေသောက်စိုက်ပျိုးရေရရှိတဲ့ဒေသမှာ လုပ်ပေးတာပါ။ မိုးများတဲ့ဒေသလည်း ပါပါတယ်။ စပါးခင်းမှ စပါးစိုက်ပျိုးပြီးလို့ ရေစသွင်းတာနဲ့ ငါးသားပေါက်တွေကို ထည့်ပေးပါတယ်။ စပါးရိတ်သိမ်းပြီးချိန်မှာ ငါးတွေလည်း ထုတ်ယူစားသုံးလို့ရပါတယ်။ စပါးမှာကျရောက်တဲ့ ပိုးမွှားတွေကိုလည်း ငါးတွေက စားသုံးတဲ့အတွက် ပိုးမွှားအန္တရာယ်ကိုလည်း ကာကွယ်ပြီးသားဖြစ်ပါတယ်။ စပါးနဲ့ငါး တွဲဖက်မွေးမြူရေးလုပ်ငန်းက လုပ်ကိုင်သင့်တဲ့လုပ်ငန်းတစ်ခုဆိုတာကို တောင်သူတွေ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေဖို့အတွက် အခုလို ငါးသားပေါက်တွေကို စိုက်ထည့်ပေးတာပါ" ဟု တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စပါးနှင့်ငါး တွဲဖက်မွေးမြူရေးအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘိုမြို့နယ်တွင် ဧက ၁၈၀၊ ခင်ဦးမြို့နယ်တွင် ၆၅ ဧက၊ ဝက်လက်မြို့နယ်တွင် ဧက ၆၀၊ တမူးမြို့နယ်တွင် ဧက ၂၀၊ ကောလင်းမြို့နယ်တွင် ၆၅ ဧက၊ ထီးချိုင့်မြို့နယ်တွင် ဧက ၆၀၊ ရေဦးမြို့နယ်တွင် ဧက ၁၂၀၊ ဒီပဲယင်းမြို့နယ်တွင် ဧက ၅၀၊ ကလေးမြို့နယ်တွင်ဧက ၆၀နှင့် တန့်ဆည်မြို့နယ်တွင် ၁၀ ဧက စုစုပေါင်းစပါးစိုက်ဧက ၆၉၀ အတွင်းသို့ ငါးသားပေါက်ကောင်ရေ ၃ ဒသမ ၄၅ သိန်းအား စိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

# အမြန်လမ်းပိုင်းပြုပြင်ရေးလုပ်ငန်းများ ဆောက်ရွက်နေ၍ ယာဉ်များ အရှိန်လျှော့၍မောင်းနှင်သင့်

**ရေတာရှည် ဇွန် ၂၉**

ရန်ကုန်-နေပြည်တော်အမြန်လမ်းပိုင်းတွင် ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် နေရာများ၌ ယာဉ်အန္တရာယ်ဖြစ်ပွားမှုမဖြစ်ပွားစေရေးအတွက် အရှိန်လျှော့ကာ မောင်းနှင်သင့်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ကိုဖြတ်သန်းသွားသည့် မိုင်တိုင် ၁၆၃/၀ နှင့် ၁၇၃/၀ အထိ ၁၀ မိုင်အကွာအဝေးရှိ လမ်းပိုင်းအား အမြန်လမ်းမကြီးပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ မောင်းနှင်သည့်ယာဉ်များ အရှိန်လျှော့ကာ မောင်းနှင်ခြင်းဖြင့် လုပ်ငန်းခွင်ဆောင်ရွက်နေမှုကို အထောက်အကူပြုသည့်အပြင် မတော်တဆမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူက ဆက်လက်ပြောကြားခဲ့သည်။

**ကိုလွင်(ဆွာ)**



# မုံရွာမူလတန်းကြိုကျောင်းတွင် သွေးလွန်တုပ်ကွေးရောဂါပညာပေးဟောပြော၍ကလေးငယ်များကျန်းမာရေးစစ်ဆေး

**မုံရွာ ဇွန် ၂၉**

မိုးရာသီတွင် အဖြစ်များလေ့ရှိသည့် သွေးလွန်တုပ်ကွေးရောဂါဆိုင်ရာ ပညာပေးဟောပြောခြင်းကို လူမှုဝန်ထမ်းဦးစီးဌာနနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းပြီး ဇွန် ၂၇ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရုံးကြီးရပ်ကွက်ရှိ မူလတန်းကြိုကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာနိုင်ဦးလွင်က ခံတွင်းသန့်ရှင်းရေးနှင့် သွားတိုက်နည်းဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဦးမြင့်ဆွေနှင့် ကျန်းမာရေးဆရာမများက သွေးလွန်တုပ်ကွေးရောဂါအကြောင်းနှင့် ရင်သွေးငယ်များအား ပြုစုပျိုးထောင်ရာတွင် ဂရုပြုလိုက်နာဆောင်ရွက်သင့်သည့် ကျန်းမာရေးဆိုင်ရာများကို ဟောပြောဆွေးနွေးကြရာ ရင်သွေးငယ်လေးများ၏ မိဘများ တက်ရောက်ခဲ့ကြသည်။

ယင်းနောက် မူကြိုကျောင်းမှ ရင်သွေးငယ်လေးများအား ခရိုင်ပြည်သူ့ကျန်းမာရေးဌာနမှ ဒေါက်တာသူဇာမြင့်နှင့် ဆရာဝန်များက ကျန်းမာရေးစစ်ဆေးပြီး အားဆေးများတိုက်ကျွေးကာ ရင်သွေးငယ်လေးများ ကိုယ်လက်သန့်ရှင်းစွာ နေထိုင်တတ်စေရန် လက်ဆေးခြင်းအဆင့်ဆင့်ကို သရုပ်ပြသခဲ့ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# ပွင့်ဖြူမြို့ရှိ ကမ်းပါးပြိုကျ အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်



ပွင့်ဖြူမြို့နယ်တွင် ကမ်းပါးပြိုကျနေသည်ကိုတွေ့ရစဉ်

**ပွင့်ဖြူ ဇွန် ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ညောင်ပင်ရွာကျေးရွာတွင် ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း မုန်းချောင်းရေကြီးမှုများကြောင့် မုန်းချောင်းကမ်းပါးနေ လူနေအိမ်လေးလုံး ကမ်းပါးပြိုကျပျက်စီးခဲ့ရသည်။ ညောင်ပင်ရွာ ကျေးရွာတွင် အိမ်ထောင်စု ၃၀၈ စုရှိပြီး ယခင်ကာလက ကမ်းပါးပြိုကျသဖြင့် လူနေအိမ် အလုံး ၂၀ ဖျက်သိမ်းရွှေ့ပြောင်းခဲ့ရသည်။ ယခုအခါ အဆိုပါကျေးရွာသည် မုန်းချောင်းကမ်းပါးအနီးတွင် ကျေးရွာတည်ရှိနေသဖြင့် ကမ်းပါးပြိုကျမှုများ ထပ်မံမဖြစ်ပေါ်နိုင်ရန် သစ်၊ ဝါးများဖြင့် ရေကာတာများ ပြုလုပ်ထားရှိသော်လည်း မုန်းချောင်းရေဦးတိုက်စီးဆင်းနေသဖြင့် ဆက်လက်ပြိုကျနိုင်သည့်အနေအထားတွင် တည်ရှိနေသည်။

အဆိုပါကျေးရွာသို့ ဇွန် ၂၅ ရက် နံနက် ၁၁ နာရီက တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တာဝန်ရှိသူများရောက်ရှိ၍ ကမ်းပါးပြိုးကျသဖြင့် ပြောင်းရွှေ့နေထိုင်လျက်ရှိသည့် အိမ်ထောင်စုဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ အားပေးစကားပြောကြားပြီး အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ်ငါးသောင်းစီ ထောက်ပံ့ကူညီပေးခဲ့သည်။

ညောင်ပင်ရွာကျေးရွာနေ ရပ်မိရပ်ဖများက တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်အား ဆက်လက်၍ ကမ်းပါးပြိုကျမှုမဖြစ်ပေါ်နိုင်ရန် မင်းရွာကျေးရွာနှင့် ညောင်ပင်ရွာကျေးရွာကြားရှိ ပေ ၁၀၀၀ ခန့်ရှိ မြေနုသောင်ခုံအား စက်ယန္တရားများဖြင့် ရေကြောင်းလွှဲဆောင်ရွက်ပေးနိုင်ပါက ကျေးရွာသို့ ရေဦးတိုက်စီးဆင်းမှုမှ လွတ်ကင်းမည်ဖြစ်ကြောင်း တင်ပြကြရာ ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သူရထွန်း(ပွင့်ဖြူ)**

# အမှိုက်သရိုက်နှင့် ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်

**လှိုင်းဘွဲ့ ဇွန် ၂၉**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ရက် ၁၀၀ စီမံချက်အရ မြို့တွင်းအမှိုက်ကင်းစင်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောက်ရွက်မှုအဖြစ် မြို့ပေါ်(၄) ရပ်ကွက်တွင် အမှိုကင်းစင်ရေး၊ ရေးမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ဆောက်ရွက်ခဲ့ကြောင်း သိရသည်။

အမှိုက်ကင်းစင်ရေးနှင့် ရေမြောင်းများရေစီးရေလာကောင်းမွန်ရေးအတွက် ဇွန် ၂၅ ရက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစိုးသီဟမောင်မောင်နှင့် ဝန်ထမ်းများသည် ရပ်ကွက်အတွင်း လှည့်လှည်ပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။ ယင်းလုပ်ငန်းများကို ဆက်လက်၍ အပတ်စဉ် ပြုလုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဇုက္ကလိကျေးရွာရှိမြေသားရေကန်တူးဖော်နေမှုအားစစ်ဆေး

**ဘီးလင်း ဇွန် ၂၉**

ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဇုက္ကလိကကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပေ ၁၀၀ ပတ်လည် မြေသားမိုးရေသိုလှောင်ကန်တူးဖော်နေမှုအား ဇွန် ၂၆ ရက်က မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ရေသိုလှောင်ကန်ကြီး ပြီးစီးသွားပါက နွေရာသီရေရှားပါးချိန်တွင် ၎င်းကျေးရွာ၌နေထိုင်သော အိမ်ခြေ ၃၂၁ အိမ်ရှိ လူဦးရေ ၁၅၀၀ ကျော်အား သောက်သုံးရေအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကြော်ငြာ


# မွေးနေ့မင်္ဂလာဆုတောင်း

၃၀.၆.၂၀၁၆ ရက်တွင် ကျရောက်သော ချစ်သော ဆရာမိတ်ကပ် **ညီညီမောင်** (**စမ်းချောင်း**)၏ မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်ကျန်းမာ၊ ကိုယ်ချမ်းသာပြီး ဒီထက်မက ပြီးပြည့်စုံခြင်းများစွာဖြင့် ဘာသာ၊ သာသနာအကျိုး များကို သယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်တပည့်
မိတ်ကပ် ***Gucci*** အောင်

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

၁။ လှည်းကူးမြို့၊ မြို့ပတ်လမ်း၊ မြို့မရပ်ကွက်၊ စလစ်မြေ၊
(32'/19'x50') - (55) သိန်း
၂။ ဘုရားလမ်း၊ (G ဉယျာဉ်မြေကျပြီး)
(40'x60')-(130) သိန်း,(100) သိန်း, (65) သိန်း
Ph: 09-450378377,09-421161198,09-799716395

## လုံးချင်းအိမ် ငှားမည်

အမှတ် B 7/A၊ ဟန်သာရိပ်မွန် (၃၅×၇၀)ပေ၊ 2RC၊ အိပ်ခန်း ၄ခန်း၊ အပေါ်ထပ်ပါကေး၊ အောက်ထပ် ကြွေပြားခင်း၊ Air-con (4) လုံး၊ ရေပူ၊ ရေအေးပါ။ ကား (၃) စီးပါကင်။

**(အကျိုးဆောင်ခပေးမည်။)၊**
**၁၅ သိန်း ညှိနှိုင်း**
**Ph: 09-773399700/ 09-5000988**

## ရောင်းမည်

သယ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၃)လမ်း၊ (၆)လမ်း၊ (၉)လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိ တိုက်ခန်းများကို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။ (B.C.C ရရှိပြီး)
ဖုန်း-၀၉-၅၄၀၁၀၀၁၊ ၀၉-၇၃၀၉၅၆၇၇၊ ၀၉-၅၀၀၂၉၃၁

## ဒကာရီ

အထူးဆံပင်ဖြောင့်ဆိုင်
ဆံပင်လုံးဝကျွတ်ရေ
09 26 1111 550

အထူးအစီအစဉ် (7.7.2016) နေ့ထိ
- ဆံပင်ဖြောင့် (30000/-Ks) တန် Discount (15000/-Ks)
- ပယောင်းအိတုန်ဆေးထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတုန်စေရမည်။ ၂-နှစ်အာမခံ

ကာလာ၊ ပေါင်း၊ ပုလဲ၊ ညှပ်ဖမ်သွားလက်ဆောင်
ရွှေတိဂုံဘုရားလမ်း( ဆောက်လုပ်ရေးမှတ်တိုင်အနီး )ဒဂုံပန်းခြံအတွင်းအဂ္ဂမြို့နယ်ရန်ကုန်မြို့

## ကိုသေးလေး

Dagon အစုနီကြီးတိတ်ဝတ်
အင်္ကျီပွဲညှက်မှန်အမျိုးမျိုး ရောင်းဝယ်ရေးနှင့် ကြိုတ်ခွဲရေး
09-5016587, 09-780042410,
09-960001429, 09-450094124
ဘိုကျောင်းတံဆိပ်အင်္ကျီပွဲညှက်မှန် ၅၀၀၀/-
သိန်းငှက်တံဆိပ်အင်္ကျီပွဲညှက်မှန် ၃၀၀၀/-
A တံဆိပ်အင်္ကျီပွဲညှက်မှန် ၂၀၀၀/-


## တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဂဒေါ် သံဖောင်ဒေးရှင်း၏ တိဗက်ဗုဒ္ဓဘာသာကျေးရွာများတွင် စေတီတော်များတည်ထားခြင်းနှင့် လူမှုအကျိုးပြုလုပ်ငန်းများအတွက် ကျေးဇူးတင် အနုမောဒနာပြုလွှာ

တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း၊ သဘာဂဒေါ် သံဖောင်ဒေးရှင်းကကြီးမှူး၍ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ နောင်မွန်မြို့နယ်၊ ပန်နန်းဒင်ဒေသရှိတိဗက် ဗုဒ္ဓဘာသာဝင်များ နေထိုင်သော တအွန်ဒမ်းကျေးရွာတွင် လောကနန္ဒစေတီတော်၊ ဂူဘားကျေးရွာတွင် လောကသယ္ဗမြူစေတီတော်၊ မဒိန်းကျေးရွာတွင် လောကဂိဒူစေတီတော်တို့ကို ၂၀၁၆-ခုမတ်လအတွင်း ကအောင်မြင်စွာတည်ထားပေးနိုင်ခဲ့ပါသည်။

စေတီတော်များတည်ထားရန် စတင်ကြိုးစားသည့် ၂၀၁၄ ခု ဩဂုတ်လမှ စေတီတော်များ အောင်မြင်စွာတည်ထားနိုင်သည်အထိ အသင်းနာယကဒေါက်တာဒေါ်ခင်မေအုန်း မိသားစုမှအစပြု၍ အလှူငွေဆယ်ဂဏန်း၊ ရာဂဏန်းမှသိန်းပေါင်းများစွာ လှူဒါန်းခဲ့ကြသော ဘုရားဒါယကာ-ဒါယိကာမများ၊ ဘုရားဌာပနာရန် ရတနာပစ္စည်းမျိုးစုံ အပါအဝင်အကြံဉာဏ်အား၊ လူအား၊ ငွေအားဘက်ပေါင်းစုံမှ ထောက်ပံ့ပေးခဲ့ကြသောအလှူရှင်များ၊ ဆရာတော်ဦးတိလောကအမှူးပြုသော သံဃာတော်များ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ပူတာအိုတပ်နယ်မှအရာရှိအရာခံ

အကြပ်စစ်သည်များ၊ ပူတာအိုမြို့မိမြို့ဖများ၊ ပူတာအိုခရိုင်အတွင်းရှိ ကျေးရွာအသီးသီးမှ တိုင်းရင်းသားမိဘပြည်သူများ၊ မိုးရွာသွန်းနေသည့်ကြားမှ အသွားအပြန်မိုင် (၂၅၀) မျှရှိ သော ခက်ခဲကြမ်းတမ်းသည့် တောတောင်ခရီးကြမ်းတစ်လျှောက် လိုက်ပါကူညီခဲ့သော လမ်းပြနှင့် အထမ်းဝန်ထမ်းများ၊ ခြေလျင်တောင်တက်မိသားစုများအပါအဝင် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးကျေးဇူး ဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အသင်းကစီစဉ်ခဲ့သော တောင်တက်ခြင်း၊ ခရီးကြမ်းထွက်ခွာခြင်း၊ လူမှုအကျိုးပြု လုပ်ငန်းများဆောင်ရွက်ခြင်း၊ သဘာဂပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း များဆောင်ရွက်ခြင်း၊ တိဗက်ဗုဒ္ဓဘာသာ ကျေးရွာများတွင် စေတီတော်များနှင့် သာသနိကအဆောက်အအုံများတည်ထားခြင်း စသည့်ကောင်းမှုအစုစုတို့အတွက်လည်း သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ကြပါစေကြောင်း ကုသိုလ်အမျှပေးဝေအပ်ပါသည်။

တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း
သဘာဂဒေါ် သံဖောင်ဒေးရှင်း




## ကြော်ငြာ


Thai Lion air
FREEDOM TO FLY

BANGKOK
DONG MUEANG

စတင်ပျံသန်းမည့်ရက် - 22 JULY 2016

တစ်နေ့လျှင် နှစ်ကြိမ် နေ့စဉ်လေယာဉ်အသစ်များဖြင့်ပျံသန်းပြေးဆွဲသွားမည်။



အသွားအပြန် 61 USD မှစတင်၍

(လေဆိပ်အခွန်အခများနှင့် ၃၀ ကီလို + အစားအသောက်ပါဝင်ပြီး)

လေယာဉ်ပျံလက်မှတ် ကိုလံဘတ်(စ်)

Columbus TRAVELS & TOURS

T: 01-229245, 2316245 (Head Office)
T: 01-378535, 250215 (BAK Branch)
T: 02-60956, 09-91027135 (MDY Branch)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ်-2B/1151၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန(ရွာသာကြီး)**

သုံးရာသီ ဝပ္ပဒါန
ဒီဆိုသက်နံ့ကာယ်အလှ - AirCom (Express)
ပုဂံ၊ ပုပ္ပါး ပခုက္ကူ စွယ်တော်(၄)ဆူ
* 420144148, 421153797

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ရှောင်းသာ/ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

မှာပိုသား ထူးထူးခြားခြားဒါနခရီးစဉ်များ
35000
15000
Ph:09425334456,0949323965,0949578205

ရွှေခေါင်းလောင်း ဘုရားဖူးပို့ဆောင်ရေး
ဝါဆိုလပြည့် ➤ ပုဂံ ညောင်ဦး ပုပ္ပါး ခရီးစဉ်
ပုဂံ ဝါဆိုသင်္ကန်းကပ်(သင်္ကန်း ၁-စုံစီပေး)၊ ထမင်းကျွေး
၂ ညအိပ် ၃ ရက်၊ (စား၊ တည်း-ငြိမ်း - ၄၀၀၀၀ိ/-)(၁၆-၇-၂၀၁၆) ထွက်မည်
Ph: 09 254499128, 09 255857899, 09 451127809

**အမည်မှန်**
မြောင်းမြမြို့၊ အထက(၁)၊ ဒသမတန်း(စ)တွင် ပညာသင်ကြားနေသော ဦးသန်းဌေး၏သမီး၊ မသိမ်းဝစံ၏ အမည်မှန်မှာ မသိန်းဝစံဖြစ်ပါသည်။
**မသိန်းဝစံ**

ATTOLLO အက်တိုလ်(လ်)လိုအဆင့်မြင့်ခရီးသွားကုမ္ပဏီ

| | | | |
|---|---|---|---|
| ခုဘိုင်း–အဘုဒါဘီ (၅ည/၆ရက်) | USD 1800 | July 16 |
| ဟိုင်းမြင်း–ညချမ်း (၅ည/၅ရက်) | USD 700 | July 15 |
| ဥရောပ ၃ နိုင်ငံ (၉ည/၁၀ရက်) | USD 3800 | August 18 |
| ပုဂံ–ပုပ္ပါး (၃ည/၄ရက်) Scania 2+1 | 170000 ks | July 16 |

01-389187, 09-32109138, 09-795418474

ပုဂံမြန်မာ
BAGAN MYANMAR TRAVELS & TOURS
ပြည်တွင်း/ပြည်ပ ခရီးသွားကုမ္ပဏီ

1. မန္တလေး (၅ ရက်) 499 $ (Jul 17)
2. ဘာလီ (၄ ရက်) +250 $ (JuL~Oct)
3. မန္တလေး (၄ ရက်) 490 $ (Jul 16)

No.28 (5-A), Lamin Condo, Kan Street, Hlaing Tsp.
Ph : 01-2305072 / 2305073, 09-43132193

VINAMILK

ကျန်းမာပျော်ရွှင်သော နေ့ရက်တိုင်းအတွက် Sure Prevent

RECOMMENDED BY THE FDA USA

Sure Prevent သည် အသက်အရွယ်ကြီးသူများ၊ နာမကျန်းဖြစ်နေသူများနှင့် နာလန်ထစလူနာများ၊ ခွဲစိတ်ပြီးလူနာများ၊ Lactose နှင့် ဓာတ်မတည့်သူများ၊ အာဟာရဓာတ်ချို့တဲ့သောသူများနှင့် ခွန်အားပြည့်ဝရန် လိုအပ်သောသူများအတွက် ပြည့်စုံမျှတသော အာဟာရဓာတ်အား လွယ်ကူစွာရရှိစေနိုင်သည့် အာဟာရပြည့်ဝသော ဖြည့်စွက်စာ ဖြစ်ပါသည်။



Net Weight - 400g, 900g

စားဝင်အိပ်ပျော်၍ ပင်ပန်းနွမ်းနယ်မှုများအား လျော့ကျစေခြင်း

နှလုံးကျန်းမာရေးအတွက် အထောက်အကူပြုခြင်း

အရိုးအဆစ်များအား သန်စွမ်းကြံ့ခိုင်စေခြင်း

Lactose Free

190 ml Water + =

ရေနွေးနွေး ၁၉၀ မီလီလီတာတွင် Sure Prevent ၆ ဇွန်း (၅၄ ဂရမ်ခန့်) အားရောစပ်၍ အမှုန့်များ အားလုံးပျော်ဝင်သွားသည်တိုင် မွှေပေးပါ။

နေ့စဉ်လိုအပ်သော အာဟာရဓာတ်အားပြည့်ဝစွာရရှိနိုင်ရန် Sure Prevent အား နေ့စဉ် နံနက်တစ်ခွက်၊ ည တစ်ခွက်သောက်သုံးပါ။ ရေရှည်သောက်သုံးခြင်းအားဖြင့် မည်သည့် ဘေးထွက်ဆိုးကျိုးမျှ ဖြစ်ပေါ်ခြင်းမရှိပါ။



Marketed & Distributed By :
SYNCHRO WORLD COMPANY LIMITED
Customer Care Line : 09977121600

PUN HLAING SILOAM HOSPITALS

ပန်းလှိုင်စီလုံဆေးရုံ နှလုံးကုသဌာန အထူးအစီအစဉ်

"နိုင်ငံခြားသို့သွားရောက်ကုသရန် မလိုတော့ပါ"



နှလုံးသွေးကြောကျဉ်းရောဂါရာဖွေကုသခြင်းပေါင်းများစွာတို့ကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သော နိုင်ငံတကာအတွေ့အကြုံရှိမြန်မာနိုင်ငံမှနှလုံးအထူးကုဆရာဝန်ကြီးများနှင့် စင်ကာပူနိုင်ငံမှဆရာဝန်ကြီးတို့ပူးပေါင်း၍ ကုသပေးနေပြီ....

- နှလုံးသွေးကြောပုံရိပ်ဖော်ခြင်း
- နှလုံးသွေးကြောထောက်ကိရိယာ (Stent) ထည့်သွင်းကုသခြင်း

ဇူလိုင် | ၆ | ရက်နေ့မှ | ၈ | ရက်နေ့အထိ

LIKE US ON facebook Pun Hlaing Siloam Hospitals

ဆက်သွယ်ရန် – ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၁၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၁၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁

www.punhlaingsiloamhospitals.com


ငွေဖြည့်အပိုဆု
၁၀၀%
အထိ ယူလိုက်ပါ
MPT
ရှေ့သို့လှမ်းချီမြန်မာပြည်
ငွေဖြည့်ပမာဏ
အပိုဆုပမာဏ
၁,၀၀၀ ကျပ် ၂၀၀ ကျပ်
၃,၀၀၀ ကျပ် ၁,၀၀၀ ကျပ်
၅,၀၀၀ ကျပ် ၂,၀၀၀ ကျပ်
၁၀,၀၀၀ ကျပ် ၁၀,၀၀၀ ကျပ်
၂၀,၀၀၀ ကျပ် ၂၀,၀၀၀ ကျပ်
၃၀,၀၀၀ ကျပ် ၃၀,၀၀၀ ကျပ်
ဇွန်လ(၂၈)ရက် မှ
ဇူလိုင်လ(၂)ရက်နေ့ အထိ
အပိုဆုကြေးအား ဖုန်းငွေဖြည့်သည့်နေ့မှစ၍
၁၀ရက်အတွင်း အသုံးပြုနိုင်ပါသည်။
အပိုဆုကြေးအား
MPT မိုဘိုင်း အချင်းချင်း ဖုန်းခေါ်ဆိုခြင်း နှင့်
စာတိုပေးပို့ခြင်း၊ အင်တာနက် အသုံးပြုခြင်းတို့တွင်
သုံးစွဲနိုင်ပါသည်။
* ၂၀၁၆ ဧပြီလ ၁ ရက်နေ့မှ စ၍ လက်ရှိနှုန်းထားများတွင်
အစိုးရ ကုန်သွယ်လုပ်ငန်းခွန် ၅% ထပ်ဆောင်းကောက်ခံသွားပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free 24 hours everyday


SAMSUNG
DAY
2016, JULY
SAMSUNG Smart Phones နှင့် Tablets တွေဝယ်ယူပြီး
gift voucher / 40,000 Ks
NAME
PH. No.
ADDRESS
EMAIL
IMEI No.
Serial No.
SAMSUNG
SAMSUNG
Valid till 31st July, 2016
GIFT VOUCHER
40,000 Ks
Serial No.
Hot Line : 09977116969
GIORDANO
CHARLES & KEITH
DAPPER
adidas
iPANEMA
rider
ကူပွန်လက်ဆောင်တွေ ရယူလိုက်ကြရအောင်
ဂျူလိုင်လ (၁)ရက်နေ့မှ (၃)ရက်နေ့အထိ
ကျပ် ၅၀၀,၀၀၀ အထက်ဝယ်ယူသူတိုင်းအတွက် ၄၀၀၀၀ တန်ကူပွန်
ကျပ် ၅၀၀,၀၀၀ မှ ၂၀၀,၀၀၀ အတွင်း ဝယ်ယူသူတိုင်းအတွက် ၂၅၀၀၀ တန်ကူပွန်
ကျပ် ၂၀၀,၀၀၀ အောက် ဝယ်ယူသူတိုင်းအတွက် ၁၅၀၀၀ တန်ကူပွန်
samsungmobilemyanmar
samsungmyanmar
samsungmyanmar
www.s-estoremyanmar.com
Call Center
01 2399 888 (Mon-Sun) 8AM to 6PM
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
SAMSUNG
လက်ဆောင်အရေအတွက် ကန့်သတ်ထားပါသည်။ ပရိုမိုးရှင်း အစီအစဉ်၏ စည်းကမ်းများသည် Samsung Myanmar မှ သတ်မှတ်ထားသည့် အတိုင်းသာဖြစ်သည်။
သတ်မှတ်ထားသော Brand များထဲမှ နှစ်သက်ရာတစ်ခုကို ရွေးချယ်နိုင်ပါသည်။

# ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းအောင်ခိုင်(ခ)ဦးအုန်းမောင်(စစ်တွေ)
### အသက်(၈၀)
**သိုရုံမှူး(ငြိမ်း)၊ ကုန်သွယ်လယ်ယာ**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျာမင်း-ဒေါ်ဖြူဖြူလှိုင်(ရုပ်သံ-၂၊ NRC Channel)တို့၏ ချစ်လှစွာသောမွေးသဖခင် ဦးထွန်းအောင်ခိုင်(ခ)ဦးအုန်းမောင်(စစ်တွေ) အသက်(၈၀)သည် ၂၈-၆-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ ဇနီးဒေါ်မိုးစန္ဒာမြင့်နှင့်**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ကျောင်း ဒါယကာ
## ဦးတင်မောင်
### အသက်(၈၈)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပြည်နယ်ညွှန်ကြားရေးမှူး ဦးတိုးခိုင်-ဒေါ်တင်တင်နုတို့၏ဖခင် ဦးတင်မောင်သည် ၂၆-၆-၂၀၁၆ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်နယ်ညွှန်ကြားရေးမှူးရုံး**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရှမ်းပြည်နယ်၊ တောင်ကြီးမြို့**
**ဝန်ထမ်းမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဇေကိုဦး၏ဖခင် ဦးအေးကိုကို အသက်(၇၀)သည် ၂၇-၆-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၆ရက်နေ့ မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်၌ သင်္ဂြိုဟ်ပြီးစီးကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၀)မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်သောင်း
### အသက်(၆၅)နှစ်

သူငယ်ချင်း ဦးတင်ကိုလင်း (ဒုတိယညွှန်ကြားရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန)၏မိခင်ဖြစ်သူ ဒေါ်မြင့်သောင်းသည် ၂၆-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၃း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထဲရေးဝန်ကြီးဌာနမှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
## ဦးကျော်သိန်း(ထားဝယ်)
### အသက်(၆၄)နှစ်

ဦးသန်းထွန်းဦး၊ ဒေါ်ဇာခြည်ကျော် (ရွှေမောင်းသံ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးနှင့် TTO Construction Co., Ltd)တို့၏ဖခင်ကြီး ဦးကျော်သိန်းသည် ၂၆-၆-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ဝင်းလှိုင်-ဒေါ်မိမိတင်**
**(တင်အောင်ဆောက်လုပ်ရေးကုမ္ပဏီ)**
**ဦးဇော်ထွဋ်**
**(ဘောဇိဆောက်လုပ်ရေးကုမ္ပဏီ)**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဥမ္မာမြင့်(ခ)မီးမီး (၄၃)နှစ်
**B.A, M.A (History)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ လှိုင်မြင့်မိုရ်(၆)လမ်း၊ အမှတ်(၁၇)နေ ဗိုလ်မှူးမင်းထွဋ်ဟန်(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူး၊ စီမံဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း)၏ ချစ်လှစွာသောဇနီးသည် ၂၄-၆-၂၀၁၆ (သောကြာနေ့)တွင် အိန္ဒိယနိုင်ငံ CHENNA မြို့ Golbal Hospital ၌ အိန္ဒိယနိုင်ငံ၊ ဒေသစံတော်ချိန် နံနက် ၉း၂၅ နာရီ မြန်မာ့စံတော်ချိန် နံနက် ၁၀း၂၅ နာရီ တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသက်ခိုင်-ဒေါ်သီဂီယု**
**ဒုတိယညွှန်ကြားရေးမှူး**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဥမ္မာမြင့်(ခ)မီးမီး
### အသက်(၄၃)နှစ်
**B.A, M.A (History)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ လှိုင်မြင့်မိုရ်(၆)လမ်း၊ အမှတ်(၁၇)နေ ဗိုလ်မှူးမင်းထွဋ်ဟန်(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူး၊ စီမံဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း)၏ ချစ်လှစွာသောဇနီးသည် ၂၄-၆-၂၀၁၆ (သောကြာနေ့)တွင် အိန္ဒိယနိုင်ငံ CHENNA မြို့ Golbal Hospital ၌ အိန္ဒိယနိုင်ငံ၊ ဒေသစံတော်ချိန် နံနက် ၉း၂၅ နာရီ မြန်မာ့စံတော်ချိန် နံနက် ၁၀း၂၅ နာရီ တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မှတ်တမ်းနှင့် လိုင်စင်ဌာနမှ အရာထမ်း/အမှုထမ်းများ**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

## ဦးထွန်းအောင်ခိုင်(ခ)ဦးအုန်းမောင်(စစ်တွေ) အသက်(၈၀)
**သိုရုံမှူး(ငြိမ်း)၊ ကုန်သွယ်လယ်ယာ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ တိုက်(၄၂)၊ အခန်း(၂၀၂)နေ (ဦးမောင်ကျော်လှ-ဒေါ်စံလှဦး)တို့၏သား၊ (ဦးမောင်ကြွင်း-ဒေါ်လုံးစိန်)တို့၏ သားသမက်၊ ဒေါ်အေးအေးမူ (ဦးစီးအရာရှိ မြစ်သာရေအားလျှပ်စစ်စီမံကိန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဦးခင်ဇော် (တရားလွှတ်တော်ရှေ့နေ)၊ ဦးဇော်အောင်မိုး (ချိန်တော်မှီစားသောက်ဆိုင်၊စစ်တွေ)-ဒေါ်နုနုဇံ(အိုးအိမ်ဦးစီးဌာန၊ စစ်တွေ)၊ ဦးဇော်ထွန်းမိုး(ခ)ဦးကျော်ဟိန်း(ကုန်သည်၊ စစ်တွေ)-ဒေါ်သူဇာခိုင် (ပြည်နယ်စာရင်းစစ်ရုံး၊ စစ်တွေ)၊ ဗိုလ်မှူးဇေယျာမင်း(ငြိမ်း)(ခ)ဦးဘိုဘိုကျော်လင်းထွန်း(ဒုတိယညွှန်ကြားရေးမှူး၊ MRTV)-ဒေါ်ဖြူဖြူလှိုင်(အသံလွှင့်ကျွမ်းကျင်-၂၊ NRC Channel, MRTV)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ဒေါ်ဖြူမချေ(ခ)ဒေါ်ဖြူမေ၏ချစ်လှစွာသောခင်ပွန်း၊ မဟေမာန်နှင်းယုနိုင် (ပြည်မြန်မာသတင်းထောက်)-ကိုကျော်မျိုးမင်း(ပြည်မြန်မာသတင်းထောက်ချုပ်)၊ သန့်ထူးအောင်၊ အေမီဖြိုး၊ မြမိုးခိုင်၊ ပိုင်ပိုင်၊ ဘုန်းပြည့်မောင်၊ စောပြည့်သန္တာမင်းတို့၏အဘိုးရှင်၊ ဇွန်ရတီမင်း၏ အဖိုးရှင်သည် ရန်ကုန်မြို့နေအိမ်၌ ၂၈-၆-၂၀၁၆ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒုရဲမှူး ထွန်းစံအောင် (၅၁)နှစ်
**ဒုရဲအုပ်လောင်း(၁၉/၉၄)**

စစ်တွေမြို့၊ ရှုပမြောက်ရပ်ကွက်၊ လမ်းမ(၂၁၈)နေ (ဦးစောထွန်း-ဒေါ်အောင်သာနု)တို့၏သား၊ မြောက်ဦးမြို့၊ အ-လ-ဈ(၁၀)၊ ဦးဥတ္တမလမ်းနေ (ဦးရွှေကျော်ဦး)-ဒေါ်အညိုတို့၏သားသမက်၊ မောင်ကောင်းလွင်စိုး-မဌေးဌေးရွှေ၊ မောင်ကျော်စိုးလင်း-မနှင်းမျိုးလှိုင်၊ မောင်သန်းထိုက်ဦးတို့၏ဖခင်၊ ဒေါ်သိန်းတင်အေး၏ခင်ပွန်း ဒုရဲမှူး ထွန်းစံအောင်(မိုင်းယန်းမြို့မရဲစခန်းမှူး)သည် ၂၈-၆-၂၀၁၆ရက် ည ၇း၃၀ နာရီတွင် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ရဲ ၅၄၂၉၊ ဒုတိယရဲမှူး ထွန်းစံအောင်
### အသက်(၅၂)နှစ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရှမ်းပြည်နယ်၊ မိုင်းယန်း မြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး ထွန်းစံအောင်သည် ၂၈-၆-၂၀၁၆ရက်နေ့တွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်နေစဉ် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်နှင့် တပ်ဖွဲ့ဝင်များ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ထပ်တူဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သီတာမြင့် [B.Sc (Martch)]
**အဖွဲ့ဝင်(စမ်းချောင်းမြို့နယ်၊ စာရေးဆရာအသင်း၊ မြို့မကျောင်းသူဟောင်း)**
### အသက်(၆၆)နှစ်

Batter Life Organization (BLO)မှ အစီအစဉ်မန်နေဂျာ Dr.ဝင်းထွဋ်၏အစ်မဖြစ်သူ ဒေါ်သီတာမြင့်သည် စမ်းချောင်းမြို့နယ်၊ ရွှေညောင်ပင်လမ်း၊ တိုက်အမှတ်(၁၂/B)၊ ငါးလွှာနေအိမ်၌ ၂၅-၆-၂၀၁၆(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Batter Life Organization (BLO)**

## BOSUN ခင်မောင်အေး
CDC-19653
**Marinec Shipping Co, Ltd.**
### အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၅)လမ်း၊ အမှတ်(၅၀၇)နေ မသန်းသန်းရီ၏ခင်ပွန်း၊ မောင်မင်းသူအောင်၏ မွေးသဖခင်၊ (ဦးရွှေလှ)-ဒေါ်အေးတို့၏သားသမက်၊ (ဦးစံရင်)-ဒေါ်ခင်စန်းတို့၏သား ဦးခင်မောင်အေးသည် Slovenia နိုင်ငံ Koperဆိပ်ကမ်း MV-Herbilan Success သင်္ဘောပေါ်၌ ၂၅-၆-၂၀၁၆ (စနေနေ့) ဒေသစံတော်ချိန် ညနေ ၃း၃၀နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါကြောင်းနှင့် ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၆ (သောကြာနေ့)တွင် အမှတ် (၅၀၇)၊ ဇာနည်(၁၅)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ် မည့်ရက်ကို ထပ်မံကြေညာပေးပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်အုန်းကြည် (၈၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ သံလမ်း၊ တိုက်အမှတ်(၅၂)၊ မြေညီထပ်နေ (ဦးအရုံ-ဒေါ်ငွေတင်)တို့၏သမီးငယ်၊ (ဦးညွန့်မောင်-ဒေါ်ရွှေခင်)တို့၏ညီမ၊ (ဦးတင်ညို)-ဒေါ်စောစောသန်းတို့၏အဒေါ်၊ (ဦးဦးမြင့်)-ဒေါ်သန်းသန်းဌေး၊ ဦးသန်းဦး၊ (ဦးခင်မောင်ဝင်း)-ဒေါ်အုန်းအုန်းဌေး၊ ဦးချစ်ဦး၊ (ဦးဘုန်းမြင့်)-ဒေါ်အေးအေးဝင်း၊ ဦးဘုန်းနိုင်-ဒေါ်ခင်စန်း-ဒေါ်ကြည်ကြည်ညွန့်၊ ဦးတင်ထွန်းနိုင်-ဒေါ်သင်းသင်းအေးတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၂၀ယောက်၊ မြစ် ၁၇ယောက်၊ တီနှစ်ယောက်တို့၏အဘွား၊ (ဦးတင်မောင်)၏ချစ်လှစွာသောဇနီးသည် ၂၉-၆-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၀၇နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၇-၂၀၁၆ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၇-၂၀၁၆ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ်(၅၂)၊ မြေညီထပ်၊ သံလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဘုန်းနိုင် (၅၄)နှစ်
**(အန်ကယ်ဘုန်း)ကွမ်းယာ**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ်(၈၈)၊ ပတ္တမြားလမ်း၊ လှည်းတန်းနေ (ဦးအောင်မြင့်-ဒေါ်သန်းရီ)တို့၏သား၊ (ဦးကျော်မြ-ဒေါ်ခင်မြင့်)တို့၏သားသမက်၊ ဦးစံလင်း-ဒေါ်တင်တင်အေး၊ (ဦးမြငြိမ်း)-ဒေါ်ရင်ရင်အေး၊ ဒေါ်လှလှအေးတို့၏ မောင်၊ ဦးအောင်အောင်၏အစ်ကို၊ ဦးမျိုးအောင်-ဒေါ်မြင့်မြင့်စန်း၊ ဦးသန်းရွှေ-ဒေါ်သန်းချို၊ မလှညို၊ (ဦးစောလှ)-မကြေ့ယဉ်၊ (ဦးပုံးချို)-ဒေါ်ခင်ထွေးတို့၏ ညီ/မောင်၊ မမော်မော်အောင်၊ မအေးစန္ဒာအောင်၊ မဝင်းလဲ့ဖြူ၊ မနှင်းအိအိခိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါ်ခင်သန်းစု၏ချစ်လှစွာသောခင်ပွန်းသည် ၂၈-၆-၂၀၁၆ (အင်္ဂါနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၇-၂၀၁၆ (တနင်္လာနေ့) နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အနိစ္စ

## ဦးလှစိန်
### အသက် (၈၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁) ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် (၃၆၁)နေ (ဦးခင်မောင်-ဒေါ်ကြင်မြိုင်)တို့၏သားကြီး၊ ဒေါ်ခင်သန်း၏ခင်ပွန်း၊ ဒေါ်ရှုတင်၊ ဦးသန်းဌေး-ဒေါ်သန်းအေး၊ ဦးသိန်းထွန်း-ဒေါ်ကြင်ကြင်ဌေးတို့၏အစ်ကိုကြီး၊ ဦးမျိုးနိုင်ဦး-ဒေါ်ဟန်မျိုးစု၊ ဦးအောင်ကျော်ထူး၊ ဦးထွန်းထွန်း- ဒေါ်ယမင်းတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၂၈-၆-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၇-၂၀၁၆(တနင်္လာနေ့) နံနက် ၈နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး
## ဒေါ်ခင်ကြည် (၈၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ဗိုလ်သူရလမ်း၊ အမှတ် (၁၃/၁၅)နေ (ဦးမောင်ကြည်-ဒေါ်သန့်)တို့၏သမီး၊ (ဦးဖြူ-ဒေါ်သက်မေ)တို့၏သမီးချွေးမ၊ (ဦးတင်စိန်)၏ဇနီး၊ ဒေါ်တင်တင်နွယ်၊ ဦးသိန်းလွင်၊ ဦးဇော်ဝင်း-ဒေါ်သဇင်ဦး၊ ဦးမျိုးဝင်း၊ ဒေါ်အေးအေးခိုင်၊ ဦးကျော်မင်းတို့၏ချစ်လှစွာသောမိခင်၊ ဟိန်းစည်သူ၏အဘွား ဒေါ်ခင်ကြည်သည် ၂၉-၆-၂၀၁၆ရက် နံနက် ၇း၃၀နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၁၆ရက် နံနက်၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဦးမြသန်း(ခ)အီဆာဘိုင်
### အသက်(၆၇)နှစ်
**ကြယ်ငါးပွင့် Shipping ကုမ္ပဏီသင်္ဘောသား**
**(စီဒီစီအမှတ်-၂၁၅၅၉)**

ရန်ကုန်မြို့နေ (ဦးမောင်စိန်-ဒေါ်ခင်စိန်)တို့၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၂၄)လမ်းထိပ်၊ ဗညားဒလလမ်း၊ သပြေကုန်းရပ်ကွက်၊ အမှတ်(၆၅)၊ သုံး/လေးလွှာနေ ဒေါ်ချိုချိုမြင့် (ကုန်းလမ်းပို့ဆောင်ရေး၊ အင်ဂျင်နီယာဌာန)၏ခင်ပွန်း၊ ဒေါက်တာသန့်ဇင်ဦး(ထိပ်တန်းဆေးခန်း၊ သုဝဏ္ဏ၊ ပျဉ်းမမြိုင်လမ်း)၊ မဇင်ဝင်းဖြိုး(ခ)ပေရယ် (B.Sc၊ ဓာတုဗေဒ)တို့၏ ဖခင်သည် ၂၂-၆-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ဇဟိုရ်အပြီး မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန် ကဘာရ်စတန်ဥယျာဉ်၌ ဒါဖနာပြုလုပ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်မေရီသိန်း (၄၈)နှစ်

လေးမျက်နှာမြို့နယ်၊ လက်သမားမြန်မာတာနားရပ်နေ (ဦးပု-ဒေါ်လှကြည်)၊ ကရင်ပြည်နယ်၊ ဘားအံမြို့၊ နတ်ကျွန်းကျေးရွာနေ (ဦးအောင်သိန်း)ဒေါ်တမူးတို့၏သမီး၊ ကရင်ပြည်နယ်၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန-ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စိုး၏ ချစ်ဇနီး၊ ကိုမင်းမင်း-မဝင့်သဇင်အောင်၊ ကိုဇင်မင်းထူး - မခိုင်သဇင်အောင်၊ မဆောင်းသဇင်တို့၏ ကျေးဇူးရှင်မိခင်၊ မလပြည့်ချို၊ မောင်မိုးထက်ဟိန်း၊ မောင်မြတ်မင်းဘုန်းပြည့်တို့၏ အဘွားသည် ၂၈-၆-၂၀၁၆ရက် နံနက် ၁၁း၃၀နာရီတွင် ခနေဖြူမြို့၊ (၁၀)ရပ်ကွက်၊ (၃)လမ်း၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၆ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ခနေဖြူမြို့ ဖိုးမြကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစုများ

## ဒေါ်ကျင်မြိုင်(ခ)ဒေါ်မခွေး
### အသက်(၁၀၁)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁၇) လမ်း၊ အမှတ် (၃၄)၊ သုံးလွှာနေ (ဦးကျင်စိန်)၏ ဇနီး၊ ဦးခင်မောင်ဦး-ဒေါ်ခင်အေး၊ ဒေါ်ကြည်ကြည်ဝင်း-ဦးကြည်ခင်၊ ဒေါ်မြင့်မြင့်ဝင်း-ဦးမြင့်ထွန်း၊ ဦးခင်မောင်အေး - ဒေါ်ချိုချိုတို့၏ မွေးသမိခင်၊ မြေး ၁၇ ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွား ဒေါ်ကျင်မြိုင်(ခ)ဒေါ်မခွေးသည် ၂၈-၆-၂၀၁၆ ရက် ညနေ ၅း၁၀နာရီတွင် ကွယ်လွန် သွားပါ၍ ၃၀-၆-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဦးမောင်မောင်မြင့်(ခ)မိုဟာမက်ယူစွပ်(ရန်ကင်း) အသက်(၉၀)
**လ/ထညွှန်ကြားရေးမှူး(စက်မှု/စားကုန်-ငြိမ်း) (001330)**

ရန်ကုန်မြို့နေ (ဦးဘိုးမောင်-ဒေါ်မကြီး)တို့၏သား၊ (ဦးထွန်းညိမ်း-ဒေါ်မယ်တင့်)တို့၏သားသမက်၊ (ဒေါ်သောင်းကြည်)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ တိုက် အမှတ်(၂၁၁)၊ အခန်း(၁၁)နေ ဦးစိုးမြင့် (1973 Geol) (MD-Zaburit Medicine)-ဒေါ်ခင်ခင်အေး၊ ဦးသန်းအောင် (စိန်ဂေဟာ၊ ပါရမီစင်တာ)-ဒေါ်စန်းစန်းမြင့်၊ ဦးမျိုးမြင့်(ခေတ္တ-U.S.A)-ဒေါ်မြင့်မြင့်အေးကျော်(ခေတ္တ-U.S.A)၊ ဒေါ်စန်းစန်းတင့်(စက်မှု/ဆေးဝါး)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ကိုမောင်မောင်ထွန်း-မမေမိုးသူ၊ ကိုစိုင်းဝဏ္ဏ-မမြသီတာအောင်၊ ကိုအာကာစိုးမြင့်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၈-၆-၂၀၁၆ (အင်္ဂါနေ့) နံနက် ၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဇဟိုရ်အပြီး မွန်းလွဲ ၁း၃၀ နာရီတွင် ရေဝေးသုသာန် ကဘာရိစတန်ဥယျာဉ်၌ ဒါဖနာပြုလုပ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးထွန်းကြည် (၈၅)နှစ်
**(မြန်မာ့မီးရထား အင်/ယာဌာန-ငြိမ်း)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အမှတ် (၁/၂/၃၉၀)၊ ဗဟိုလမ်းနေ (ဦးအောင်သိန်း-ဒေါ်သိန်းခြုံ)တို့၏သား၊ ဒေါ်ခင်မြိုင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသောင်းအေး-(ဒေါ်လှလှထွန်း)၊ ဦးကျော်ဆန်းထွန်း (အုပ်ချုပ်မှုဒါရိုက်တာ၊ စိန်မြင့်ဦး ကုမ္ပဏီလီမိတက်)-ဒေါ်ချယ်ရီ၊ ဦးကိုကိုနိုင် (B.E Mechanical)-ဒေါ်နီတာထွန်း (B.A Myanmar)၊ ဦးဝင်းဇော်လတ် (ဒုညွှန်မှူး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ နေပြည်တော်)-(ဒေါ်စန္ဒာထွန်း)တို့၏မွေးသဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၇-၆-၂၀၁၆ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ သဖြင့် ၂၉-၆-၂၀၁၆ ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း၊ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၇-၂၀၁၆ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးလှမြင့် (၇၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၁၄၃-B)၊ ခြောက်လွှာ၊ အောင်မင်္ဂလာလမ်းနေ (ဦးမောင်စိန်-ဒေါ်ခင်နု)တို့၏သား၊ ဒေါ်သီသီဟန်၏ခင်ပွန်း၊ မောင်ဟန်လင်းအောင်-မခိုင်ဝေမြင့်၊ မောင်ဝေလင်းဖြိုး-မမွန်မွန်ထွေး၊ မဝါဝါလင်းဖြူ၊ မောင်အောင်သူ-မဝါဝါနှင်းမူတို့၏မွေးသဖခင်၊ မဆုယွန်းဝတီထက်၏ အဘိုးသည် ၂၉-၆-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၁၆ (အင်္ဂါနေ့) နံနက်တွင် တာမွေမြို့နယ်၊ အမှတ်(၁၄၃-B)၊ ခြောက်လွှာ၊ အောင်မင်္ဂလာလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ချိုချိုစိုး အသက်(၆၀)

ရန်ကုန်မြို့နေ (ဦးငွေစိုး-ဒေါ်အေးမြင့်)တို့၏သမီးငယ်၊ (ဦးညီညီ)၏ဇနီး၊ (ဦးအောင်ပ)-ဒေါ်လှလှဝင်း၊ (ဦးလှကျော်)-ဒေါ်ခင်စန်းလွင်၊ ဦးအောင်ခင်-ဒေါ်ဌေးဌေးရီ၊ ဦးမြင့်သောင်း-ဒေါ်ညိုညိုသိန်း၊ (ဦးစောလင်း ဘတ်စံကျော်ဘ)-ဒေါ်မိမိစိုးတို့၏ညီမ၊ ဦးခင်မျိုး-ဒေါ်သန်းသန်းဝင်း၊ ဦးမင်းအောင်-ဒေါ်ခိုင်ခိုင်ဆွေတို့၏အစ်မ ဒေါ်ချိုချိုစိုးသည် ၂၉-၆-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၀၅နာရီတွင် ရန်ကုန်ဆေးရုံကြီး နှလုံးခွဲစိတ်အထူးကြပ်မတ် ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၆ (သောကြာနေ့)တွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ချိုချိုစိုး အသက်(၆၀)

ရန်ကုန်မြို့နေ (ဦးငွေစိုး-ဒေါ်အေးမြင့်)တို့၏သမီးငယ်၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၃)လမ်း၊ အမှတ်(၃၅)နေ ဦးကျင်ဟန်း-(ဒေါ်ခင်မြင့်)တို့၏သမီးချွေးမ၊ ဒေါ်ခင်ခင်စော၊ ဒေါက်တာကျော်ဇော-ဒေါ်တင့်တင့်၊ ဒေါက်တာခင်ခင်စိန်(ပါမောက္ခ-ငြိမ်း)တို့၏ ညီမ၊ (ဦးမောင်မောင်)၏ အစ်မ၊ (ဦးညီညီ)၏ချစ်လှစွာသောဇနီး၊ ကိုဇော်လတ်ဘုန်း၊ ဒေါက်တာစည်သူခန့်-ဒေါက်တာဇင်လတ်ဖြိုးတို့၏ ချစ်လှစွာသောမိခင် ဒေါ်ချိုချိုစိုးသည် ၂၉-၆-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၀၅နာရီတွင် ရန်ကုန်ဆေးရုံကြီး နှလုံးခွဲစိတ်အထူးကြပ်မတ် ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၆(သောကြာနေ့)တွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသောင်းငွေ (၅၉)နှစ်
**A.G.T.I (Civil) (၁၉၈၀ခုနှစ်၊ အင်းစိန်)**
**သစ္စာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ် (ဂ)ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ်(၁၈၁/က)နေ ဦးစံမြိုင်-(ဒေါ်ကြင်စိန်)တို့၏သား၊ (ဦးအုန်းဖေ-ဒေါ်သန်းတင်)တို့၏သားသမက်၊ (ဒုတိယဗိုလ်မှူးကြီးသောင်းရွှေ)-ဒေါ်ခင်လှကြွေတို့၏ တို့၏ညီ၊ ဦးခင်မောင်မြင့်-ဒေါ်ခင်စန်းဝင်း၊ (ဦးရဲမြင့်)-ဒေါ်ခင်လှစိန်၊ ဦးမြင့်သိန်း-ဒေါ်ခင်လှမြိုင်၊ ဦးညွန့်ဝင်း-ဒေါ်ခင်မိုးရွှေ၊ ဦးမြင့်ဝင်း-ဒေါ်ဇာဇာမြင့်၊ ဒေါ်ဝင်းဝင်းမြင့်၊ ဦးသိန်းကျော်သန်း-ဒေါ်တင်တင်နွဲ့၊ ဦးစန်းနိုင်ထွန်း-ဒေါ်စန္ဒာဝင်းတို့၏ချစ်လှစွာသောအစ်ကို၊ ကိုတင်ယု-မမေသန္တာသောင်း(ခေတ္တ-စင်ကာပူ)၊ မမေစန္ဒာသောင်း (Siam University Bangkok)၊ မမေနန္ဒာသောင်း(National Management Degree College)တို့၏ချစ်လှစွာသောဖခင်၊ ဒေါ်သန္တာအုန်း (သစ္စာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၉-၆-၂၀၁၆(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၀၉နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၆ (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၁၆(အင်္ဂါနေ့)တွင် ပိတောက်လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# လျှပ်စစ်ရထားပြေးဆွဲမှု ဇူလိုင် ၁ ရက်မှစ၍ ရပ်နားမည်

**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက် ပြေးဆွဲလျက်ရှိသည့် လျှပ်စစ်ရထား (TRAM) ပြေးဆွဲမှုကို ဇူလိုင် ၁ ရက်မှစတင်ကာ ရပ်နားတော့မည်ဖြစ်ကြောင်း ရန်ကုန်မြို့ရှိ မြန်မာ့မီးရထား(အောက်မြန်မာပြည်) ရုံးချုပ်၌ ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ပြောသည်။

လျှပ်စစ်ရထားပြေးဆွဲမှုရပ်ဆိုင်းရခြင်းမှာ ကမ်းနားလမ်းတစ်လျှောက် ကွန်တိန်နာကားများ အဝင်၊ အထွက်များသည့်အတွက် ပိတ်ဆို့မှုများ၊ ယာဉ်မတော်တဆမှုများဖြစ်ပေါ်နိုင်ခြင်း၊ လျှပ်စစ်ရထားစီးခရီးသည် တစ်နေ့တခြား နည်းပါးလာခြင်းတို့ကြောင့် ထိရောက်သည့် သယ်ယူပို့ဆောင်မှု မပြုလုပ်နိုင်သည့်အတွက် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖





# ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက နိုင်ငံတော်အစိုးရအနေဖြင့် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူသည့် ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းသည် ဗုဒ္ဓဘုရားရှင်က မိုးရေခံသင်္ကန်း တစ်နည်းအားဖြင့် ဝါဆိုသင်္ကန်း ဆက်ကပ်ရန် ဝိနည်းတော်နှင့်အညီ ခွင့်ပြုပေးတော်မူခဲ့သည်ကို လိုက်နာဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီအသီးသီးမှ စနစ်တကျ စီစဉ်ဆောင်ရွက်ပေးကြရန်နှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြဆွေးနွေးကြရန်လိုအပ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လစ်ဟင်းမှုမရှိစေရန် သက်ဆိုင်ရာကော်မတီ၊ ဆပ်ကော်မတီများအလိုက် စနစ်တကျစီမံခန့်ခွဲခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ကြရမည့်အပြင် ကြိုတင်ဇာတ်တိုက် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳

# ရတနာပုံနှင့်မကွေးအသင်း ကွာတားဖိုင်နယ်တက်ရောက်

**ရန်ကုန် ဇွန် ၂၉**

၂၀၁၆ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့် တတိယနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ကျင်းပသည်။

**သုဝဏ္ဏကွင်း**
**ရတနာပုံ-လေးဂိုး**
**Horizon -တစ်ဂိုး**

အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ရန် အလားအလာကောင်းနေသည့် ရတနာပုံအသင်းမှာ ရှုံးထွက်ပြိုင်ပွဲတွင်လည်း ရလဒ်ကောင်းရယူနိုင်ခဲ့ပြီး ဂိုးပြတ်နိုင်ပွဲနှင့်အတူ ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ Horizon အသင်းမှာ ကစားသမားအစုံအလင်ဖြင့် ကြိုးပမ်းခဲ့သော်လည်း ဒုတိယအဆင့်မှထွက်ခဲ့ရသည်။ **စာမျက်နှာ ၉ ကော်လံ ၅ သို့** ○




ရတနာပုံတိုက်စစ်မှူး မာတူနာ၏ ထိုးဖောက်မှုကို Horizon ဂိုးသမား ကာကွယ်နေစဉ်။

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded By : EUROMONEY
EUROMONEY AWARDS FOR EXCELLENCE 2015